# ကြေးမုံ

The Mirror Daily

၁၉၅၇ ခုနှစ် ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**သွားလေရာအရပ်၌**
**အပူဇော်ခံရ**

သဒ္ဓါတရားလည်းရှိ၊ သီလနှင့်လည်း ပြည့်စုံ၊ အခြံအရံလည်းများ၊ စည်းစိမ်ဥစ္စာလည်း ရှိသော သူသည် သွားလေရာအရပ်၌ အပူဇော်ခံရ၏။

ပကိဏ္ဏကဝဂ် (ဓမ္မပဒ - ၃၀၃)


၁၃၈၆ ခုနှစ်၊ နယုန်လပြည့်ကျော် ၇ ရက်၊ သောကြာနေ့။ Friday, 28 June 2024 ၁၁၅၀၂


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပ နိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာ အောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ် လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်း ငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ် ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက် ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှု ရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် အခမ်းအနားတက်ရောက်လာကြသူများ အနုပညာရှင်များ၏ သီဆိုကပြဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးစဉ်။

# မြန်မာနိုင်ငံလုံးဆိုင်ရာပညာရေးညီလာခံ(၂၀၂၄) ဂုဏ်ပြုညစာစားပွဲအခမ်းအနားကျင်းပ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်ချီးမြှင့်

နေပြည်တော် ဇွန် ၂၇

မြန်မာနိုင်ငံလုံးဆိုင်ရာပညာရေးညီလာခံ(၂၀၂၄) ဂုဏ်ပြုညစာစားပွဲအခမ်းအနားကို ယနေ့ညပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၂ ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်ချီးမြှင့်သည်။


စာမျက်နှာ ၃ ကော်လံ ၁ သို့ ✪



ယနေ့ ဖတ်စရာ

နိုင်ငံတော်သမ္မတ(ငြိမ်း)ဦးသိန်းစိန် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ ကျင်းပမည့် ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူကြီး(၅)ရပ် ချမှတ်ခဲ့သည့် နှစ်(၇၀)ပြည့် အထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်ရန် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ထွက်ခွာ စာမျက်နှာ » ၄

ဆွေမျိုးပေါက်ဖော်ချစ်ကြည်ရေး ငါးပါးသီလကို စောင့်ထိန်းခဲ့ကြသည့် တရုတ် - မြန်မာ ဆက်ဆံရေး ဆောင်းပါး စာမျက်နှာ » ၆

မြန်မာနိုင်ငံဘဏ်များသည် မြန်မာနိုင်ငံတော် ဗဟိုဘဏ်မှ ထုတ်ပြန်ထားရှိသည့် လမ်းညွှန်မှုများနှင့် အညီ စည်းမျဉ်းများကို လေးစားလိုက်နာ ဆောင်ရွက်လျက်ရှိ စာမျက်နှာ » ၈





ကြေးမုံ

# အမျိုးသားရေးတာဝန်ဖြင့် အရှိန်အဟုန်မြှင့် မူးယစ်တိုက်ဖျက်

မြန်မာနိုင်ငံသည် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံဖြစ်သည်နှင့်အညီ မူးယစ်ဆေးဝါး တားဆီးတိုက်ဖျက်ထိန်းချုပ်ရေးလုပ်ငန်းများကို အိမ်နီးချင်းနိုင်ငံများ၊ အာဆီယံနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများ၊ မဟာမဲခေါင်ဒေသခွဲနိုင်ငံများ၊ ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများ၊ နိုင်ငံတကာနှင့်နိုင်ငံတကာအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ တက်ကြွစွာဆောင်ရွက်လျက်ရှိပြီး မူးယစ်ဆေးဝါးထုတ်လုပ်သယ်ဆောင် ရောင်းဝယ်ဖောက်ကားသူများအား နေ့စဉ်နှင့်အမျှ ဖော်ထုတ်အရေးယူလျက်ရှိသည်ကို တွေ့ရမည်ဖြစ်သည်။

ခေတ်အဆက်ဆက် အစိုးရများက မူးယစ်ဆေးဝါးပြဿနာကို ဘုံရန်သူအဖြစ်သတ်မှတ်ပြီး အမျိုးသားရေးအသွင်ဖြင့် တိုက်ဖျက်နှိမ်နင်းလျက်ရှိသည်။ မျက်မှောက်ကာလတွင်လည်း မူးယစ်ဆေးဝါးများကို အရှိန်အဟုန်မြှင့်တင်တိုက်ဖျက်နှိမ်နင်းလျက်ရှိသည်။ မူးယစ်ဆေးဝါးပြဿနာကို အလေးထားတိုက်ဖျက်နှိမ်နင်းလျက်ရှိသော်လည်း လျော့ကျသွားခြင်းမရှိဘဲ နေ့စဉ်နှင့်အမျှ အမျိုးမျိုးအဖုံဖုံထုတ်လုပ်ဖြန့်ချိလျက်ရှိပြီး လက်ရှိကာလတွင် အကြမ်းဖက်အဖျက်လုပ်ငန်းများတွင်ပါ အသုံးချလာကြသည်ကို တွေ့ရှိရသည်။

ပြည်သူလူထုအတွင်း၌ မူးယစ်ဆေးဝါးအန္တရာယ်ကိုကြိုတင်ကာကွယ်ခြင်းသည် ဖြစ်မှတားဆီးခြင်းထက် ပိုမိုကောင်းမွန်သဖြင့် အသိပညာပေးလုပ်ငန်းများကို ယခုထက်ပိုမို ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်သွားခြင်းဖြင့် လူငယ်လူရွယ်များ အနာဂတ်ကို ကာကွယ်စောင့်ရှောက်ပေးရမည်ဖြစ်သည်။ မူးယစ်ဆေးဝါးဟူသည် တစ်ခါသုံးစွဲလိုက်သည်နှင့် စွဲမြဲသွားသည့်သဘောရှိသဖြင့် မူးယစ်ဆေးဝါးများ လက်ဝယ်ရောက်မလာရေး အလွန်အရေးကြီးပြီး မပြတ်မလပ်စောင့်ကြည့်ရေးကို အလေးထားဆောင်ရွက်ရမည်ဖြစ်သည်။ သံသယဖြစ်စရာအခြေအနေများ တွေ့ပါကလည်း အမျိုးသားရေးအသိဖြင့် ဆိုင်ရာသို့သတင်းပေးပို့ရန်လိုအပ်သည်။

ယခုအခါ ထူးထွေဆန်းပြားသော မူးယစ်ဆေးဝါးများ ပြည်သူလူထုကြားသို့ ရောက်ရှိနေသည်ကို သတိပြုရမည်ဖြစ်သည်။ ပျော်ရွှင်မှု၊ တက်ကြွမှုနှင့် စိတ်ခံစားချက်ကို ပြင်းထန်စေသော မူးယစ်ဆေးဝါးအသစ်အဆန်းများသည် လူငယ်လူရွယ်များအား အလွယ်တကူဖမ်းစားနိုင်သော ပစ္စည်းများဖြစ်သည်ကို သတိပြုရမည်ဖြစ်သည်။ နောက်ပေါ်စိတ်ကြွဆေးအမျိုးမျိုးဖြစ်သည့် K ကတ်တမင်း၊ E အက်စ်တာဆီ၊ ICE မက်သာဖက်တမင်း၊ HAPPY WATER ကတ်တမင်း၊ အမ်ဖက်တမင်း၊ ကဖိန်း၊ အက်စ်တာဆီ၊ ဒိုင်ယာဇီပင်၊ ထရာမထောစသည့် မူးယစ်ဆေးဝါးများ လူငယ်ထုကြားတွင် အလွယ်တကူထိုးဖောက်ဝင်ရောက်လာနေသည်ကို သတိပြုရမည်ဖြစ်သည်။

မူးယစ်ဆေးဝါးပြဿနာသည် ကမ္ဘာတစ်ဝန်းရှိသန်းပေါင်းများစွာသော လူမှုဘဝများကို ဆိုးရွားစွာထိခိုက်နေသည်။ အထူးသဖြင့် လူငယ်လူရွယ်များကို လူညွန့်တုံးအောင် ပြုလုပ်နေသည်။ မူးယစ်ဆေးဝါးသုံးစွဲမှုကြောင့် ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးကို များစွာထိခိုက်စေပြီး ကမ္ဘာနှင့်တစ်ဝန်း လူသားအရင်းအမြစ်များ ဆုံးရှုံးမှုဖြစ်ပေါ်နေသည်။ ထို့အပြင် မူးယစ်ဆေးဝါး ထုတ်လုပ်သယ်ဆောင်ရောင်းဝယ်မှုမှ ငွေကြေးခဝါချမှု၊ အကြမ်းဖက်မှု စသည့်နိုင်ငံဖြတ်ကျော်မှုခင်းများအထိ ဖြစ်ပေါ်လာသည်။ ယခုအခါ နိုင်ငံတော်လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ကိုပါ ထိခိုက်လျက်ရှိသည်။

မူးယစ်ဆေးဝါးထုတ်လုပ်ရန်အတွက် အဓိကလိုအပ်သည့် ဓာတုပစ္စည်းများ မြန်မာနိုင်ငံတွင် ထုတ်လုပ်နိုင်ခြင်းမရှိပေ။ အချို့တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအနေဖြင့် မူးယစ်ဆေးဝါးနှင့်ပတ်သက်ခြင်းမရှိကြောင်း ပြောကြသော်လည်း ဖွံ့ဖြိုးပြီးအိမ်နီးချင်းနိုင်ငံများမှ နယ်စပ်ဖြတ်ကျော်ဝင်ရောက်လာသည့် ဓာတုပစ္စည်းများနှင့် ပြည်ပဓာတုကျွမ်းကျင်ပညာရှင်များပူးပေါင်းပြီး မူးယစ်ဆေးဝါးများ ထုတ်လုပ်နေသည်ဟု သိရသည်။ နိုင်ငံတော်အစိုးရက မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်နေချိန်တွင် မူးယစ်ဆေးဝါးဖြင့် အင်အားတောင့်တင်းလာသော အကြမ်းဖက်သောင်းကျန်းသူများက မြို့ရွာများကို ဖျက်ဆီးခြင်း၊ အင်အားတိုးချဲ့ခြင်း၊ တိုင်းရင်းသားဒေသများ မတည်မငြိမ်ဖြစ်အောင် ဆောင်ရွက်ခြင်း၊ လူမှုစီးပွားနိမ့်ကျပျက်စီးအောင် ပြုလုပ်ခြင်းတို့ လုပ်ဆောင်လျက်ရှိသည်။

လမ်းပန်းဆက်သွယ်မှု မပြတ်တောက်စေရေး၊ ဒေသတည်ငြိမ်အေးချမ်းရေး၊ သောင်းကျန်းသူများ မူးယစ်ဆေးဝါးသယ်ဆောင်ရောင်းဝယ်မှုများကို တားဆီးနှိမ်နင်းရေးနှင့် လက်နက်ခဲယမ်းသယ်ဆောင်မှုများကိုပါ တားဆီးနိုင်ရေးအတွက် ငြိမ်းချမ်းရေးကိုလိုလားသည့် တိုင်းရင်းသားအဖွဲ့များ၊ တပ်မတော်သားများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ ပူးပေါင်းလက်တွဲကာ အရှိန်အဟုန်မြှင့်တင် ဟန့်တားတိုက်ဖျက်လျက်ရှိသည်။ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးနှင့် အထူးစစ်ဆင်ရေးများကို ၂၀၁၃ ခုနှစ်မှ ယခု ၂၀၂၄ ခုနှစ်အထိ အကြိမ်ပေါင်း ၄၀ ဆောင်ရွက်နိုင်ခဲ့သည်။

သို့ဖြစ်ရာ နိုင်ငံတော်နှင့် လူမှုစီးပွားဘဝကို ဖျက်ဆီးနေသည့် မူးယစ်ဆေးဝါးအန္တရာယ်သည် ပြည်ထောင်စုတစ်ဝန်း တည်ငြိမ်အေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေး၊ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးနှင့် လမ်းပန်းဆက်သွယ်ရေးတို့ကိုပါ အဟန့်အတားဖြစ်စေလျက်ရှိသဖြင့် နိုင်ငံတော်အစိုးရအနေဖြင့် နည်းလမ်းအသွယ်သွယ်ဖြင့် အရှိန်အဟုန်မြှင့်တင် တိုက်ဖျက်နှိမ်နင်းလျက်ရှိရာ တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံးကလည်း အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် လက်တွဲပူးပေါင်းကူညီတိုက်ဖျက်ကြပါရန် လေးစားစွာဖြင့် တိုက်တွန်းပါကြောင်း။ ။




## ကျိုက်ထိုမြို့နယ်၌ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ မတည်ထောက်ပံ့ပေးအပ်ပွဲ ပြုလုပ်

ကျိုက်ထို ဇွန် ၂၇

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်တွင် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျိုက်ထိုမြို့နယ် သမဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွက် အခြေခံသမဝါယမအသင်း သုံးသင်းအား နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ မတည်ထောက်ပံ့ပေးအပ်ပွဲကို ဇွန် ၂၇ ရက် နံနက် ၁၀ နာရီတွင် ကျိုက်ထိုမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်နိုင်ငံ့စီးပွားမြှင့်တင်ရေး မတည်ရန်ပုံငွေစီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးတင့်လွင်က အမှာစကားပြောကြားသည်။ ထို့နောက် မြို့နယ်နိုင်ငံ့စီးပွားမြှင့်တင်ရေး မတည်ရန်ပုံငွေ စီမံခန့်ခွဲမှုကော်မတီ အတွင်းရေးမှူး မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးဝင်းမိုလ်နှင့် မြို့နယ်သမဦးစီးအရာရှိ ဒေါ်အေးအေးမိုးတို့က ရန်ပုံငွေပေးအပ်သည့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့ကြပြီး တာဝန်ရှိသူများက အခြေခံသမအသင်း သုံးသင်းအား မတည်ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြသည်။

အဆိုပါ အခမ်းအနားတွင် အခြေခံသမအသင်း သုံးသင်းအား တစ်သင်းလျှင် ငွေကျပ် ၃၁၇၆၄၀၀၀ ဖြင့် အသင်း သုံးသင်းအတွက် ငွေကျပ် ၉၅၂၉၂၀၀၀ ကို ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## အလုံမြို့နယ်၌ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွက် နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာအစည်းအဝေးနှင့် အမှုဆောင်သစ်ရွေးချယ်ပွဲ ကျင်းပ

ရန်ကုန် ဇွန် ၂၇

ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ် အောင်ဇေယျရောင်းဝယ်ရေးသမဝါယမအသင်း လီမိတက်၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွက် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာအစည်းအဝေး နှင့် အမှုဆောင်သစ်ရွေးချယ်ပွဲအခမ်းအနားကို ဇွန် ၂၆ ရက်က အဆိုပါအသင်းရုံးခန်းမ၌ ကျင်းပခဲ့သည်။

ထို့နောက် အသင်းသား ၂၀၈ ဦးတို့အား ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွက် အသင်းသားများ၏ စုဆောင်းငွေပေါ်အတိုး အစုပေါ်အမြတ်တို့အတွက် ငွေကျပ် ၄၉၉၀၉၅၀ ကို ထုတ်ပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

**နိုင်ငံ့ဝန်ထမ်း များအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၂၇ - ၆ -၂၀၂၄

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉,၁၀၀ | ၉,၁၀၀ | ၁,၂၈၀ | ၁၁,၆၄၈,၀၀၀ |
| MTSH | ၃,၃၅၀ | ၃,၄၀၀ | ၃,၇၁၆ | ၁၂,၄၅၂,၁၀၀ |
| MCB | ၈,၃၀၀ | ၈,၃၀၀ | ၇ | ၅၈,၁၀၀ |
| FPB | ၁,၇၅၀ | ၁,၇၅၀ | ၉,၅၁၅ | ၁၆,၆၅၁,၂၅၀ |
| TMH | ၂,၇၅၀ | ၂,၈၅၀ | ၁၇၆ | ၄၈၉,၂၀၀ |
| EFR | ၁,၉၀၀ | ၁,၉၅၀ | ၆၄၀ | ၁,၂၃၂,၅၅၀ |
| AMATA | ၄,၈၀၀ | ၄,၈၀၀ | ၂၆၀ | ၁,၂၄၈,၀၀၀ |
| MAEX | ၃,၄၀၀ | ၃,၄၀၀ | ၁,၂၁၈ | ၄,၁၄၁,၂၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဥ
ဘာသာပြန် စာတည်းများ - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး ဒေါ်ခိုင်သန္တာရွှေ
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်မြသီတာနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးခိုင်ဝင်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် သီဆိုကပြဖျော်ဖြေတင်ဆက်ခဲ့ကြသည့် အနုပညာရှင်များအား ဂုဏ်ပြုပန်းခြင်းနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်စဉ်။

✪ ရှေ့ဖုံးမှ

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့်ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ပါမောက္ခချုပ်များနှင့် ကျောင်းအုပ်ကြီးများ၊ ဝန်ကြီးဌာနများမှ တာဝန်ရှိသူများ၊ စာတမ်းရှင်များနှင့် ဆရာ ဆရာမများ တက်ရောက်ကြသည်။

ဦးစွာ မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံ(၂၀၂၄) ကျင်းပရေးဦးစီးကော်မတီ အတွင်းရေးမှူး ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေက မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံ(၂၀၂၄) အောင်မြင်စွာ ကျင်းပနိုင်ခဲ့မှုနှင့် ပတ်သက်၍ ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနနှင့် ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက်ရှိ မြဝတီရုပ်မြင်သံကြားတို့မှ အနုပညာရှင်များက ယိမ်းအကများ၊ တေးသီချင်းများ၊ ကျောင်းသီချင်းများ ပေါင်းစပ်တစ်ခန်းရပ်အစီအစဉ်၊ အကအလှများ၊ တေးသရုပ်ဖော်အကများဖြင့် သီဆိုကပြ ဖျော်ဖြေတင်ဆက်ကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနား တက်ရောက်လာကြသူများက ကြည့်ရှုအားပေးကြသည်။

ဂုဏ်ပြုညစာစားပွဲ အခမ်းအနားအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ကပြဖျော်ဖြေခဲ့ကြသည့် ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနနှင့် ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက်ရှိ မြဝတီရုပ်မြင်သံကြားတို့မှ အနုပညာရှင်များအား ဂုဏ်ပြုပန်းခြင်းနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ပြီး ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



မြန်မာနိုင်ငံလုံးဆိုင်ရာပညာရေးညီလာခံ(၂၀၂၄) ဂုဏ်ပြုညစာစားပွဲအခမ်းအနားတွင် အနုပညာရှင်များက သီဆိုကပြဖျော်ဖြေတင်ဆက်ကြစဉ်။



မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံ(၂၀၂၄)ကျင်းပရေးဦးစီးကော်မတီအတွင်းရေးမှူး ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေက ကျေးဇူးတင်စကားပြောကြားစဉ်။

# မွန်ပြည်နယ်ရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအား စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်



**နေပြည်တော် ဇွန် ၂၇**

မွန်ပြည်နယ်ရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအား တွေ့ဆုံပွဲကို ယနေ့မွန်းလွဲပိုင်းတွင် အရှေ့တောင်တိုင်းစစ်ဌာနချုပ် အောင်ဆန်းခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်လင်းမောင်နှင့် အဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ တက်ရောက်ကြသည်။

**ပေးအပ်**

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၏ တင်ပြချက်များကို လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးကာ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူသည်။

ဆက်လက်၍ နယ်မြေခံဆေးကုသရေးအဖွဲ့က စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအား လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးနေမှုများကို တိုင်းမှူးနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံတော်သမ္မတ(ငြိမ်း) ဦးသိန်းစိန် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ ကျင်းပမည့် ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး မူကြီး(၅)ရပ် ချမှတ်ခဲ့သည့် နှစ်(၇၀)ပြည့် အထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်ရန် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ထွက်ခွာ



နေပြည်တော် ဇွန် ၂၇

တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရ၏ ဖိတ်ကြားချက်အရ နိုင်ငံတော်သမ္မတ(ငြိမ်း) ဦးသိန်းစိန်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ ကျင်းပမည့် ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူကြီး(၅)ရပ် ချမှတ်ခဲ့သည့် နှစ် (၇၀) ပြည့် အထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်ရန် ယနေ့နံနက် ၈ နာရီတွင် နေပြည်တော်မှ အထူးလေယာဉ်ဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ထွက်ခွာသွားသည်။

မြန်မာကိုယ်စားလှယ်အဖွဲ့အား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးဝဏ္ဏမောင်လွင်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံးဝန်ကြီးဌာန(၂) ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလွင်ဦး၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာချန်းဟိုင်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိကြီးများက နေပြည်တော်လေဆိပ်၌ လိုက်လံပို့ဆောင်နှုတ်ဆက်ကြသည်။

နိုင်ငံတော်သမ္မတ(ငြိမ်း) ဦးသိန်းစိန်နှင့်အတူ မြန်မာနိုင်ငံ မဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးအဖွဲ့ဥက္ကဋ္ဌ ဦးသန့်ကျော်၊ မြန်မာ-တရုတ် ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ ဦးတင်ဦး၊ ဦးနု-ဒေါ်မြရီဖောင်ဒေးရှင်းဥက္ကဋ္ဌ ဒေါ်သန်းသန်းနုနှင့် တာဝန်ရှိသူများ လိုက်ပါသွားကြကြောင်း သိရသည်။ **သတင်းစဉ်**

# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ အိန္ဒိယပြည်ပရေးရာဝန်ကြီးနှင့် နယူးဒေလီမြို့၌ နှစ်နိုင်ငံ သီးခြားတွေ့ဆုံ



ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ အိန္ဒိယပြည်ပရေးရာဝန်ကြီး ဒေါက်တာအက်စ်ဂျိုင်ရှန်ကာအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။



ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ရောက်ရှိစဉ်။

နယူးဒေလီ ဇွန် ၂၇

အာရှပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ဆွေးနွေးပွဲအဖွဲ့ (အေစီဒီ)၏ (၁၉)ကြိမ်မြောက် နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးသို့ ပါဝင်တက်ရောက်ခဲ့သည့် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် ခရီးစဉ်ဒုတိယပိုင်းအဖြစ် ဇွန် ၂၅ ရက်က အီရန်နိုင်ငံ တီဟီရန်မြို့မှ အိန္ဒိယနိုင်ငံ နယူးဒေလီမြို့သို့ ဆက်လက်ထွက်ခွာလာရာ ဇွန် ၂၆ ရက် နံနက်ပိုင်းတွင် နယူးဒေလီမြို့သို့ ရောက်ရှိသည်။

ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် နယူးဒေလီမြို့သို့ ရောက်ရှိစဉ်အတွင်း အဆိုပါမြို့ရှိ မြန်မာသံရုံး၏ ရုံးလုပ်ငန်းဆောင်ရွက်မှုများကို ကြည့်ရှုစစ်ဆေးသည်။

ဇွန် ၂၆ ရက် ဒေသစံတော်ချိန် မွန်းလွဲ ၃ နာရီခွဲတွင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် အိန္ဒိယနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးမိုးကျော်အောင်၊ မြန်မာကိုယ်စားလှယ်အဖွဲ့ဝင်များနှင့်အတူ အိန္ဒိယပြည်ပရေးရာဝန်ကြီး ဒေါက်တာအက်စ်ဂျိုင်ရှန်ကာနှင့် နယူးဒေလီမြို့ရှိ အိန္ဒိယနိုင်ငံခြားရေးဝန်ကြီးဌာန၌ နှစ်နိုင်ငံသီးခြားတွေ့ဆုံဆွေးနွေးသည်။

အိန္ဒိယပြည်ပရေးရာဝန်ကြီးနှင့် တွေ့ဆုံစဉ် မြန်မာနှင့် အိန္ဒိယနိုင်ငံတို့အကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးတက်ခိုင်မာစေရေး၊ တရားမဝင်မူးယစ်ဆေးဝါးနှင့် လက်နက်ရောင်းဝယ်ဖောက်ကားမှုများ၊ လူကုန်ကူးမှုများ တိုက်ဖျက်ရေး စသည့်ကဏ္ဍများတွင် နှစ်နိုင်ငံအပြန်အလှန်ပူးပေါင်းဆောင်ရွက်မှုများမြှင့်တင်ရေး၊ အေစီဒီနှင့် ဘင်းမ်စတက်မျက်နှာစာတွင် ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားရေးကိစ္စရပ်များအပေါ် ခင်မင်ရင်းနှီးစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

ထို့ပြင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည်ပြည်ပရေးရာဝန်ကြီးအဖြစ် ဆက်လက်ခန့်အပ်ခြင်းခံရသည့်အတွက် ဂုဏ်ယူဝမ်းမြောက်ကြောင်းကိုလည်း ထည့်သွင်းပြောကြားခဲ့သည်။

ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ဇွန် ၂၇ ရက် ညပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။ **သတင်းစဉ်**

# ထိုင်းနိုင်ငံ အထက်လွှတ်တော်ရွေးချယ်ပွဲလေ့လာစောင့်ကြည့်ရေးအစီအစဉ်သို့ သွားရောက်လေ့လာခဲ့သည့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ကိုယ်စားလှယ်အဖွဲ့ ပြန်လည်ရောက်ရှိ



နေပြည်တော် ဇွန် ၂၇

ထိုင်းနိုင်ငံ ရွေးကောက်ပွဲကော်မရှင်ရုံးအထွေထွေအတွင်းရေးမှူးချုပ်၏ ဖိတ်ကြားချက်အရ ဇွန် ၂၄ ရက်မှ ၂၇ ရက်အထိ ထိုင်းနိုင်ငံ အထက်လွှတ်တော်ရွေးချယ်ပွဲ (Thai Senate Selection) လေ့လာစောင့်ကြည့်ရေး အစီအစဉ်သို့ သွားရောက်ခဲ့သည့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးမြင့်ဦးနှင့် ဦးခင်မောင်ဦးတို့သည် ယနေ့ညနေ ၅ နာရီ ၂၅ မိနစ်တွင် ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိရာ ရန်ကုန်တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲမှ တာဝန်ရှိသူများက လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

လေ့လာစောင့်ကြည့်ရေး ခရီးစဉ်အတွင်း ကိုယ်စားလှယ်အဖွဲ့သည် ဇွန် ၂၅ ရက်က Asawin Grand Convention Hotel၌ကျင်းပသော အထက်လွှတ်တော်ရွေးချယ်ပွဲဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများနှင့် ရွေးချယ်ပွဲဆိုင်ရာပြစ်မှုများ ရှင်းလင်းဆွေးနွေးခြင်း အခမ်းအနားသို့ တက်ရောက်ပြီး ဇွန် ၂၆ ရက်တွင် IMPACT Forum Convention Centre ၌ ကျင်းပသော နိုင်ငံအဆင့် အထက်လွှတ်တော် ကိုယ်စားလှယ်ရွေးချယ်မှု လုပ်ငန်းစဉ်အဆင့်ဆင့်ကို လေ့လာစောင့်ကြည့်ခြင်းတို့ ဆောင်ရွက်ကာ လေ့လာရေးခရီးစဉ်သို့တက်ရောက်လာသည့် နိုင်ငံတကာ ရွေးကောက်ပွဲကော်မရှင်၊ အဖွဲ့အစည်းအသီးသီးတို့မှ တာဝန်ရှိသူများနှင့် အမြင်ချင်းဖလှယ်ခွင့်များ ရရှိခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# အုပ်ချုပ်ရေး၊ အခြေခံအဆောက်အဦနှင့် ကုန်သွယ်ရေး၊ ပညာရေး၊ လူမှုရေး အစရှိသည့် နယ်ပယ်အသီးသီးတွင် ဒီဂျစ်တယ်အသွင်ကို ဟန်ချက်ညီညီ ကူးပြောင်းဆောင်ရွက်ကြခြင်းအားဖြင့် နိုင်ငံ၏ Digital Economy ကို ဖွံ့ဖြိုးတိုးတက်လာစေနိုင်

နေပြည်တော် ဇွန် ၂၇

ဒီဂျစ်တယ် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီ၏ ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၁/၂၀၁၉)ကို ယနေ့နံနက်ပိုင်းတွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ရုံးအမှတ်(၃) ညီလာခံခန်းမ၌ ကျင်းပရာ ဒီဂျစ်တယ်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီနာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး တက်ရောက်အမှာစကားပြောကြားသည်။



ဒီဂျစ်တယ်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီနာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး ဒီဂျစ်တယ်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီ၏ ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၁/၂၀၁၉)တွင် အမှာစကားပြောကြားစဉ်။

အစည်းအဝေးသို့ ဒီဂျစ်တယ်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကော်မတီဥက္ကဋ္ဌ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ၊ ကော်မတီအဖွဲ့ဝင်များ၊ ဆပ်ကော်မတီငါးခုမှ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများ၊ DEDC joint Task Force မှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ဒီဂျစ်တယ်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ကော်မတီနာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့်ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးက ဒီဂျစ်တယ်နည်းပညာကို အကျိုးရှိရှိ အသုံးပြုပြီး အုပ်ချုပ်ရေး၊ အခြေခံ အဆောက်အဦနှင့် ကုန်သွယ်ရေး၊ ပညာရေး၊ လူမှုရေး အစရှိသည့် နယ်ပယ်အသီးသီးတွင် ဒီဂျစ်တယ်အသွင်ကို ဟန်ချက်ညီညီ ကူးပြောင်းဆောင်ရွက်ကြခြင်းအားဖြင့် နိုင်ငံ၏ Digital Economy ကို ဖွံ့ဖြိုးတိုးတက်လာစေပြီး The Global Value Chain ဟုခေါ်သည့် ကမ္ဘာလုံးဆိုင်ရာ တန်ဖိုးကွင်းဆက်ကို ချိတ်ဆက်တိုးတက်လာနိုင်မည် ဖြစ်ပါကြောင်း။

Digital Transformation လုပ်ငန်းများ အောင်မြင်ရန်အတွက် လူ့စွမ်းအားအရင်းအမြစ် (Human Capital)ကို ပြုစုပျိုးထောင်ပေးရန် အလွန်အရေးကြီးကြောင်း၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုစီးပွားရေးကဏ္ဍစုံကို Digital Transformation ဆောင်ရွက်ခြင်းဖြင့် မြန်မာ့ဒီဂျစ်တယ်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို တက်လှမ်းနိုင်မည်ဖြစ်ပါကြောင်း၊ မြန်မာ့ဒီဂျစ်တယ်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်စေမည့် မြန်မာဒီဂျစ်တယ် စီးပွားရေးလမ်းပြမြေပုံ ၂၀၃၀ (အပြီးသတ်မူကြမ်း) (Myanmar Digital Economy Roadmap 2030) (Final Draft)ကို ယနေ့အစည်းအဝေးတွင် အတည်ပြုနိုင်ရေး ဆွေးနွေးသွားမည်ဖြစ်ပြီး ရှေ့လုပ်ငန်းစဉ်များဖြင့် DEDC ကော်မတီ၏ လုပ်ငန်းရပ်များ ပိုမိုထိရောက် အောင်မြင်စွာ အကောင်အထည်ဖော်နိုင်စေရေး အခြားအကြံပြု လိုသည်များကိုလည်း ပွင့်လင်းစွာတင်ပြပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ဒီဂျစ်တယ်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကော်မတီဥက္ကဋ္ဌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံက ယခင်က ရေးဆွဲခဲ့သည့် မြန်မာဒီဂျစ်တယ်စီးပွားရေး လမ်းပြမြေပုံအား နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ၏ ဦးတည်ချက်(၉)ရပ်ပါ စီးပွားရေးဦးတည်ချက် (၃)ရပ်နှင့် အညီဖြစ်စေရေး၊ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (World Trade Organization-WTO) နှင့် ဒေသတွင်းအာဆီယံတို့တွင် ဆွေးနွေးညှိနှိုင်းလျက်ရှိသည့် E-Commerce & Digital Economy ဆိုင်ရာ ကတိကဝတ်များနှင့် ကိုက်ညီစေရေး၊ အကောင်အထည်ဖော်ဆောင်ရွက်ရမည့် Action Plan များကို ခေတ်ကာလနှင့်အညီ လက်တွေ့တွင် အမှန်တကယ် ထိရောက်စွာ အကောင်အထည်ဖော်နိုင်မည့် လုပ်ငန်းစဉ်များဖြစ်စေရေးအတွက် ပြန်လည်ပြင်ဆင်၍ မြန်မာဒီဂျစ်တယ်စီးပွားရေးလမ်းပြမြေပုံ ၂၀၃၀ (အပြီးသတ်မူကြမ်း) (Myanmar Digital Economy Roadmap 2030 - Final Draft)အဖြစ် ရေးဆွဲထားပြီးဖြစ်ပါကြောင်းနှင့် အဆိုပါလမ်းပြမြေပုံပါ လုပ်ငန်းရပ်များကို သက်ဆိုင်ရာ လုပ်ငန်းကော်မတီများအလိုက် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန်နှင့် လုပ်ငန်းကော်မတီများအလိုက် လက်ရှိဆောင်ရွက်နေမှုအခြေအနေများ၊ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများကို ဆွေးနွေး တင်ပြစေလိုကြောင်း ပြောကြားသည်။

ယင်းနောက် ဒီဂျစ်တယ်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ကော်မတီလက်အောက်ရှိလုပ်ငန်းကော်မတီငါးခုတို့မှ တာဝန်ရှိသူများက သက်ဆိုင်ရာ လုပ်ငန်းကော်မတီအလိုက် ယခင်အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှု၊ လက်ရှိ အကောင်အထည်ဖော် ဆောင်ရွက်နေသည့် လုပ်ငန်းများ၊ ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများနှင့် ပြန်လည်သုံးသပ်ပြင်ဆင်ရေးဆွဲထားသည့်မြန်မာဒီဂျစ်တယ်စီးပွားရေးလမ်းပြမြေပုံ ၂၀၃၀ (အပြီးသတ်မူကြမ်း)နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ အစည်းအဝေးသို့ တက်ရောက် လာကြသူများက ဒီဂျစ်တယ်စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရန်အတွက် ဆောင်ရွက်နေမှု အခြေအနေများကို သက်ဆိုင်ရာ ကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြရာ ကော်မတီနာယက က ဖြည့်စွက်ဆွေးနွေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ဒီဂျစ်တယ်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ကော်မတီနာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးက နိဂုံးချုပ်အမှာစကားပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

အစည်းအဝေးတွင် ပြန်လည်သုံးသပ်ပြင်ဆင်ရေးဆွဲထားသည့် မြန်မာဒီဂျစ်တယ်စီးပွားရေး လမ်းပြမြေပုံ ၂၀၃၀ (အပြီးသတ်မူကြမ်း) (Myanmar Digital Economy Roadmap 2030- Final Draft) ကို Living Document အဖြစ် အတည်ပြုနိုင်ရေး ဆောင်ရွက်သွားရန်နှင့် ဒီဂျစ်တယ်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ကော်မတီ၏ ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ချမှတ်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးလှမိုး မန္တလေးတိုင်းဒေသကြီးအတွင်း နို့နှင့် နို့ထွက်ပစ္စည်းထုတ်လုပ်ရေးလုပ်ငန်းများ ပိုမိုအောင်မြင်ရေး ကွင်းဆင်းဆောင်ရွက်

နေပြည်တော် ဇွန် ၂၇

မန္တလေးတိုင်းဒေသကြီးအတွင်း နို့နှင့် နို့ထွက်ပစ္စည်းထုတ်လုပ်ရေးလုပ်ငန်းများ ပိုမိုအောင်မြင်အောင်ဆောင်ရွက်နိုင်ရန်အတွက် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးသည် ညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့ ကြက်မင်းတွန်ရပ်ကွက်ရှိ PEP နို့ထွက်ပစ္စည်းထုတ်လုပ်ရေးကုမ္ပဏီနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်နေသည့် ထွန်း နို့နှင့် နို့ထွက်ပစ္စည်းထုတ်လုပ်ရေးစက်ရုံသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။



ထိုသို့ ကြည့်ရှုစဉ် ပြည်ထောင်စုဝန်ကြီးက မိမိတို့ဝန်ကြီးဌာနအနေဖြင့်လည်း တောင်သူများ သမဝါယမနစ်ဖြင့် မွေးမြူနိုင်ရေး လိုအပ်သည့် မျိုးကောင်းမျိုးသန့်များ၊ အစာများရရှိရေး သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထွက်ရှိလာသော ကုန်ကြမ်းများကို နို့ထွက်ပစ္စည်းထုတ်လုပ်သည့် စက်ရုံများနှင့် ချိတ်ဆက်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ စက်ရုံအနေဖြင့် ဈေးနှုန်းသက်သာပြီး ကျန်းမာရေးနှင့် ညီညွတ်သော နို့ထွက်ပစ္စည်းများ ပြည်သူများ စားသုံးနိုင်ရေး ဦးတည်ဆောင်ရွက်သွားရန် လိုအပ်ကြောင်းမှာကြားပြီး စက်ရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ကျောက်ဆည်မြို့ ရဲစုရပ်ကွက်ရှိ မြဘုရင် နို့နှင့် နို့ထွက်ပစ္စည်းထုတ်လုပ်ရေးစက်ရုံသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး မိတ္ထီလာဒေသသည် နို့စားနွား မွေးမြူ၍ နို့နှင့် နို့ထွက်ပစ္စည်းများ ထုတ်လုပ်ရင်းနှီးမြှုပ်နှံရန် သင့်တော်သည့်ဒေသဖြစ်ပြီး စီးပွားရေး၊ ကုန်သွယ်ရေးအတွက်လည်း အချက်အချာကျသောဒေသဖြစ်ကြောင်း၊ လိုအပ်သော Feasibility Survey ပြုလုပ်ပြီးမွေးမြူခြင်း၊ ထုတ်လုပ်ခြင်းတို့ကို သမဝါယမစနစ်ဖြင့် လုပ်ငန်းရှင်များ၊ အသင်းသားတောင်သူများနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရေး စီမံချက်ရေးဆွဲ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားကာ လုပ်ငန်းလိုအပ်ချက်များအပေါ် ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် မိတ္ထီလာမြို့ ကျီတော်ကုန်းရပ်ကွက်ရှိ လုပ်ငန်းရှင် ဦးဝင်းညွန့်အောင်၏ နို့စိမ်းထုတ်လုပ်ရေးလုပ်ငန်းဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုအားပေးပြီး မွေးမြူရေးကဏ္ဍကုန်ထုတ်လုပ်ငန်းများ ပိုမိုတိုးတက်လာရေး၊ နို့နှင့်နို့ထွက်ပစ္စည်း ထုတ်လုပ်ခြင်းအပြင် အေးခဲအသားထုတ်လုပ်နိုင်ရေးအတွက် မိမိတို့ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများ ပူးပေါင်းချိတ်ဆက်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြောကြားပြီး လုပ်ငန်းလိုအပ်ချက်များအပေါ် ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် မိတ္ထီလာမြို့နယ် စက်ပစ်တောင်ကျေးရွာရှိ စက်ပစ်တောင် နို့စားနွားမွေးမြူရေးသမဝါယမအသင်းသို့ သွားရောက်၍ နို့စားနွားမွေးမြူရေးလုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး နို့နှင့်နို့ထွက်ပစ္စည်းများကို တန်ဖိုးမြှင့်စားသောက်ကုန်အဖြစ် ထုတ်လုပ်ရောင်းချနိုင်ရေး စီစဉ်ဆောင်ရွက်ကြရန်၊ စိုက်ပျိုးမွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး သမဝါယမအသင်းစုအနေဖြင့် လိုအပ်သည့် အရင်းအနှီးများ ပံ့ပိုးဆောင်ရွက်ပေးသွားရန်၊ နို့စားနွားများ မွေးမြူရာတွင် မိရိုးဖလာစနစ်မွေးမြူခြင်းထက် စနစ်ကျနသည့် မွေးမြူခြင်းစနစ်ဖြင့် မွေးမြူကြရန်နှင့် လိုအပ်သည့် ကာကွယ်ဆေးများကို စနစ်တကျထိုးနှံကြရန် ဆွေးနွေးမှာကြားပြီး အသင်းသား တောင်သူများ၏ တင်ပြချက်များအပေါ် ညှိနှိုင်းပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးကာ နို့စားနွားများမွေးမြူထားမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

(၂၉-၆-၂၀၂၄ ရက်နေ့တွင် ကျရောက်သော"တရုတ် -မြန်မာ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူကြီးငါးရပ်" ထုတ်ပြန်ခဲ့သည့် နှစ်(၇၀)ပြည့်အထိမ်းအမှတ်ကို ဂုဏ်ပြုလျက်)

# ဆွေမျိုးပေါက်ဖော်ချစ်ကြည်ရေး ငါးပါးသီလကို စောင့်ထိန်းခဲ့ကြသည့် တရုတ် - မြန်မာ ဆက်ဆံရေး

- - - - - ဒေါက်တာမောင်သင်း - - - - -

"အိမ်နီးချင်းထက် စိတ်ချရတဲ့ မိတ်ဆွေနိုင်ငံဆိုတာမရှိပါဘူး။ အိမ်နီးချင်းဆိုတာ အရင်းအနှီးဆုံးနိုင်ငံဖြစ်ရမယ်။ အိမ်နီးချင်းကောင်းပဲဖြစ်ရမယ်။ နိုင်ငံအားလုံးနဲ့ အိမ်နီးနားချင်း ငါးနိုင်ငံနဲ့ ချစ်ကြည်အောင် ဆောင်ရွက်ပါတယ်။ တရုတ်နဲ့ မြန်မာကလည်း ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူကြီး (၅) ရပ်ကို ကမ္ဘာမှာစပြီး လက်မှတ်ရေးထိုးခဲ့တဲ့ နိုင်ငံတွေဖြစ်တယ်"

ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်

အထက်ပါ **"သမိုင်းဝင် နှစ်နိုင်ငံ ချစ်ကြည်ရေးမြွက်ကြားချက်များ"** ကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ၂၀၂၃ ခုနှစ် မေလ ၂၀ ရက်နေ့တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ Phoenix ရုပ်သံအဖွဲ့၏ အင်တာဗျူး၌ မြွက်ကြားခဲ့ခြင်းဖြစ်ပါသည်။ နိုင်ငံတော်အကြီးအကဲ၏ ပြောကြားချက်သည် **"မြန်မာ့စိတ်ရင်းဖြစ်သည့် အိမ်နီးချင်းနိုင်ငံများအပေါ် ထားရှိရမည့် သဘောထားနှင့် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး မူကြီး(၅)ရပ်ကို စတင်လက်မှတ်ရေးထိုးစဉ်ကတည်းကနှင့် ယနေ့တိုင်အောင် လိုက်နာခဲ့ကြောင်း"**ကို ဖော်ညွှန်းသည်ဟု မြင်မိပါသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ သမ္မတကြီးကျန်ဇီမင်းကလည်း ၁၉၉၆ ခုနှစ်က နိုင်ငံတော်အကြီးအကဲဖြစ်သူ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်ခဲ့စဉ် **"မြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့သည် လွန်ခဲ့သော နှစ်ပေါင်း ၂၀၀၀ ကျော်ကပင် တစ်နိုင်ငံနှင့်တစ်နိုင်ငံ ချစ်ကြည်ရင်းနှီးစွာ ကူးလူးဆက်ဆံခဲ့ကြောင်း၊ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူကြီးများအပေါ် အခြေခံသော နှစ်နိုင်ငံဆက်ဆံရေးသည် ဒေသတွင်း အေးချမ်းတည်ငြိမ်မှုနှင့် ကမ္ဘာ့ငြိမ်းချမ်းတည်ငြိမ်မှုကို အထောက်အကူပြုကြောင်း"** ပြောကြားခဲ့ပါသည်။

တရုတ် - မြန်မာ ထာဝရအိမ်နီးနားချင်းကောင်း ဆက်ဆံရေးသမိုင်းကို ဖော်ညွှန်းသည့်-

**မိတ်ဆွေဇမ္ဗူ၊ စဉ်စူစိုးအုပ်**
**တရုတ်မြန်မာ၊ မင်းတို့မှာလျှင်**
**ကမ္ဘာရှည်မြဲ၊ မြေမရွေ့သို့**
**နှုတ်တွေ့ခွန်းသေ၊ ထွန်းစိမ့်စေဖြင့်**
**ကျက်သရေသွင်းနှီး၊ စာရင်းထိုးသည်**
**ဆိုမျိုးဆက်စဉ် ဥဒါန်းတည်း။**

ဟူသည့် **"မော်ကွန်း"**ကို ကုန်းဘောင်ခေတ် ဝက်မစွတ်မြို့စား ဦးနု (ဒုတိယနဝဒေး) ၏ **"တရုတ်သံရောက်မော်ကွန်း"** တွင် ရေးဖွဲ့ထားသည်ကို တွေ့ရပါသည်။ မြန်မာတို့ကသာ စပ်ဆိုရေးသားခဲ့သည် မဟုတ်ပါ။ တရုတ်စာပေများတွင်လည်း စပ်ဆိုခဲ့ကြောင်းကို ၁၉၆၁ ခုနှစ် ဇန်နဝါရီလ ၆ ရက်နေ့ နံနက်ပိုင်းက ရန်ကုန်မြို့ အောင်ဆန်းကွင်းတွင် ကျင်းပသည့် လူထုအစည်းအဝေးပွဲကြီးတွင် တရုတ်နိုင်ငံ ဝန်ကြီးချုပ် **"ချူအင်လိုင်း"** က **"ကျွန်တော်တို့နိုင်ငံ "ဟန်" မင်းဆက်ခေတ်ကဗျာဆရာများဟာ ထိုအခါက တရုတ်ပြည်မှာ တင်ဆက်ကပြခဲ့ကြတဲ့ မြန်မာ တေးဂီတနှင့်အကတို့ကို ကဗျာများ အထူးဖွဲ့နွဲ့သီကုံးပြီး ချီးကျူးခဲ့ဖူးပါတယ်"**ဟု ပြောကြားခဲ့ခြင်းက သက်သေခံနေပါသည်။ ထို့အတူ လွတ်လပ်ရေးရပြီးခေတ်တွင်လည်း တရုတ်-မြန်မာ ချစ်ကြည်ရေးသီချင်းများ စပ်ဆိုထုတ်လွှင့်ခဲ့ပါသည်။

**ရာဇဝင်စဉ်လာ၊ တရုတ် ဗမာ-မိတ်ဆွေရင်းချာ**

အထက်ပါစာသားသည် တရုတ်-မြန်မာ (ထိုစဉ်ကအသုံးအနှုန်း "ဗမာ") ချစ်ကြည်ရေးပွဲများ၊ အစည်းအဝေးပွဲများတွင် သီဆိုခဲ့ပြီး ပီကင်းရေဒီယိုအသံမှ ရံဖန်ရံခါ ထုတ်လွှင့်ခဲ့သည့်သီချင်းမှ စာသားတစ်ပိုဒ်ဖြစ်ပါသည်။ ဆရာကြီး "ဦးသိန်းဖေမြင့်" ရေးစပ်ခဲ့ပြီး ဂီတစာဆို ဆရာရန်နိုင်စိန်က ကိုယ်တိုင်သီဆိုခဲ့သည့် သီချင်းဖြစ်ပါသည်။ ဆရာကြီး ဦးသိန်းဖေမြင့်၏ ၁၉၆၇ ခုနှစ် ဇူလိုင်လ ရေးသားမှုများအရ အဆိုပါသီချင်းကို လွန်ခဲ့သော ၁၆ နှစ် / ၁၇ နှစ်က စခဲ့တာပါဟု ဆိုပါသည်။

သို့ဖြစ်၍ ၁၉၄၉ ခုနှစ်တရုတ်ပြည်သူ့သမ္မတနိုင်ငံ လွတ်လပ်ရေးကို မြန်မာနိုင်ငံက အသိအမှတ်ပြုပြီးကတည်းက **"တရုတ် - ဗမာ မိတ်ဆွေဖြစ်သီချင်း"** ပေါ်ပေါက်ခဲ့သည်ဟု ယူဆနိုင်ပါသည်။ မြန်မာနိုင်ငံမှ "ဩဇာကြီးမားသည့် ဝါရင့်နိုင်ငံရေးသမား၊ သတင်းစာဆရာကြီး၊ စာရေးဆရာ ဦးသိန်းဖေမြင့်ကသာ စပ်ဆိုခဲ့သည်မဟုတ်ပေ။ ထိုစဉ်က တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ် မာရှယ် **"ချင်ယီ"** ကလည်း ၁၉၅၆ ခုနှစ်တွင် ချစ်ကြည်ရေးကဗျာတစ်ပုဒ်စပ်ဆို၍ ဆွေမျိုးပေါက်ဖော် ချစ်ကြည်စွာ ဆက်ဆံနိုင်မှုကို မီးမောင်းထိုးပြခဲ့ပါသည်။ **"နှစ်နိုင်ငံ ဆွေမျိုးပေါက်ဖော်ဆက်ဆံရေး၏ ပျားရည်ဆမ်းကာလ"** ကြောင့် ပေါ်ထွန်းခဲ့သည့် ကဗျာဟု ဆိုကြပါသည်။ ယင်းကဗျာမှာ -

မြန်မာပြည်မှ မိတ်ဆွေများအတွက်
**ကျွန်ုပ် မြစ်ညာမှာနေသည်**
**သင်တို့မြစ်ကြေမှာ နေကြသည်**
**အတိုင်းအဆမရှိအောင်**
**ကျွန်ုပ်တို့ အပြန်အလှန်ချစ်ခင်ကြ**
**ကျွန်ုပ်တို့ ဒီမြစ်ရေကိုပဲသောက်ကြ**
**ကျွန်ုပ် မြစ်ညာမှရေကို သောက်သည်**
**သင်တို့ မြစ်ကြေမှ ရေကိုသောက်ကြသည်**
**မြစ်ကြီးသည် အဆုံးမရှိ စီးဆင်းလျက်**
**မဆုံးနိုင်သော ပျော်ရွှင်မှုကို**
**ကျွန်ုပ်တို့ မျှဝေခံစားကြ**
**ကျွန်ုပ်တို့သည် အိမ်နီးချင်းများပါ**
**ကျွန်ုပ်တို့၏ ချစ်ကြည်မှု အစွန့်ရှည်ကြာခဲ့ပြီ**
**ထာဝရအမြဲစိမ်းသစ်ပင်တို့လို**
**ရေသည် ထာဝစဉ် စီးဆင်းမြဲ စီးဆင်းလျက်**
**ကျွန်ုပ်တို့၏နိုင်ငံများ ဆက်စပ်နေကြ**
**တောင်ခြေမှာ. . . မြစ်ဘေးမှာ. . .**
**နယ်ချဲ့ဝါဒဆန့်ကျင်ခြင်းဖြင့် လွတ်လပ်ခဲ့ကြ**
**ကျွန်ုပ်တို့ ငြိမ်းချမ်းစွာပေါင်းစည်းမိခဲ့**
**ကျွန်ုပ်တို့သည် ပေါက်ဖော်**
**ကျွန်ုပ်တို့၏ ဘာသာစကားများ ဆက်နွှယ်နေကြ**
**ကျွန်ုပ်တို့စည်းလုံးစွာ အပြန်အလှန်ကူညီနေကြ**
**ငြိမ်းချမ်းရေးသည်ခွန်အား**
**မြစ်များဘေးမှာနေထိုင်ရင်း**
**မြစ်တို့၏ အသက်ရှူသံကို**
**ကျွန်ုပ်တို့ ချီးမွမ်းခန်းဖွင့်ခဲ့ကြ**
**တောင်များပေါ်တက်ရင်း**
**တောင်တို့၏အလှကို ကျွန်ုပ်တို့**
**တေးဖွဲ့သီဆိုခဲ့ကြ**
**တောင်များသည်မြောက်ဘက်သို့မျက်နှာမူလျက်**
**မြစ်သည်တောင်ဘက်သို့ စီးဆင်းလျက်။**

ဟူ၍ဖြစ်ပါသည်။

**တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏**
**လွတ်လပ်ရေးကို ဦးဦးဖျားဖျား**
**စတင်အသိအမှတ်ပြုတာ မြန်မာနိုင်ငံပါ**

မြန်မာနိုင်ငံက ၁၉၄၈ ခုနှစ် နှစ်ဦးကာလတွင် လွတ်လပ်ရေးရသည်။ ၁၉၄၉ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံအဖြစ် လွတ်လပ်ရေး ကြေညာခဲ့ပါသည်။ ဤသည်ကို ကျွန်တော်တို့ပြည်သူနှင့် နိုင်ငံအစိုးရက တရုတ်ပြည်သူ့သမ္မတနိုင်ငံ ထူထောင်ခြင်းကို အာရှတိုက်ရှိမည်သည့်နိုင်ငံမှ အသိအမှတ်မပြုသေးမီ ဦးဦးဖျားဖျား ၁၉၄၉ ခုနှစ် ဒီဇင်ဘာလ ၁၈ ရက်နေ့တွင် အသိအမှတ်ပြုခဲ့ပါသည်။

ထိုအချိန်၌ မြန်မာနိုင်ငံမှာ ကွန်မြူနစ် အဖြူနှင့် အနီများ အင်အားကြီးမားစွာဖြင့် တည်ဆဲ မြန်မာအစိုးရကို ပုန်ကန်တော်လှန်နေချိန်တွင် ကွန်မြူနစ်နိုင်ငံအဖြစ် ပေါ်ထွန်းလာသည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံကို သမိုင်းအစဉ်အလာကြီးမားခဲ့သည့် **"အိမ်နီးနားချင်းကောင်း ထာဝရမိတ်ဆွေ"** ဟူသောအမြင်ဖြင့် အသိအမှတ်ပြုခဲ့ခြင်းပင် ဖြစ်ပါသည်။ ကမ္ဘာ့ဆိုရိုးစကားတစ်ခုက "You can change friends, but not neighbours" ဖြစ်ပါသည်။ "မိတ်ဆွေများကို ပြောင်းချင်သလောက် ပြောင်းနိုင်ပါသည်၊ သို့သော် သင်မပြောင်းနိုင်တာက အိမ်နီးနားချင်းပါ"တဲ့။ **"မြန်မာ့စိတ်ရင်းဖြစ်သည့် အိမ်နီးနားချင်းနိုင်ငံများနှင့် ချစ်ကြည်ရင်းနှီးစွာ အတူယှဉ်တွဲနေထိုင်လိုခြင်း"** ကို ဦးဦးဖျားဖျား ပြသလိုက်ခြင်းပါ။ ထိုစိတ်ရင်းသည် ယနေ့တိုင်ရှင်သန်ဆဲပါ။ သားစဉ်မြေးဆက် ရှင်သန်နေအောင်လည်း ကြိုးပမ်းနေပါကြောင်းကို ၁၉၉၆ ခုနှစ်က တရုတ်ပြည်သူ့သမ္မတနိုင်ငံ ချစ်ကြည်ရေးခရီးစဉ်တွင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက **"မြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့၏ ကောင်းမွန်သည့် ဆက်ဆံရေးကို သားစဉ်မြေးဆက်တိုင်အောင် ခိုင်မြဲရေးအတွက် အလေးထားဆောင်ရွက်လျက်ရှိကြောင်း"** ကတိစကား ဆိုခဲ့ပါသည်။

မြန်မာ့ခေါင်းဆောင်များ၏ ပညာဉာဏ်ကြီးမြင့်မှုအမြင်က ပြည်တွင်းတွင် ဒုက္ခပေးနေသည့် ဝါဒတူကွန်မြူနစ်သောင်းကျန်းသူနှင့် အိမ်နီးနားချင်းကောင်း ကွန်မြူနစ်အစိုးရကို ခွဲခြားမြင်နိုင်ခဲ့ခြင်းဖြစ်ပါသည်။ ထို့အပြင် **"ဝါဒသည်မမြဲ၊ အိမ်နီးနားချင်းကောင်းသည်သာ ထာဝရတည်မြဲ၏"** ဟု **"ပညာဉာဏ်ကြီးမြင့်မှုအမြင်"** ဖြင့် ရှင်းလင်းစွာကြည့်တတ်ထိုးဖောက်မြင်တတ်ခဲ့ကြခြင်းကြောင့်လည်း ဖြစ်ပေသည်။ ယနေ့တော့ မြန်မာခေါင်းဆောင်များ၏ **"ပညာဉာဏ်ကြီးမြင့်မှုအမြင်"**သည် လွန်စွာမှန်ကန်ခဲ့ကြောင်းကို မြန်မာပြည်တွင် ကွန်မြူနစ်ဝါဒကျဆုံးမှုက သက်သေထူနေပါပြီ။

**ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး**
**မူကြီး(၅)ရပ် ချမှတ်ခဲ့ကြသည့်**
**ဆွေမျိုးပေါက်ဖော် နှစ်နိုင်ငံ**

ဒုတိယကမ္ဘာစစ်ကြီးအပြီးမှာ နယ်ချဲ့တို့က သူတို့၏ ကိုလိုနီနိုင်ငံများကို လွတ်လပ်ရေးပေးပြီး လက်လွှတ်ပေးလိုက်ရသည်။ သို့သော် ဆက်လက်လွှမ်းမိုးချုပ်ချယ်ချင်စိတ်က ကြီးမားနေဆဲပါ။ ကိုလိုနီလက်အောက်မှ လွတ်လပ်ရေးရပြီးခါစ နိုင်ငံများသည်လည်း ထပ်မံကျွန်ပြုလွှမ်းမိုးခံရမည်ကို စိုးရိမ်နေကြသည်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ် ချူအင်လိုင်းသည် ၂၉ - ၆ - ၁၉၅၄ ရက်နေ့တွင် မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်ပြီး **"ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး မူကြီး(၅) ရပ်"** (The five Principles of Peaceful Coexistence)ကို ကမ္ဘာသို့ နှစ်နိုင်ငံပူးတွဲကြေညာ ထုတ်ပြန်ခဲ့ပေသည်။

ထိုမူကြီး (၅) ရပ် စတင်ကြေညာသည့် ၁၉၅၄ ခုနှစ်မှ နောင်နှစ်ပေါင်းများစွာအထိ စာနယ်ဇင်းများက **"နိုင်ငံရေး ငါးပါးသီလ"** ဟု သုံးစွဲခဲ့ကြပါသည်။

**စာမျက်နှာ ၇ သို့** ☆




မန်စီမြို့ပြတိုက်တွင် ပြသထားသည့် နှစ်နိုင်ငံဝန်ကြီးချုပ်များ ရုပ်လုံးကြွရုပ်တုနှင့် ပန်းချီကားကို တွေ့ရစဉ်။

☆ စာမျက်နှာ ၆ မှ

ကျွန်တော့်အနေဖြင့် **“ဆွေမျိုးပေါက်ဖော် ချစ်ကြည်ရေး ငါးပါးသီလ”**ဟု ဆိုချင်ပါသည်။ ယင်းတို့မှာ-

(က) နိုင်ငံတစ်နိုင်ငံ၏ ပိုင်နက်နယ်ပယ် တည်တံ့ရေးနှင့် အချုပ်အခြာအာဏာကို အခြားတစ်နိုင်ငံက လေးစားရန်၊

(ခ) တစ်နိုင်ငံနှင့်တစ်နိုင်ငံ ကျူးကျော်ရန်စ တိုက်ခိုက်မှုမပြုလုပ်ရန်၊

(ဂ) နိုင်ငံတစ်ခု၏ ပြည်တွင်းရေးကိစ္စများကို ဝင်ရောက်စွက်ဖက်မှု မပြုလုပ်ရန်၊

(ဃ) နိုင်ငံတစ်နိုင်ငံနှင့်တစ်နိုင်ငံအဆင့်အတန်း ချင်း တူညီမှုရှိရန်နှင့် နှစ်ဦးနှစ်ဖက် အကျိုးဖြစ်ထွန်းစေရန်၊

(င) နိုင်ငံရေးစနစ်ချင်း ကွဲလွဲစေကာမူ တစ်နိုင်ငံနှင့်တစ်နိုင်ငံ ငြိမ်းချမ်းစွာ အတူယှဉ်တွဲ ဆက်ဆံပေါင်းသင်းနေထိုင်ကြရန် တို့ ဖြစ်ပါသည်။

နိုင်ငံအချင်းချင်း ကြီးနိုင်ငယ်ညှဉ်းကင်းကာ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရင်း တန်းတူရည်တူ ဆက်ဆံမှုဖြင့် **“ကျီးကိုဘုတ်ရှိသေ ဘုတ်ကို ကျီးရှိသေမှု”** ဖြစ်ပြီး ဝါဒအရလည်းကောင်း၊ အင်အားအရလည်းကောင်း၊ စီးပွားရေးအရ လည်းကောင်း ဗိုလ်ကျမှု၊ ဩဇာလွှမ်းမိုးမှု ကင်းဝေး အောင်၊ နိုင်ငံကြီးငယ်အချင်းချင်း တန်းတူရည်တူ အပြန်အလှန် လေးလေးစားစား ဆက်ဆံနိုင်အောင် တည့်မတ်ပေးသည့် မူကြီး (၅) ရပ် ဖြစ်ပေသည်။

ဤသည်ကို **“တရုတ်ပြည်သူ့သမ္မတနိုင်ငံအနေဖြင့် မြန်မာနိုင်ငံနှင့်အတူ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး မူကြီး (၅) ရပ်ကို ခိုင်မာရန် ကြိုးပမ်းသွားမည်ဖြစ်ကြောင်း၊ ငြိမ်းချမ်းရေးဇုန်တစ်ခု ထူထောင်ပြီး အာရှငြိမ်းချမ်းရေးနှင့် ကမ္ဘာ့ငြိမ်းချမ်းရေးကို ထိန်းသိမ်းသွားမည်ဖြစ်ကြောင်း”** တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ် ချူအင်လိုင်းက ၁၉၅၄ ခုနှစ် ဒီဇင်ဘာလ ၂ ရက်နေ့ကတည်းကပင် တရားဝင် အလည်အပတ်ရောက်ရှိနေသော မြန်မာနိုင်ငံမှ ဝန်ကြီးချုပ်ဦးနုနှင့်အဖွဲ့ကို ဧည့်ခံသော ညစာစားပွဲတွင် အတိအလင်း ကတိပြုပြောကြားခဲ့သည်။ ဦးနုကလည်း အဆိုပါဧည့်ခံပွဲတွင် **“ကျွန်တော်တို့ဟာ ငြိမ်းချမ်းရေးထိခိုက်စေမည့် ဘယ်လိုအလုပ်မျိုးကိုမှ လုပ်မှာမဟုတ်ပါဘူး၊ မြန်မာနိုင်ငံဟာ တရုတ်နိုင်ငံနှင့် နှစ်နိုင်ငံကြား သံသယပွားစေမည့် အခြားနိုင်ငံ၏ အကူအညီကိုလည်း ယူမှာမဟုတ်ပါဘူး”** ဟု ပြန်လည်ပြောကြားခဲ့မှုများက အထက်ပါမူကြီး (၅)ရပ် ခိုင်မြဲအောင် ဆောင်ရွက်နိုင်ခဲ့မှု၏ သာဓကများ ဖြစ်ပေသည်။

### တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပါဝင်ခွင့်မရရင် မြန်မာနိုင်ငံလည်း မတက်ရောက်နိုင်ပါ

အင်ဒိုချိုင်းနားကျွန်းဆွယ်ဒေသမှာ စစ်ပွဲပြင်းထန်လာချိန်တွင် တတိယကမ္ဘာစစ်အဆင့်ဆီ ကူးစက်သွားမည်ကို စိုးရိမ်ကြသည့် လွတ်လပ်သော အာရှနှင့် အာဖရိကနိုင်ငံ ၂၉ နိုင်ငံသည် အင်ဒိုနီးရှားနိုင်ငံ ဘန်ဒေါင်းမြို့တွင် တတိယကမ္ဘာစစ်မဖြစ်ရေးကို တားဆီးနိုင်ရေးကြိုးပမ်းမည့်ညီလာခံ (Afro–Asian Conference)ကို ၁၉၅၅ ခုနှစ် ဧပြီလ ၁၈ ရက်နေ့မှ ၂၄ ရက်နေ့အထိ ကျင်းပခဲ့သည်။ အဆိုပါအစည်းအဝေးကို ကွန်မြူနစ်နိုင်ငံဖြစ်သည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံကို ဝိုင်းပယ်ထားကြရန် အနောက်အုပ်စုနိုင်ငံများက ကြိုးပမ်းကြသေးသည်။

မြန်မာနိုင်ငံက အဆိုပါအစည်းအဝေးသို့ **“တရုတ်ပြည်သူ့သမ္မတနိုင်ငံ တက်ရောက်ခွင့်မရလျှင် မြန်မာနိုင်ငံလည်း တက်ရောက်မည်မဟုတ်ကြောင်း”**ဟုဆိုကာ တောင့်ခံထားပြီး **“အိမ်နီးနားချင်းကောင်းပီသမှု”** မြန်မာ့စိတ်ရင်းကို ထပ်မံပြသခဲ့သည်။ တကယ်တော့ ဘန်ဒေါင်းညီလာခံဖြစ်မြောက်ရေးကို ဦးဆောင်ဆွေးနွေး အဆိုပြုခဲ့ကြသည်မှာ တရုတ်၊ မြန်မာနှင့် အာဖဂန်နစ္စတန်နိုင်ငံတို့ဖြစ်ပါသည်။ ဤသို့ဖြင့် ဘန်ဒေါင်းညီလာခံသို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ တက်ရောက်ခွင့်ရခဲ့ပြီး ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး (၁၀) ချက် (A10– points declaration on promotion of world peace and cooperation) ပါကြေညာချက် ထွက်ပေါ်လာခဲ့သည်။ ထိုကြေညာချက် (၁၀)ချက်တွင်လည်း တရုတ်-မြန်မာ-အိန္ဒိယတို့၏ ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး မူကြီး (၅) ရပ်သည် အဓိကအခန်းကဏ္ဍမှ ပါဝင်ခဲ့သဖြင့် ထိုခေတ်တွင် အလွန်ခေတ်စားသည့် ငြိမ်းချမ်းရေးမူ၊ ဘက်မလိုက်ရေးဝါဒ ဖြစ်ခဲ့ပေသည်။

### တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကုလသမဂ္ဂအဖွဲ့ဝင်ဖြစ်ရေး ဦးဆောင်အဆိုတင်သွင်းသော နိုင်ငံများတွင် မြန်မာနိုင်ငံ ပါဝင်ခဲ့

၁၉၇၁ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့တွင် ကျင်းပသော (၂၆) ကြိမ်မြောက် ကုလသမဂ္ဂ အထွေထွေညီလာခံကြီး၌ မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောရေးရာဝန်ကြီး ဦးသောင်းကြည်က မိန့်ခွန်းပြောကြားခဲ့ရာတွင် **“ကမ္ဘာ့လူဦးရေ၏ လေးပုံတစ်ပုံရှိသော တရုတ်ပြည်သူ့သမ္မတနိုင်ငံကို ကုလသမဂ္ဂကြီးတွင် ထိုက်ထိုက်တန်တန် ရပိုင်ခွင့်ရှိသော နေရာမပေးဘဲ တရုတ်နှစ်ပြည်ထောင် ပြဿနာဖန်တီးထားခြင်းမှာ သဘာဝမကျပါကြောင်း၊ မြန်မာကိုယ်စားလှယ်အဖွဲ့အနေဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ ဗဟိုအစိုးရအား “တစ်ခုတည်းသော တရုတ်ပြည်၏တရားဝင်အစိုးရ” အဖြစ် အသိအမှတ်ပြုပါကြောင်း၊ ထို့ကြောင့် ကုလသမဂ္ဂတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ ဥပဒေပါအခွင့်အရေးများ ပေးအပ်ရေးကို ကျွန်ုပ်တို့တစ်ခါတည်း ဆုံးဖြတ်ကြဖို့လိုကြောင်း၊ ဤသို့ဆောင်ရွက်ခြင်းဖြင့် အပြည်ပြည်ဆိုင်ရာငြိမ်းချမ်းရေး၊ လုံခြုံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးတို့ ဖြစ်ထွန်းလာမည်ဖြစ်ကြောင်း”** ထည့်သွင်းမိန့်ကြားခဲ့ပြီး အိမ်နီးချင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ **“တရုတ်တစ်နိုင်ငံတည်းမူဝါဒ” (One China Policy)** ကို ထောက်ခံခဲ့ပါသည်။

**❝ ချစ်ကြည်ရေးခရီးတစ်လျှောက်တွင်လည်း နှစ်နိုင်ငံဆက်ဆံရေးသည် ယာယီသဘောဆောင်သည့် ပါးပါးလျလျ မိုးအုံ့မှိုင်းမှုများ ကွက်ကျားကွက်ကျား ရှိကောင်းရှိနိုင်သော်လည်း အစဉ်အဆက် နှစ်နိုင်ငံခေါင်းဆောင်ကြီးများ၏ အမြော်အမြင်ကြီးမားမှုဖြင့် တည်ဆောက်ခဲ့သည့် “ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူကြီး (၅) ရပ်” တစ်နည်းအားဖြင့် “ဆွေမျိုးပေါက်ဖော် ချစ်ကြည်ရေးငါးပါး သီလ” ကိုတော့ မယိုင်နဲ့အောင်၊ မကျိုးပေါက်အောင် ကြိုးစား ထိန်းသိမ်းနေကြသည်ဆိုတာကို နှစ်ပေါင်း(၇၀) တည်မြဲမှုက သက်သေခံလျက်ရှိ ❞**

ထိုနှစ် အောက်တိုဘာလ ၂၅ ရက်နေ့တွင် ဆက်လက်ကျင်းပသော အထွေထွေညီလာခံ၌ **“တရုတ်ပြည်သူ့သမ္မတနိုင်ငံအား ကုလသမဂ္ဂ အဖွဲ့ဝင်အဖြစ်နှင့်တကွ လုံခြုံရေးကောင်စီဝင်အဖြစ်လက်ခံရေး”**အဆိုကို မြန်မာနိုင်ငံအပါအဝင် အဖွဲ့ဝင် ၂၃ နိုင်ငံက ဦးဆောင်တင်သွင်းခဲ့ရာ ထောက်ခံမဲ ၇၆ မဲ၊ ကန့်ကွက်မဲ ၃၅ မဲ၊ ကြားနေ ၁၅ မဲဖြင့် အနိုင်ရရှိခဲ့သဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံအနေဖြင့် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံ ဖြစ်လာခဲ့သည်။ နယ်နိမိတ်ချင်း မိုင်ပေါင်းတစ်ထောင်ကျော် ဆက်စပ်နေသော နှစ်နိုင်ငံ၏ ဆောင်းပါးအစတွင် သမ္မတကြီး ကျန်ဇီမင်း မိန့်ကြားခဲ့သည့် **“နှစ်ပေါင်း ၂၀၀၀ ကျော် ခိုင်မြဲခဲ့သည့် အိမ်နီးနားချင်းကောင်း၏ ချစ်ကြည်မှုစိတ်ထား”**ကို “မိမိ၏ အိမ်နီးနားချင်းနိုင်ငံအား ကမ္ဘာ့အလယ် အနိမ့်ခံဘဝရောက်နေခြင်းမှ နိုင်ငံတကာ တန်းတူရည်တူအဆင့်ဆီသို့ ရောက်အောင် ဆွဲတင်ခြင်းလုပ်ငန်းတွင် ပါဝင်လိုက်ခြင်း” ဖြင့် မြန်မာနိုင်ငံက သက်သေထူပြခဲ့ပါသည်။

### ခလုတ်တံသင်းများကြောင့် “ဆွေမျိုးပေါက်ဖော် ချစ်ကြည်ရေးငါးပါးသီလ” မကျိုးပေါက်ခဲ့ပါ

တရုတ်- မြန်မာ ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး မူကြီး (၅) ရပ်ကို အမြော်အမြင် ကြီးမားခဲ့ကြသည့် ခေါင်းဆောင်များ စောင့်ထိန်းခဲ့ကြသည်မှာ နှစ်ပေါင်း ၇၀ (၁၉၅၄ ခုနှစ် ဇွန်လ ၂၉ ရက်နေ့မှ ၂၀၂၄ ခုနှစ် ဇွန်လ ၂၉ ရက်နေ့အထိ) ပြည့်ပြီဖြစ်ပါသည်။ ထိုချစ်ကြည်ရေးလမ်းခရီးတွင် ခလုတ်တံသင်း ဆူးငြောင့်ကလေးများလည်း ရှိခဲ့ပေသည်။ ယာယီတစ်ခဏသဘောပါ။ ဥပမာအားဖြင့် မြန်မာနိုင်ငံကို တော်လှန်ပုန်ကန်သော “ဗမာပြည်ကွန်မြူနစ်ပါတီ (ဗကပ) သောင်းကျန်းသူများ”သည် တရုတ်ကွန်မြူနစ်ပါတီကို ချဉ်းကပ်အကူအညီရယူမှုဖြစ်သည်။ ၁၉၅၃ ခုနှစ်လောက်တွင် ရဲဘော်အောင်ကြီးက စတင်ဆက်သွယ်ခဲ့ပြီး နောက်ပိုင်းမှာ မြန်မာပြည်ကွန်မြူနစ်ပါတီ ခေါင်းဆောင်အတော်များများက တရုတ်ပြည်သို့ သွားရောက်ခဲ့ပါသည်။ တရုတ်ကွန်မြူနစ်ပါတီသည် ဝါဒရေးရာတွင် မြန်မာပြည်ကွန်မြူနစ်ပါတီ၏ ဆရာတစ်ဆူဖြစ်လာပါသည်။ သို့သော် **“ကွန်မြူနစ်ပါတီအချင်းချင်း ဝါဒရေးရာအကူအညီပေးမှု”** နှင့် **“နှစ်ပြည်ထောင် ထီးဆောင်းမင်းအချင်းချင်း တရားဝင်သံတမန်ဆက်ဆံမှုသည်”** အလွန်ပင်ကွာခြားခဲ့ပါသည်။

နှစ်နိုင်ငံ ထီးဆောင်းမင်းအချင်းချင်းတို့၏ ဆက်ဆံရေးက **“ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး မူကြီး(၅)ရပ်၏ ရွှေထီးအောက်တွင် မားမားမတ်မတ်ရပ်တည်ခြင်းပါ”**၊ **“ဆွေမျိုးပေါက်ဖော် ချစ်ကြည်ရေး ငါးပါးသီလ”**ကို လုံးဝအကျိုးမခံခဲ့ပါ။ ထိုမှုကို မထိခိုက်စေအောင် ယနေ့အချိန်ထိ ထိန်းသိမ်းနေဆဲပါ။ ၁၉၇၈ ခုနှစ်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ ဒုတိယဝန်ကြီးချုပ် **“တိန်ရှောက်ဖိန်”** မြန်မာနိုင်ငံသို့ အလည်လာပြီး **“ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး မူကြီး(၅)ရပ်နှင့်အတူ နှစ်နိုင်ငံ ဆက်ဆံသွားပါမည်”** ဟု ထပ်မံအတည်ပြုခဲ့ပြီးဖြစ်ပါသည်။ ယခုနှင့် နောင်အခါတွင်လည်း အသေးအဖွဲ ခလုတ်တံသင်းများ ရှိကောင်းရှိနိုင်သော်လည်း **“နှစ်နိုင်ငံခေါင်းဆောင်ကြီးများ အမြော်အမြင်ကြီးစွာ တည်ဆောက်ခဲ့သည့် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး မူကြီး (၅) ရပ်၏ “ချစ်ကြည်ရေးနှင့် ငြိမ်းချမ်းရေးမဏ္ဍိုင်” လှုပ်ခါသွားလောက်သည် အထိတော့မရှိနိုင်”**ဟု မြင်မိပါကြောင်း ဆရာကြီး ဦးသိန်းဖေမြင့်က ၁၉၆၇ ခုနှစ်ကတည်းက သုံးသပ်ခဲ့ပါသည်။ ယင်းသုံးသပ်ချက် မှန်ကန်၍သာ ယခုအခါ သက်တမ်း (၇၀) ပြည့်ခဲ့ခြင်းပါ။

ဤသို့ အောင်မြင်ရခြင်းမှာ ဝန်ကြီးချုပ် ချူအင်လိုင်း၏ **“တရုတ်-မြန်မာ နှစ်နိုင်ငံအစိုးရတို့ နှစ်ပေါင်းများစွာ တစ်သမတ်တည်း ဂရုတစိုက်စူးစမ်းကြံဆခဲ့ကြပုံ၊ တက်ကြွမှုရှိစွာ ချဉ်းကပ်ခဲ့ကြပုံတို့ကို ကျွန်တော်တို့ ဝမ်းမြောက်ကြည်နူးစွာ ပြန်လည်သုံးသပ်ကြည့်နိုင်ကြပါပြီ။ လမ်းဟာ တစ်ခါတစ်ခါ ညီညာပြေပြစ်ပြီး တစ်ခါတစ်ခါ ချိုင့်တွေဖြစ်နေပေမယ့်၊ မိုးကောင်းကင်ဟာ တစ်ခါတစ်ခါ မိုးသားကင်းစင်ကြည်လင်နေပြီး တစ်ခါတစ်ခါ မိုးသားတွေအုံ့နေပေမယ့် ကျွန်တော်တို့ကတော့ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး မူကြီး (၅)ရပ် ရှေ့ဆောင်ညွှန်ပြရာလမ်းအတိုင်း သဘောထားကွဲလွဲမှုတွေကို ဖြေရှင်း၊ အဆီးအတားကိုဖယ်ရှားရင်း စွဲစွဲမြဲမြဲ မယိမ်းမယိုင် ရှေ့သို့ချီတက်ခဲ့ကြတာချည်းပါပဲ။ အခုဆိုရင် ကျွန်တော်တို့တစ်တွေဟာ ချစ်ကြည်ရေး၊ ပူးပေါင်းဆောင်ရွက်ရေး အထွတ်အထိပ်ဆီသို့ လက်တွဲပြီး တက်လှမ်းရောက်ရှိခဲ့ကြပါပြီ။ ကျွန်တော်တို့နှစ်နိုင်ငံ ပြည်သူ ပြည်သားတွေရဲ့ အရင်းခံအကျိုးနဲ့ ကမ္ဘာ့ငြိမ်းချမ်းရေးရဲ့ အရင်းခံအကျိုးတို့အတွက် အဖိုးထိုက်တန်တဲ့ အကျိုးများကို ပြုခဲ့ကြပါပြီ။ အာရှနိုင်ငံများ ချစ်ကြည်ရေး စည်းလုံးရေးအတွက် အောင်မြင်တဲ့ စံနမူနာကို ထူပြခဲ့ပါပြီ”** ဟူသောစကားအတိုင်း မူကြီး (၅) ရပ်၏ ကောင်းကျိုးပြမှုဘောင်အတွင်းမှ ခေတ်အဆက်ဆက် ခေါင်းဆောင်များ ဆက်လက်လျှောက်လှမ်းခဲ့ကြ၍ ဖြစ်ပါသည်။

### ၈၈ အရေးအခင်းကာလတွင် ချစ်ကြည်ရေး ငါးပါးသီလ စောင့်ထိန်းခဲ့သူ တရုတ်သံအမတ်ကြီး

တရုတ်နိုင်ငံအနေဖြင့် နိုင်ငံတော်အကြီးအကဲအဆင့်များကသာ “ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူ” ကို ခိုင်ခိုင်မာမာ ရပ်တည်ခဲ့သည် မဟုတ်ပေ။ “သံအမတ်ကြီး” အဆင့်ကလည်း အလေးထား လိုက်နာဆောင်ရွက်ခဲ့ကြောင်း မြန်မာနိုင်ငံ ၁၉၈၈ ခုနှစ် အရေးအခင်းတွင် အထင်အရှားရပ်တည်ပြသခဲ့ပါသေးသည်။ ၁၉၈၈ ခုနှစ် မြန်မာ့အရေးအခင်းတွင် မြန်မာအစိုးရကို ဖိအားပေးရန် နိုင်ငံခြားရေးဝန်ကြီးဌာနတွင် နိုင်ငံ ၁၅ နိုင်ငံခန့် ပါဝင်သော ကိုယ်စားပြုအဖွဲ့၌ပါဝင်ရန် တရုတ်သံအမတ်ကြီးကိုလည်း ဖိတ်ကြားခဲ့ပါသည်။

ထိုအချိန်က တရုတ်သံအမတ်ကြီး **“ချန်ယူရှန်”** က **“လက်ရှိမြန်မာနိုင်ငံအတွင်း ဖြစ်ပေါ်မှုသည် ပြည်တွင်းရေးကိစ္စသာဖြစ်သဖြင့် သူ့အနေဖြင့် ပါဝင်နိုင်ခြင်းမရှိကြောင်း”** ပြန်ကြားခဲ့သလို ပါဝင်ခြင်းလည်းမရှိခဲ့ပေ။ ထို့အတူ သံရုံးတစ်ခု ဧည့်ခံပွဲတွင် မိုက်ကယ်အဲရစ်က “မြန်မာနိုင်ငံအတွင်း ဖြစ်ပေါ်မှုနှင့်ပတ်သက်၍ တရုတ်အစိုးရအနေဖြင့် ကြေညာချက်တစ်စုံတစ်ရာ ထုတ်ပြန်ခြင်းရှိပါသလား” ဟု မေးမြန်းရာ သံအမတ်ကြီး “ချန်” က **“တရုတ်ပြည်သူ့သမ္မတနိုင်ငံသည် အခြားနိုင်ငံများ၏ ပြည်တွင်းရေးရာတွင် ဝင်ရောက်မစွက်ဖက်ရေးမူကို လိုက်နာပါသည်”** ဟု ဖြေကြားခဲ့ခြင်းတို့က ဆွေမျိုးပေါက်ဖော်ချစ်ကြည်ရေး ငါးပါးသီလကို စောင့်ထိန်းခဲ့ကြောင်း သက်သေခံနေပါသည်။

ချစ်ကြည်ရေး ခရီးတစ်လျှောက်တွင်လည်း နှစ်နိုင်ငံဆက်ဆံရေးသည် ယာယီသဘောဆောင်သည့် ပါးပါးလျလျ မိုးအုံ့မှိုင်းမှုများ ကွက်ကျားကွက်ကျား ရှိကောင်းရှိနိုင်သော်လည်း အစဉ်အဆက် နှစ်နိုင်ငံခေါင်းဆောင်ကြီးများ၏ အမြော်အမြင်ကြီးမားမှုဖြင့် တည်ဆောက်ခဲ့သည့် **“ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး မူကြီး (၅) ရပ်”** တစ်နည်းအားဖြင့် **“ဆွေမျိုးပေါက်ဖော် ချစ်ကြည်ရေးငါးပါး သီလ”** ကိုတော့ မယိုင်နဲ့အောင်၊ မကျိုးပေါက်အောင် ကြိုးစားထိန်းသိမ်းနေကြသည်ဆိုတာကို နှစ်ပေါင်း (၇၀) တည်မြဲမှုက သက်သေခံလျက်ရှိပေသည်။

၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလ ၁၇ ရက်နေ့တွင် မြန်မာနိုင်ငံသို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတကြီး **“ရှီကျင့်ဖျင်”** လာရောက်လည်ပတ်စဉ်ကလည်း

စာမျက်နှာ ၈ သို့ ☆

# မြန်မာနိုင်ငံဘဏ်များသည် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ထုတ်ပြန်ထားရှိသည့် လမ်းညွှန်မှုများနှင့်အညီ စည်းမျဉ်းများကို လေးစားလိုက်နာ ဆောင်ရွက်လျက်ရှိ

## သတင်းထုတ်ပြန်ချက်

၁။ မြန်မာနိုင်ငံဘဏ်များသည် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ထုတ်ပြန်ထားရှိသည့် လမ်းညွှန်မှုများနှင့်အညီ စည်းမျဉ်းများကို လေးစားလိုက်နာဆောင်ရွက်လျက်ရှိပါသည်။ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာ လုပ်ငန်းများနှင့် လူအများအပြား သေကျေစေသည့် လက်နက်များပြန့်ပွားရေးကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးလုပ်ငန်းများနှင့်ပတ်သက်၍လည်း ဘဏ်များသည် Regulatory Authority ဖြစ်သည့် ဗဟိုဘဏ်မှ ချမှတ်ထားသည့် ညွှန်ကြားချက်များနှင့် လမ်းညွှန်ချက်များအတိုင်း လိုက်နာဆောင်ရွက်လျက်ရှိပါသည်။ ဘဏ်များသည် SDN List အပါအဝင် နိုင်ငံတကာအရေးယူဆောင်ရွက်မှုစာရင်းများတွင် ပါရှိနေသော လူပုဂ္ဂိုလ်များ၊ ကုမ္ပဏီလုပ်ငန်းများအတွက် ပြည်တွင်း၊ ပြည်ပ ငွေကြေးလွှဲပြောင်းမှုများကို လုံးဝဆောင်ရွက်ပေးခြင်းမရှိဘဲ ဆက်သွယ်ဆောင်ရွက်သူများ၏ ရယူရမည့်အချက်အလက်များအား သေချာစွာ စိစစ်ရယူခြင်းနှင့် ပြည်တွင်း၊ ပြည်ပ ငွေကြေးလွှဲပြောင်းမှုများအပေါ် အလေးထားစိစစ်ခြင်းကို တိုးမြှင့်ဆောင်ရွက်ခြင်း (Enhanced Due Diligence-EDD) ကို စဉ်ဆက်မပြတ် လုပ်ဆောင်လျက်ရှိပါသည်။

၂။ မြန်မာနိုင်ငံဘဏ်များနှင့် ဆက်သွယ်ဆောင်ရွက်နေသည့် နိုင်ငံခြားဘဏ်များသည်လည်း ၎င်းတို့၏ သက်ဆိုင်ရာအာဏာပိုင်များ၏ တင်းကျပ်သော စည်းမျဉ်းများအရ မြန်မာနိုင်ငံဘဏ်များ၏ ကုန်သွယ်မှုအတွက် ငွေပေးချေမှုများကို ဆောင်ရွက်ပေးလျက်ရှိရာတွင် ငွေကြေးလွှဲပြောင်း ဆောင်ရွက်မှုများအား အလေးထားစိစစ်ခြင်းအား တိုးမြှင့်ဆောင်ရွက်ခြင်း(EDD)လုပ်ငန်းစဉ်များ ပြီးစီးမှသာ ဆောင်ရွက်ပေးလျက်ရှိပါသည်။

၃။ မြန်မာနိုင်ငံဘဏ်များသည် ငွေကြေးဆိုင်ရာအရေးယူဆောင်ရွက်ရေးအဖွဲ့ (Financial Action Task Force-FATF)က သတ်မှတ်ထားသည့် အလေးထားစိစစ်မှုများ တိုးမြှင့်ဆောင်ရွက်ရန် တောင်းဆိုခြင်းခံရသည့် နိုင်ငံနှင့် ဒေသများစာရင်းမှ ပယ်ဖျက်နိုင်ရေးအတွက်လည်း FATF မှ သတ်မှတ်ပေးထားသည့် အကောင်အထည်ဖော်ဆောင်ရွက်ရေးအစီအမံများကို သက်ဆိုင်ရာအစိုးရဌာနအဖွဲ့အစည်းများနှင့် ပုဂ္ဂလိကကဏ္ဍတို့ပူးပေါင်း၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

၄။ ဘဏ်များအနေဖြင့် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာလုပ်ငန်းများနှင့် လူအများအပြားသေကျေစေသည့် လက်နက်များ ပြန့်ပွားရေးကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးလုပ်ငန်းများအား အင်တိုက်အားတိုက် ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိပြီး လိုအပ်သည့် လုပ်ငန်းစဉ်များအတွက်လည်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ လမ်းညွှန်မှုများအရ ဆောင်ရွက်လျက်ရှိပါသည်။

**မြန်မာနိုင်ငံဘဏ်များအသင်း**
(၂၇-၆-၂၀၂၄)

# လူမှုဖူလုံရေးအဖွဲ့ ရွေ့လျားဆေးကုသယာဉ်ဖြင့် နေပြည်တော်ကောင်စီရှိ လူမှုဖူလုံရေးအကျုံးဝင် အာမခံအလုပ်သမားများ ကွင်းဆင်းဆေးကုသပေး

**နေပြည်တော် ဇွန် ၂၇**

အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်နောင်သည် ယနေ့နံနက်ပိုင်းတွင် လူမှုဖူလုံရေးအဖွဲ့ ရွေ့လျားဆေးကုသယာဉ်ဖြင့် နေပြည်တော်ကောင်စီရှိ လူမှုဖူလုံရေးအကျုံးဝင် အာမခံအလုပ်သမားများအား ဆေးဝါးကုသပေးမှု၊ ဓာတ်ခွဲစစ်ဆေးပေးမှုနှင့် နှလုံးအတွက် ECG စစ်ဆေးခြင်းများ ကွင်းဆင်းဆောင်ရွက်ပေးနေမှုကို ကြည့်ရှုအားပေးသည်။




လူမှုဖူလုံရေးအဖွဲ့က ရွေ့လျားဆေးကုသယာဉ်ဖြင့် ယနေ့တွင် အလုပ်သမားဝန်ကြီးဌာနရှိ ဝန်ထမ်းများကို ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးရာ ဆေးဝါးကုသမှု စုစုပေါင်း ၂၃၇ ဦးအနက် ဓာတ်ခွဲစစ်ဆေးမှု ၁၀၆ ဦး၊ နှလုံးအတွက် ECG စစ်ဆေးခြင်း ၂၈ ဦးတို့ကို ဆောင်ရွက်ပေးသည်။

လူမှုဖူလုံရေးအဖွဲ့က လူမှုဖူလုံရေးစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ရာ၌ ၂၀၂၄ ခုနှစ် မေလတွင် အကျုံးဝင်အာမခံအလုပ်သမား ၁၂၃၁၄၉၈ ဦးရှိပြီး ကျန်းမာရေးစောင့်ရှောက်မှုအတွက် လူမှုဖူလုံရေးအဖွဲ့ပိုင်ဆေးရုံကြီး သုံးရုံ၊ မြို့နယ်လူမှုဖူလုံရေးဆေးခန်း ၉၆ ခန်း၊ ဌာနကြီးဆေးခန်း ၆၁ ခန်း၊ စာချုပ်ဆေးခန်း ၆၆ ခန်း၊ သားဖွားမီးယပ်ပြင်ပလူနာကုသမှု (Specialist OG OPD) ဆောင်ရွက်သည့် စာချုပ်ဆေးခန်း ၄၅ ခန်း၊ မီးဖွားဝန်ဆောင်မှုဆောင်ရွက်လျက်ရှိသော စာချုပ်ဆေးရုံ၊ သားဖွားခန်း ၁၅ ခန်း၊ တိုင်းရင်းဆေးခန်း တစ်ခန်းတို့ဖြင့် ဝန်ဆောင်မှုဆောင်ရွက်ပေးလျက်ရှိသည်။

အလုပ်သမားဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့က ရွေ့လျားဆေးကုသယာဉ် (Mobile Medical Unit) ဖြင့် နေပြည်တော်ရှိ ဝန်ကြီးဌာနများ၊ အလုပ်ဌာနများရှိ လူမှုဖူလုံရေး အကျုံးဝင်အာမခံအလုပ်သမားများကို ဇွန် ၂၀ ရက်မှ ဩဂုတ် ၆ ရက်အထိ ကျန်းမာရေးစောင့်ရှောက်မှုများ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး ရန်ကုန်တိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့ရှိ စက်မှုဇုန်များတွင်လည်း ရွေ့လျားဆေးကုသယာဉ် (Mobile Medical Unit) နှစ်စီးဖြင့် ကွင်းဆင်းဆေးကုသမှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ကမ္ဘာ့အအေးပေးပစ္စည်းများနေ့အထိမ်းအမှတ် အခမ်းအနားကျင်းပ

**နေပြည်တော် ဇွန် ၂၇**

၂၀၂၄ ခုနှစ် ကမ္ဘာ့အအေးပေးပစ္စည်းများနေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၌ ကျင်းပရာ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းသူ၊ အမြဲတမ်းအတွင်းဝန်၊ ဝန်ကြီးဌာနများမှ ဌာနအကြီးအကဲများ၊ အမျိုးသားအိုဇုန်းယူနစ်အဖွဲ့ဝင်များ၊ လေအေးပေးစက်ဆိုင်ရာ ပညာရှင်များအသင်းနှင့် အအေးပေးဒြပ်ပစ္စည်းများဆိုင်ရာလုပ်ငန်းရှင်များ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယဝန်ကြီးက ယခုနှစ်ကျရောက်သည့် အထိမ်းအမှတ်ဆောင်ပုဒ်မှာ **“အပူချိန်ထိန်းညှိနည်းပညာတိုးတက်ရေး အလေးထားဆောင်ရွက်ပေး” “Temperature Matters....Absolutely!”** ဖြစ်ကြောင်း၊ ခေတ်မီအပူချိန်ထိန်းညှိနည်းပညာသည် စွမ်းအင်ချွေတာခြင်းနှင့် ထိရောက်စွာ အသုံးပြုခြင်းသာမက မှန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှု လျှော့နည်းစေသည့်အတွက် အပူပေး သို့မဟုတ် အအေးပေး ပစ္စည်းများထုတ်လုပ်သည့် စက်ရုံများအနေဖြင့် ၎င်းနည်းပညာကို အသုံးပြုခြင်းသည် ရာသီဥတုပြောင်းလဲမှုကို ရင်ဆိုင်ဖြေရှင်းရာတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်လျက်ရှိကြောင်း၊ ထို့ကြောင့် အအေးပေးနည်းပညာနှင့် သက်ဆိုင်သောလုပ်ငန်းများတွင် တိုးတက်လာသည့် ခေတ်ရေစီးကြောင်းနှင့်အညီ အမီလိုက်ပြီး တွေးခေါ်နိုင်သည့် ပညာရှင်များအား အလုပ်ခန့်ထားရန်၊ ကျောင်း၊ ကောလိပ်၊ တက္ကသိုလ်များတွင်လည်း နည်းပညာရပ်အသစ်များ သင်ကြားပေးရန်နှင့် အအေးပေးနည်းပညာလုပ်ငန်းများ ဆက်လက်ရပ်တည်နိုင်ရေး ဖန်တီးပေးရန် အထူးပင် လိုအပ်ကြောင်းနှင့် အနာဂတ်တွင် အပူချိန်ထိန်းညှိနည်းပညာတိုးတက်စေရန်၊ တိုးတက်လာသည့် နည်းပညာများကို အစဉ်လေ့လာပြီး အိုဇုန်းလွှာနှင့် ရာသီဥတုစနစ် မထိခိုက်စေရေး စနစ်တကျအသုံးချနိုင်ရန်အတွက် မိမိတို့ဌာနဆိုင်ရာများသာမက လုပ်ငန်းရှင်များနှင့် ပြည်သူလူထုမှ အားလုံးပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် လိုအပ်ကြောင်း တိုက်တွန်းပြောကြားသည်။






ထို့နောက် ၂၀၂၄ ခုနှစ် ကမ္ဘာ့အအေးပေးပစ္စည်းများနေ့အထိမ်းအမှတ် အသိပညာပေးဗီဒီယိုကို ကြည့်ရှုအားပေးပြီး ခင်းကျင်းပြသထားသည့် ပြခန်းများကို လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

☆ စာမျက်နှာ ၇ မှ

**“တရုတ်ပြည်သူ့သမ္မတနိုင်ငံသည် မြန်မာနိုင်ငံနှင့်အတူ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး မူကြီး (၅) ရပ်ကို ပြန့်ပွားစေပြီး လက်တွေ့ကျင့်သုံးသည့် စံနမူနာအဖြစ် ဆောင်ရွက်ရန်၊ နိုင်ငံအချင်းချင်း ကူးလူးဆက်ဆံမည့် စံနမူနာအဖြစ် ရပ်တည်ရန်၊ နိုင်ငံတကာအသိုက်အဝန်းမှ လူသားကံကြမ္မာတူ အသိုက်အဝန်း လက်တွဲတည်ဆောက်မှုအား တွန်းအားပေးရန် ဆန္ဒရှိပါကြောင်း”** ပြောကြားမှုက ထပ်မံသက်သေထူနေပါသည်။

ထိုအချိန်က မြန်မာနိုင်ငံ၏ နိုင်ငံတော်သမ္မတတာဝန်ထမ်းဆောင်သူကလည်း **“ထိုမူကြီး (၅) ရပ်ကို အခြေခံပြီး တည်ဆောက်ခဲ့သည့် မိမိတို့နှစ်နိုင်ငံဆက်ဆံရေးသည် ပိုမိုတိုးတက်ခိုင်မာလာပြီး ၂၀၁၁ ခုနှစ်တွင် မိမိတို့နှစ်နိုင်ငံအကြား ဆက်ဆံရေးကို ဘက်စုံမဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေးသို့ တိုးမြှင့်နိုင်ခဲ့ကြောင်း”** ပြန်လည်ပြောကြားမှုများက မူကြီး(၅)ရပ်ကို နှစ်နိုင်ငံခေါင်းဆောင်များက လေးစားလိုက်နာခဲ့ကြကြောင်း ထင်ရှားသည့်သာဓကပါ။

အချုပ်အားဖြင့် တရုတ်-မြန်မာ နှစ်နိုင်ငံ ဆက်ဆံရေးသည် ယနေ့နိုင်ငံတော်အကြီးအကဲဖြစ်သော ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ဆောင်းပါးအစမှာ မိန့်ကြားခဲ့သည့် **“အိမ်နီးချင်းထက် စိတ်ချရတဲ့ မိတ်ဆွေနိုင်ငံဆိုတာ မရှိပါဘူး”၊ “အိမ်နီးချင်းဆိုတာ အရင်းအနှီးဆုံးနိုင်ငံဖြစ်ရမယ်”၊ “အိမ်နီးချင်းကောင်းပဲဖြစ်ရမယ်”** ဆိုသည့် အိမ်နီးချင်းကျင့်ဝတ်ကောင်းများကို ခေတ်အဆက်ဆက် နှစ်နိုင်ငံခေါင်းဆောင် အမွန်အမြတ်များနှင့် ပြည်သူများအနေဖြင့် **“ငါတို့သည် ဆွေမျိုးပေါက်ဖော်”၊ “ထာဝရမိတ်ဆွေနိုင်ငံများ”၊ “အမြဲတမ်း မဟာမိတ်ဆက်ဆံရေး”** ဟူသည့် အမြင်ဖြင့် ခိုင်မာစွာအကောင်အထည်ဖော်မှုများကြောင့် နှစ်ပေါင်း (၇၀) တိုင်သည်အထိ ခိုင်မြဲခဲ့ခြင်းဖြစ်ပါသည်။

**“ဤချစ်ကြည်ငြိမ်းချမ်းရေး ငါးပါးသီလ”၊ “ဤအိမ်နီးနားချင်းကောင်းကျင့်ဝတ်”၊ “ဤခိုင်မာသည့် ဆွေမျိုးပေါက်ဖော် စိတ်ရင်းအမွန်အမြတ်”** တို့သည် နှစ်နိုင်ငံအပြန်အလှန် ချစ်ကြည်လေးစားယုံကြည်မှုကို ဒုတိယနဝဒေးကြီး၏ မော်ကွန်းမှာ ရေးထိုးခဲ့သည့် **“တရုတ် မြန်မာ၊ မင်းတို့မှာလျှင်၊ ကမ္ဘာရှည်မြဲ၊ မြေမရွေ့သို့”** ဟူသည့် အစဉ်အလာကောင်းနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ် မာရှယ် “ချင်ယီ” ၏ ၁၉၅၆ ခုနှစ်တွင် ရေးသားခဲ့သည့် **“မြန်မာပြည်မှ မိတ်ဆွေများအတွက်”** ကဗျာမှ **“ကျွန်ုပ်တို့သည် အိမ်နီးချင်းများပါ၊ ကျွန်ုပ်တို့၏ ချစ်ကြည်မှု အစွန့်ရှည်ကြာခဲ့ပြီ”** ဟူသည့် **“ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ကြသည့် အိမ်နီးနားချင်းကောင်းများဘဝဖြင့် ဒေသတွင်း အေးချမ်းတည်ငြိမ်မှု”**ကို ဆက်လက်ခိုင်မြဲစွာ ထိန်းသိမ်းနေကြလိမ့်မည်ဟု ယုံကြည်မိပါကြောင်းနှင့် ထိန်းသိမ်းခဲ့ကြသည့် ထိန်းသိမ်းနေဆဲ နှစ်နိုင်ငံခေါင်းဆောင် အမွန်အမြတ်များအား လေးစားစွာဖြင့် ဂုဏ်ပြုရေးသားလိုက်ရပါသည်။ ။

# မြန်မာနိုင်ငံဂီတနေ့ အထိမ်းအမှတ် တေးဂီတဖျော်ဖြေပွဲ ကျင်းပ ဂီတအလွှာအသီးသီးမှ အနုပညာရှင်များ၊ တေးသီချင်းချစ်သူပရိသတ်များ ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲ

**ရန်ကုန် ဇွန် ၂၇**

မြန်မာနိုင်ငံ ဂီတအစည်းအရုံး (ဗဟို)က ဦးဆောင်ကျင်းပသည့် မြန်မာနိုင်ငံဂီတနေ့ အထိမ်းအမှတ်တေးဂီတဖျော်ဖြေပွဲ အခမ်းအနားကို ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ ကျင်းပသည်။

**တက်ရောက်**

အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ မြန်မာနိုင်ငံရုပ်ရှင်၊ ဂီတ၊ သဘင်အစည်းအရုံးများမှ နာယကများနှင့် ဥက္ကဋ္ဌများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် တေးသီချင်းချစ်သူ ပရိသတ်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းတို့သည် အခမ်းအနားသို့ တက်ရောက်လာကြသည့် တေးသံရှင်များနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံဂီတနေ့ အထိမ်းအမှတ် တေးဂီတဖျော်ဖြေပွဲသို့ တက်ရောက် အားပေးကြသည့် တေးသီချင်းချစ်သူပရိသတ်များ လက်ကိုင်ဝှေ့ယမ်း အားပေးနိုင်ရန်အတွက် ငွေကျပ် သိန်း ၃၀





ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် တက်ရောက်လာကြသူများ မြန်မာနိုင်ငံ ဂီတနေ့အထိမ်းအမှတ် တေးဂီတဖျော်ဖြေပွဲတွင် သီဆိုဖျော်ဖြေမှုအား ကြည့်ရှုအားပေးစဉ်။

တန်ဖိုးရှိ အလှလက်ကိုင်မီး ၁၀၀၀ အား မေတ္တာလက်ဆောင် ပေးအပ်ရာ အဆိုပါ အလှလက်ကိုင်မီးများဖြင့် ပရိသတ်များက တစ်ခဲနက်ကြည့်ရှုအားပေး၍ လိုက်ပါသီဆိုကြသည်။

**ဂုဏ်ပြုပန်းစည်းပေးအပ်**

ယင်းနောက် မြန်မာနိုင်ငံဂီတနေ့ အထိမ်းအမှတ်အဖြစ် ဆင်ကြီးဂဋ္ဌုန်ချီ၊ လူ့ချွန်လူကောင်း၊ မြန်မာ့စိတ်ရင်း မြန်မာ့ရှုခင်း၊ နဂါးနီ၊ နိုင်ငံတော်သီချင်းနှင့် စည်းလုံးခြင်းအတွက် သီးချင်းတစ်ပုဒ်တို့ကို အဖွင့်တီးလုံးအဖြစ် Performance အကများဖြင့် တီးခတ်ဖျော်ဖြေကြသည်။

ဆက်လက်၍ မြန်မာနိုင်ငံဂီတအစည်းအရုံး (ဗဟို) ဥက္ကဋ္ဌ ဦးလွင်မြင့်အား မြန်မာနိုင်ငံသဘင် အစည်းအရုံးဥက္ကဋ္ဌ ဦးဖိုးချစ်နှင့် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး ဥက္ကဋ္ဌ ဦးကြည်စိုးထွန်းတို့က ဂုဏ်ပြုပန်းစည်းများ ပေးအပ်ကြသည်။

ထို့နောက် တေးဂီတဖျော်ဖြေပွဲတွင် စန္ဒရားဘိုတာထွန်းညွှန့် တေးဂီတအဖွဲ့၊ ART ROBOT (သုခုမစက်ရုပ်များ) တေးဂီတအဖွဲ့၊ IMMORTAL BAND & PLUS THREE တေးဂီတအဖွဲ့၊ HORIZOON တေးဂီတအဖွဲ့တို့က ဖျော်ဖြေတီးခတ်ပေးပြီး ထား၊ မြန်မာပြည်သိန်းတန်၊ တင်ဦးလေး၊ သန်းမြတ်စိုး၊ ကေတုဝင်းထွဋ်၊ ခင်မောင်ထူး၊ ဘိုဘိုဟန်၊ ဂျက်မြသောင်း၊ မေရှက်ဝါ၊ Lဆိုင်းဇီ၊ အိုင်းရင်းဇင်မာမြင့်၊ နော်နော်၊ ဖိုးသောကြာ၊ ကောင်းဆက်၊ ဝေလ၊ ညီမင်းခိုင်၊ ပူစူး၊ အောင်ထက်၊ အစ္စဏီ၊ ဇွဲပြည့်၊ ဟန်ထူးဈာန်၊ ရဲထိုက်၊ သီရိဂျေမောင်မောင်၊ ဂျေညီမလေး၊ ပိုပို၊ မီးနို၊ အိအိ၊ ချယ်ရီသင်း၊ မေသက်ထားဆွေ၊ အေးမြဖြူ၊ ဖြိုးကျော်ထိုက်၊ ဆိုင်းစံ၊ မေစံပယ်ညို၊ အောင်အေးချစ်၊ ရွှေနန်းထက်၊ စစ်မာန်နှင့် ကြည်ဖြူခင်တို့က တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေကြပြီး ယနေ့ဖျော်ဖြေပွဲတွင် စုစုပေါင်း တေးသီချင်းပုဒ်ရေ ၈၀ ခန့် သီဆိုဖျော်ဖြေခဲ့ကြသည်။

၁၉၃၆ ခုနှစ် ဇွန် ၂၇ ရက်တွင် မြင်းခြံမြို့၌ ကျင်းပခဲ့သော ဒုတိယ အကြိမ်မြောက် တို့ဗမာအစည်းအရုံး ညီလာခံကြီးက တို့ဗမာသီချင်းကို အမျိုးသားသီချင်းအဖြစ် အတည်ပြု ပြဋ္ဌာန်းခဲ့သည်။ မြန်မာ့ဂီတနေ့ သတ်မှတ်နိုင်ရန်အတွက် ဂီတပညာရှင်များက အကြံပြုကြရာ မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှု သမိုင်းစဉ်တွင် မြန်မာ တိုင်းရင်းသားများ၏ တိုင်းချစ်၊ ပြည်ချစ် စိတ်ဓာတ်၊ အမျိုးသားရေးစိတ်ဓာတ်များကို မြှင့်တင်ပေးသော သမိုင်းပေးတာဝန်ကျေပွန်ခဲ့ကြသည့် ဂီတပညာရှင်ကြီးများကို ဂုဏ်ပြုရာ၊ ဂုဏ်တင်ရာ၊ ဂုဏ်ယူစရာဖြစ်အောင်၊ ဂီတသမားများ ထာဝစဉ် အမျိုးသားရေးစိတ်ဓာတ် ရှင်သန်နေစေရအောင် တို့ဗမာသီချင်းကို အမျိုးသားသီချင်းအဖြစ် အတည်ပြုပြဋ္ဌာန်းလိုက်သော ဇွန် ၂၇ ရက်ကို မြန်မာ့ဂီတနေ့အဖြစ်သတ်မှတ်ရန် ၂၀၂၃ ခုနှစ် ဇွန် ၄ ရက်က ကျင်းပခဲ့သည့် မြန်မာနိုင်ငံ ဂီတအစည်းအရုံး အလုပ်အမှုဆောင်အဖွဲ့ အစည်းအဝေးတွင်သတ်မှတ်အတည်ပြုခဲ့ခြင်းဖြစ်သည်။

**သမိုင်းဝင်ဂီတနေ့**

မြန်မာနိုင်ငံဂီတ အစည်းအရုံး (ဗဟို)က သမိုင်းဝင်ဂီတနေ့ဖြစ်သော ဇွန် ၂၇ ရက်ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် နှစ်စဉ်ဂီတပြိုင်ပွဲများ၊ ပြပွဲများ၊ ဂီတဆုချီးမြှင့်ပွဲများနှင့် ဂီတနှင့် ပတ်သက်သော လှုပ်ရှားမှုများကို အကောင်အထည်ဖော်နိုင်ရန် ဆောင်ရွက်လျက်ရှိသည်။

ယနေ့ ဇွန် ၂၇ ရက်တွင် ကျရောက်သည့် မြန်မာနိုင်ငံ ဂီတနေ့ ဂီတဖျော်ဖြေပွဲသို့ ဂီတအလွှာအသီးသီးမှ အနုပညာရှင်များ၊ တေးသီချင်းချစ်သူပရိသတ်များ စုံညီစွာ တက်ရောက်ကြပြီး ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲလျက်ရှိကြသည်။

**သတင်းစဉ်**



မြန်မာနိုင်ငံဂီတနေ့ အထိမ်းအမှတ် တေးဂီတဖျော်ဖြေပွဲ ကျင်းပစဉ်။




မြန်မာနိုင်ငံဂီတအစည်းအရုံး (ဗဟို) ဥက္ကဋ္ဌ ဦးလွင်မြင့်အား မြန်မာနိုင်ငံသဘင်အစည်းအရုံးဥက္ကဋ္ဌ ဦးဖိုးချစ်က ဂုဏ်ပြုပန်းစည်း ပေးအပ်စဉ်။

## ပင်လောင်းနှင့် ဖယ်ခုံမြို့နယ်များရှိ သမဝါယမလုပ်ငန်းများဆောင်ရွက်နေမှု တာဝန်ရှိသူများ ကွင်းဆင်းဆောင်ရွက်

**တောင်ကြီး ဇွန် ၂၇**

ရှမ်းပြည်နယ် ပင်လောင်းနှင့်ဖယ်ခုံမြို့နယ်တို့ရှိ သမဝါယမလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ပြည်နယ်သမဝါယမဦးစီးဌာနညွှန်ကြားရေးမှူး ဦးကျော်မိုးတင့်နှင့် တာဝန်ရှိသူများက ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်သမဝါယမဦးစီးဌာနများမှ ဝန်ထမ်းများနှင့် တွေ့ဆုံခဲ့ပြီး သက်ဆိုင်ရာမြို့နယ်များရှိ တာဝန်ရှိသူများက မိမိတို့လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို တင်ပြကြရာ ညွှန်ကြားရေးမှူး ဦးကျော်မိုးတင့်က လိုအပ်သည်များ ရှင်းလင်းဆောင်ရွက်ပေးခဲ့သည်။

**တွေ့ဆုံ**

ဆက်လက်ပြီး ပင်လောင်းမြို့နယ် သမဝါယမအသင်းစု၌ အသင်းအမှုဆောင်များနှင့် တွေ့ဆုံ၍ အသင်းလုပ်ငန်းများဆောင်ရွက်နေမှုနှင့် သမဝါယမအသင်းစုပိုင် မြရတနာတည်းခိုခန်းဖွင့်လှစ်ထားရှိမှု၊ စာရေးကိရိယာနှင့် လူသုံးကုန်ပစ္စည်း ရောင်းချနေသည့် သမဝါယမအသင်းဆိုင်များ ဖွင့်လှစ်ရောင်းချနေမှုတို့ကို ကြည့်ရှု၍ သက်သာသောဈေးနှုန်းဖြင့် အသင်းသားပြည်သူများသို့ ရောင်းချပေးရန်နှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး အလေးထားဆောင်ရွက်သွားရန် မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံ(၂၀၂၄) အောင်မြင်စွာ ကျင်းပပြီးစီး




**နေပြည်တော် ဇွန် ၂၇**

မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံ(၂၀၂၄) တတိယနေ့ Plenary Session ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ ၌ ဆက်လက်ကျင်းပရာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ၊ ပညာရေးဝန်ကြီးဌာနနှင့်ဆက်စပ်ဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ပညာရှင်ကြီးများ၊ ပါမောက္ခများ၊ စာတမ်းရှင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ဆွေးနွေးကြသည်။

ယနေ့တွင် ညီလာခံဒုတိယနေ့က ပြုလုပ်ခဲ့သော ဆွေးနွေးပွဲခေါင်းစဉ်ကြီးခြောက်ခုဖြင့် စာတမ်းရှင်များနှင့် တက်ရောက်သူများ အကြံပြုဆွေးနွေးညှိနှိုင်းရရှိခဲ့သည့် ဆွေးနွေးပွဲရလဒ် ရှေ့လုပ်ငန်းစဉ်များကို သက်ဆိုင်ရာဆွေးနွေးပွဲအုပ်စု သဘာပတိနှင့် စာတမ်းရှင်များက တင်ပြ ကြပြီး တက်ရောက်လာသူများက ဆွေးနွေးညှိနှိုင်းကြသည်။

ဆက်လက်၍ Parallel Session– 1 မှ စာတမ်းရှင်များကိုယ်စား ပညာရေးသုတေသန စီမံကိန်းနှင့်လေ့ကျင့်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာဇော်လတ်ထွန်းက **“အခြေခံပညာကဏ္ဍတိုင်းချစ်ပြည်ချစ်စိတ်ရှိသော လူငယ်များပေါ်ထွက်လာစေရေး”** ခေါင်းစဉ်ဖြင့် ဖတ်ကြားဆွေးနွေးခဲ့ကြသည့် စာတမ်းခြောက်စောင်၏ ရေတိုရေရှည်လုပ်ငန်းစဉ်များ၊ အကြံပြုဆွေးနွေးချက်များနှင့် စပ်လျဉ်း၍ စာတမ်းအကျဉ်းချုပ်ကို ဖတ်ကြားတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေက အခြေခံပညာကဏ္ဍကျောင်းများတွင် တိုင်းချစ်ပြည်ချစ်စိတ်ရှိသော လူငယ်များပေါ်ထွန်းလာရေးနှင့် အခြေခံပညာကျောင်းများတွင် ကျောင်းကျန်းမာရေးလုပ်ငန်းဆောင်ရွက်မှု အကြံပြုချက်များအပေါ် ဆွေးနွေးပြောကြားပြီး တက်ရောက်လာသူများက အကြံပြုဆွေးနွေးကြသည်။

ယင်းနောက် Parallel Session– 2 မှ စာတမ်းရှင်များကိုယ်စား ရန်ကုန်တက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာချိုချိုက **“အဆင့်မြင့်ပညာကဏ္ဍ အရည်အသွေးပြည့်ဝသော ပညာတတ်များမွေးထုတ်ရေး”**ခေါင်းစဉ်ဖြင့် ဖတ်ကြားဆွေးနွေးခဲ့ကြသည့် စာတမ်းခြောက်စောင်၏ ရေတိုရေရှည်လုပ်ငန်းစဉ်များ၊ အကြံပြုဆွေးနွေးချက်များနှင့် စပ်လျဉ်း၍ စာတမ်းအကျဉ်းချုပ်ကို ဖတ်ကြားတင်ပြရာ စာတမ်းပါအကြောင်းအရာများနှင့်ပတ်သက်၍ အမြဲတမ်းအတွင်းဝန် ဒေါက်တာစိုးဝင်းက အကြံပြုချက်များအပေါ် ဆွေးနွေးပြောကြားပြီး တက်ရောက်လာသူများက အကြံပြုဆွေးနွေးကြသည်။

မွန်းလွဲပိုင်းတွင် Parallel Session –3 မှ စာတမ်းရှင်များကိုယ်စား အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်(မန္တလေး) ဒုတိယပါမောက္ခချုပ် ဒေါ်အေးစန္ဒာအောင်က **“ထုတ်လုပ်မှုကိုအားပေးသော သက်မွေးပညာတိုးတက်ရေး”** ခေါင်းစဉ်ဖြင့် ဖတ်ကြားဆွေးနွေးခဲ့ကြသည့် စာတမ်းခြောက်စောင်၏ ရေတိုရေရှည်လုပ်ငန်းစဉ်များ၊ အကြံပြုဆွေးနွေးချက်များနှင့်စပ်လျဉ်း၍ လည်းကောင်း၊ Parallel Session –4 မှ စာတမ်းရှင်များကိုယ်စား ဆရာအတတ်ပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာအေးဖြူဇင်က **“ဆရာဆရာမများ၏အရည်အသွေးစဉ်ဆက်မပြတ်မြှင့်တင်ရေး”**ခေါင်းစဉ်ဖြင့် ဖတ်ကြားဆွေးနွေးခဲ့ကြသည့် စာတမ်းခြောက်စောင်၏ ရေတိုရေရှည်လုပ်ငန်းစဉ်များ၊ အကြံပြုဆွေးနွေးချက်များနှင့်စပ်လျဉ်း၍ လည်းကောင်း၊ Parallel Session –5 မှ စာတမ်းရှင်များကိုယ်စား မွေးမြူရေးသုတေသနဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာဆောဘောင်မ်က **“သုတေသနနှင့်တီထွင်ဆန်းသစ်မှု ဖွံ့ဖြိုးတိုးတက်ရေး”** ခေါင်းစဉ်ဖြင့် ဖတ်ကြားဆွေးနွေးခဲ့ကြသည့်စာတမ်းခြောက်စောင်၏ရေတိုရေရှည်လုပ်ငန်းစဉ်များ၊ အကြံပြုဆွေးနွေးချက်များနှင့်စပ်လျဉ်း၍လည်းကောင်း၊ Parallel Session– 6 မှ စာတမ်းရှင်များကိုယ်စား ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာနီနီအောင်က **“အရည်အသွေးအာမခံမှုရှိသောပညာရေးစနစ် ပိုမိုအားကောင်းလာစေရေး”** ခေါင်းစဉ်ဖြင့် ဖတ်ကြားဆွေးနွေးခဲ့ကြသည့် စာတမ်းခြောက်စောင်၏ ရေတိုရေရှည်လုပ်ငန်းစဉ်များ၊ အကြံပြုဆွေးနွေးချက်များနှင့် စပ်လျဉ်း၍ လည်းကောင်း စာတမ်းအကျဉ်းချုပ်ကို ဖတ်ကြားတင်ပြကြရာ တက်ရောက်လာကြသူများက ဆွေးနွေးကြသည်။

ထို့နောက် ပညာရေးဝန်ကြီးဌာန မြန်မာနိုင်ငံတိုင်းရင်းသားဘာသာစကားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကိုလေးဝင်းက မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံ (၂၀၂၄)၏ ဆွေးနွေးမှုအနှစ်ချုပ်အစီရင်ခံစာကို တင်ပြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ယခုလိုညီလာခံကြီးကချမှတ်လိုက်သည့် ရေတိုရေရှည်လုပ်ငန်းအစီအမံများကို အောင်မြင်အောင် ဟန်ချက်ညီညီနှင့် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးကြရန် တက်ရောက်လာကြသည့် ပညာရှင်ကြီးများ၊ ဆရာ ဆရာမများ၊ ဝန်ထမ်းများအားလုံးကို တိုက်တွန်းလိုကြောင်း၊ ကျောင်းသား ကျောင်းသူများ၏ အသိပညာ၊ အတတ်ပညာကို မြင့်မားအောင်မြှင့်တင်ပေးနိုင်သူ၊ မေတ္တာ၊ ကရုဏာ၊ မုဒိတာတရားတို့ပွားများအောင် ပဲ့ပြင်ဆုံးမနိုင်သူ၊ ဘဝလမ်းတစ်လျှောက် ဖြောင့်မတ်အောင်လမ်းပြပေးနိုင်သူသည် ဆရာဆရာမများ ဖြစ်သည့်အတွက် မိမိတို့၏တပည့်သားမြေးများ၏ အနာဂတ်ဘဝသာယာလှပရေး ဆရာ့ဂုဏ်နှင့်အညီ ပျိုးထောင်ပေးရင်း ညီလာခံကြီး၏ ရှေ့လုပ်ငန်းအစီအမံများအောင်မြင်စေရန် တစ်ဖက်တစ်လမ်းမှ လက်တွဲဆောင်ရွက်ကြစေလိုကြောင်းပြောကြားကာ ညီလာခံအောင်မြင်စွာပြီးမြောက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ဒလမြို့နယ်၌ အားကစားနှင့်လူငယ်ရေးရာအသိပညာပေးဟောပြောပွဲ ကျင်းပ



**ဒလ ဇွန် ၂၇**

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ် အားကစားနှင့်ကာယပညာဦးစီးဌာန၏ စီစဉ်မှုဖြင့် အားကစားနှင့်လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲ အခမ်းအနားကို ယနေ့နံနက်၉ နာရီခွဲတွင် အထက (၁) ယုဇနခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ပညာရေးမှူး ဒေါ်မြင့်မြင့်အေးက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနမှ အားကစားမှူး ဒေါ်အေးနန္ဒာကျော်က အားကစားနှင့် လူငယ်ခေါင်းစဉ်ဖြင့် လည်းကောင်း၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၂) ဦးရွှေလှိုင်က လူငယ်ရေးရာ သိမှတ်စရာများခေါင်းစဉ်ဖြင့် ဆွေးနွေးဟောပြောခဲ့သည်။

ဆက်လက်၍ ဒလမြို့နယ် အထက(၄) ကျောင်းသားကျောင်းသူလေးများက fitness dance သရုပ်ပြကစားခဲ့ကြသည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၂)ဦးရွှေလှိုင်က အားကစားပစ္စည်းများ ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာကြီး ဦးမောင်မောင်စံက လက်ခံရယူခဲ့ပြီး fitness dance သရုပ်ပြသခဲ့ကြသော အထက(၄)ကျောင်းသား ကျောင်းသူများအား မြို့နယ်ဆည်မြောင်းဦးစီးဌာနက ဦးစီးအရာရှိ ဦးဇော်ဝဏ္ဏက ဂုဏ်ပြုဆုငွေချီးမြှင့်ခဲ့သည်။

**အေးမြမိုး(ပြန်/ဆက်)**



## ဖြူးမြို့နယ်၌ ကျောင်းကျန်းမာရေး လှုပ်ရှားမှုများ ဆောင်ရွက်

**ဖြူး ဇွန် ၂၇**

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ်အတွင်း အခြေခံပညာကျောင်းများ၌ ကျောင်းကျန်းမာရေးလှုပ်ရှားမှုများ ဆောင်ရွက်လျက်ရှိရာ ယမန်နေ့မွန်းလွဲပိုင်းက အထက(၂) ကျောင်းရှိ ကျောင်းသား ကျောင်းသူများအား တစ်ကိုယ်ရေသန့်ရှင်းရေးအတွက် ကျန်းမာရေးစစ်ဆေးမှုများဆောင်ရွက်ပေးပြီး အသိပညာပေးဟောပြောခြင်းများကို မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် KGတန်း/မူလတန်းအဆင့် ကျောင်းသား ကျောင်းသူများအား တစ်ကိုယ်ရေသန့်ရှင်းရေးကျန်းမာရေးစစ်ဆေးပေးပြီး အလယ်တန်း/အထက်တန်းအဆင့် ကျောင်းသားကျောင်းသူများအား ခြင်ကိုက်ခံရမှုကြောင့် ဖြစ်ပွားတတ်သည့် သွေးလွန်တုပ်ကွေးရောဂါအကြောင်း၊ ဆင်ခြေထောက်ရောဂါအကြောင်း၊ ငှက်ဖျားရောဂါအကြောင်းများကို ဖြူးမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဆေးရုံအုပ်ကြီးဒေါက်တာ အောင်ကျော်မိုးနှင့် ငှက်ဖျားတိုက်ဖျက်ရေး တာဝန်ခံ ဦးဇော်လင်းမောင်တို့က အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

**နေမျိုးလွင်(ပြန်/ဆက်)**

## သာစည်မြို့နယ်၌ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် စိုက်ပျိုးထားသည့်နှမ်းစပါး စံကွက်ရိတ်သိမ်း

**သာစည် ဇွန် ၂၇**

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် မင်းလှကျေးရွာ၌ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် စိုက်ပျိုးထားသည့် နွေစပါးစံကွက်ရိတ်သိမ်းပွဲကို ယနေ့နံနက် ၉ နာရီတွင် ကွင်းအမှတ်(၁၈၄၂) ဦးပိုင်အမှတ်(၁၇) တောင်သူ ဦးကိုကိုကြီး၏ နွေစပါး(GW-18) တစ်ဧကြ၌ ပြုလုပ်ကြောင်း သိရသည်။

အဆိုပါ စံကွက်ရိတ်သိမ်းရာသို့ မြို့နယ်စံကွက်ရိတ်သိမ်းရေးအဖွဲ့ဥက္ကဋ္ဌဦးမျိုးသက်ကျော်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များက ကွင်းဆင်းကြည့်ရှုအားပေးကြပြီး သက်ဆိုင်ရာဌာနဝန်ထမ်းများက တစ်ဧကစံကွက်ကို ရိတ်သိမ်းရာ တစ်ဧက စပါး ၁၂၇ တင်းထွက်ရှိကြောင်း သိရသည်။ သာစည်မြို့နယ်တွင် ဘိုကုန်းမြို့မနှင့် မင်းလှကျေးရွာတို့၌ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် နွေစပါးဧက ၁၀၀ စိုက်ပျိုးထားကြောင်းနှင့်မြို့နယ်အတွင်း စုစုပေါင်းနွေစပါး ၆၅၉ ဧက စိုက်ပျိုးထားကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# နေပြည်တော် လယ်ဝေးမြို့နယ် အခြေခံပညာအထက်တန်းကျောင်း(အေလာ) စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ကျင်းပ

နေပြည်တော် ဇွန် ၂၇

ပြည်ထောင်စုနယ်မြေ နေပြည်တော် လယ်ဝေးမြို့နယ် အခြေခံပညာအထက်တန်းကျောင်း (အေလာ) စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် အဆိုပါကျောင်းခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

အခမ်းအနားသို့ နေပြည်တော်စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှုကော်မတီဥက္ကဋ္ဌ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးနှင့် ဇနီး၊ မြန်မာနိုင်ငံစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှုကော်မတီအတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်၊ နေပြည်တော်ကောင်စီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ နေပြည်တော် အမျိုးသမီးရေးရာအဖွဲ့ နာယက၊ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌများ၊ ရပ်မိ၊ ရပ်ဖများ၊ လူမှုရေးအသင်းအဖွဲ့များ၊ စာပေပညာရှင်များနှင့် အကဲဖြတ်ဒိုင်များ၊ အလှူရှင်များ၊ ကျောင်းအကျိုးတော်ဆောင်များ၊ ဆရာ ဆရာမနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ အခြေခံပညာ အထက်တန်းကျောင်း (အေလာ) မှ ကျောင်းသား ကျောင်းသူများက "အမျိုးသားစာပေယဉ်ကျေးမှုအမွေ" တေးသီချင်းဖြင့် အခမ်းအနားကို ဖွင့်လှစ်ပေးပြီး "ပညာဘဏ်တိုက် စာကြည့်တိုက်သို့ သွားကြစို့" ဗီဒီယို Clip ပြသသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌက စာဖတ်ခြင်းသည် ဘဝတစ်သက်တာအတွက်



လွန်စွာ အကျိုးကျေးဇူးရှိစေသောကြောင့် ကလေးငယ်များကို ငယ်စဉ်မှစ၍ စာဖတ်သည့် အလေ့အထကိုပျိုးထောင်ပေးရန် အရေးကြီးကြောင်း၊ စာဖတ်ရှိန်မြှင့်တင်ရေးလုပ်ငန်းများသည် ရေရှည်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်တစ်ခုဖြစ်ပြီး ကျောင်းသား ကျောင်းသူများအနေဖြင့် နေ့စဉ်စာဖတ်ရာ၌ သုတ၊ ရသ ပညာရပ်အစုံကို ဖတ်ရှုကြရန်နှင့် နောင်တစ်ချိန် နိုင်ငံတော်က အားကိုးအားထားရသော သားကောင်း သမီးကောင်း ပညာရှင်များ ပေါ်ထွန်းရေးအတွက် ကြိုးစားကြရန်လိုအပ်ကြောင်း ပြောကြားပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌက လယ်ဝေးမြို့နယ်အတွင်း စာကြည့်တိုက် တည်ဆောက်ရန်အတွက် အလှူငွေကျပ် သိန်း ၁၅၀ နှင့် သုတရသစာအုပ်စာစောင် အုပ်ရေ ၁၀၀၀ ကို ပေးအပ်လှူဒါန်းရာ လယ်ဝေးမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက လက်ခံရယူသည်။

ယင်းနောက် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်က အခြေခံပညာအထက်တန်းကျောင်း(အေလာ)မှ "အမျိုးသားစာပေယဉ်ကျေးမှုအမွေ" တေးသီချင်းဖြင့် သီဆိုဖျော်ဖြေကြသည့် ကျောင်းသား ကျောင်းသူများအတွက် ဂုဏ်ပြုဆုငွေများကို လည်းကောင်း၊ အလှူရှင်များက အခြေခံပညာအထက်တန်းကျောင်း (အေလာ) ကျောင်းစာကြည့်တိုက်အတွက် အလှူငွေများနှင့် သုတရသစာအုပ်စာစောင်များကိုလည်းကောင်း ချီးမြှင့်ပေးအပ်လှူဒါန်းကြရာ ကျောင်းအုပ်ဆရာမကြီးနှင့် တာဝန်ရှိသူများက လက်ခံရယူကြသည်။

ထို့နောက် အမျိုးသားစာပေဆုရှင် စာရေးဆရာ မောင်စိမ်းနောင်(လယ်ဝေး)က စာပေလေ့လာဖတ်ရှုမှု အကျိုးကျေးဇူးများကို ဟောပြောဆွေးနွေးသည်။

အခမ်းအနားအပြီးတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီး ဦးရဲတင့်၊ နေပြည်တော်ကောင်စီဝင်များနှင့် တာဝန်ရှိသူများက စာပေဆွေးနွေးပွဲ (Book Club) ဆွေးနွေးနေမှု၊ ကျောင်းသား ကျောင်းသူများ စာစီစာကုံးပြိုင်ပွဲ၊ ပုံပြင်ပြောပြိုင်ပွဲ၊ ကဗျာရွတ်ဆိုပြိုင်ပွဲ၊ ကျပန်းစကားပြော ပြိုင်ပွဲ၊ ဉာဏ်စမ်းပဟေဠိပြိုင်ပွဲများ ယှဉ်ပြိုင်နေမှု၊ စာအုပ်စာစောင်များ၊ ဓာတ်ပုံမှတ်တမ်းများ၊ စာအုပ်အရောင်းဆိုင်များ၊ ကျောင်းသား ကျောင်းသူများ ကာယစွမ်းရည်၊ ဉာဏစွမ်းရည်ပြိုင်ပွဲများ ပျော်ရွှင်စွာယှဉ်ပြိုင်နေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုအားပေးကြပြီး ကျောင်းသား ကျောင်းသူများအား စားသောက်ဖွယ်ရာများ ပေးအပ်ကြသည်။

**သီဆိုဖျော်ဖြေ**

မွန်းလွဲပိုင်းတွင် ဆုချီးမြှင့်ပွဲ အခမ်းအနားကို အခြေခံပညာအထက်တန်းကျောင်း (အေလာ)ခန်းမ၌ ကျင်းပရာ တာဝန်ရှိသူများက ပြိုင်ပွဲများတွင် ဆုရရှိကြသူများကို ဆုများပေးအပ် ချီးမြှင့်ကြပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (ရုံးချုပ်) မှ ဖျော်ဖြေရေးတီးဝိုင်းအဖွဲ့က တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေကြသည်။

အခမ်းအနားအပြီးတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့သည် လယ်ဝေးမြို့နယ် သဲကောကြီးကျေးရွာတွင် ကျေးရွာစာကြည့်တိုက် တည်ဆောက်ရန် မြေနေရာလျာထားမှုကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်



# ထားဝယ်မြို့၌ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်သို့ တက်ရောက်ကြည့်ရှုအားပေး

ထားဝယ် ဇွန် ၂၇

တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ စီမံမှုဖြင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသော ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ကို ယနေ့နံနက်ပိုင်းတွင် ထားဝယ်မြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

အခမ်းအနားသို့ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကို၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်ပိုက်ပိုက်အေး၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်၊ ဒုတိယတိုင်းမှူးနှင့်တာဝန်ရှိသူများက ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်အတွင်း ခင်းကျင်းပြသထားသည့် လှပသာယာ ပြည်မြန်မာရောင်စုံဓာတ်ပုံများ၊ စကားရည်လုပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲ၊ ပုံပြင်ပြောပြိုင်ပွဲ၊ ကဗျာရွတ်ဆိုပြိုင်ပွဲ၊ ဆေးရောင်ခြယ်ပြိုင်ပွဲ၊ သတ်ပုံအမှန်ရွေးပြိုင်ပွဲ၊ စကားပုံဆက်ပြိုင်ပွဲ၊ အရုပ်ဆက်ပြိုင်ပွဲနှင့် ပျော်ပွဲရွှင်ပွဲများကို လှည့်လည်ကြည့်ရှုအားပေးပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က ပါဝင်ယှဉ်ပြိုင်သော ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကာ ကျောင်းသုံးဗလာစာအုပ်များ ပေးအပ်ခဲ့သည်။

ယနေ့ကျင်းပသည့် ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်သို့ အခြေခံပညာကျောင်းများနှင့် ကိုယ်ပိုင်အထက်တန်းကျောင်းများမှ ကျောင်းသား ကျောင်းသူ ၃၀၀၀ ခန့် တက်ရောက်ခဲ့ကြပြီး ပွဲတော်တွင် ခင်းကျင်းပြသထားသည့် ပြခန်းများကို စိတ်ပါဝင်စားစွာကြည့်ရှုလေ့လာခဲ့ကြပြီး ပြိုင်ပွဲများနှင့် ပျော်ပွဲရွှင်ပွဲများတွင် ပျော်ပျော်ရွှင်ရွှင် ပါဝင်ဆင်နွှဲကာ ပြိုင်ပွဲတွင် ဆုရရှိသူများကို ဇွန် ၂၈ ရက်တွင် ဆုများပေးအပ်ချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

# သင်္ဃန်းကျွန်းပညာရေးဒီဂရီကောလိပ်၌ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး လှုပ်ရှားမှုအခမ်းအနား ကျင်းပ

ရန်ကုန် ဇွန် ၂၇

ရန်ကုန်တိုင်းဒေသကြီး သင်္ဃန်းကျွန်းပညာရေးဒီဂရီကောလိပ်၌ ယမန်နေ့မွန်းလွဲပိုင်းက ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှုအခမ်းအနားကို စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။

**သီဆိုဖျော်ဖြေ**

ဦးစွာ သင်္ဃန်းကျွန်းပညာရေးဒီဂရီကောလိပ်မှ ကျောင်းသား ကျောင်းသူများနှင့် လေ့ကျင့်ရေးအလယ်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက "ထိန်းသိမ်းစို့လေ စာပေအမွေ" သီချင်းဖြင့် သီဆိုဖျော်ဖြေခဲ့ပြီး ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းက အဖွင့်အမှာစကားပြောကြားခဲ့သည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး စာကြည့်တိုက်များ ကြီးကြပ်ရေးကော်မတီက သင်္ဃန်းကျွန်းပညာရေးဒီဂရီကောလိပ်အတွက် လှူဒါန်းသည့် သုတရသစာအုပ် ၁၀၀ အား တိုင်းဒေသကြီးဝန်ကြီးချုပ်ကပေးအပ်ရာ သင်္ဃန်းကျွန်းပညာရေးဒီဂရီကောလိပ်မှ ကျောင်းအုပ်ကြီး ဒေါက်တာငြိမ်းသီအောင်က လက်ခံရယူခဲ့သည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်များသည် ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး လှုပ်ရှားမှုအဖြစ် ကျင်းပသည့် စာအုပ်စာစောင်နှင့် ဓာတ်ပုံပြခန်းများ၊ သင်္ဃန်းကျွန်းပညာရေး ဒီဂရီကောလိပ်နှင့် သင်္ဃန်းကျွန်းမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူများ၏ ကဗျာရွတ်ဆိုပြိုင်ပွဲ၊ ပုံပြင်ပြောပြိုင်ပွဲ၊ စိတ်ကြိုက်ပန်းချီပြိုင်ပွဲ၊ စာဖတ်စွမ်းရည်ပြိုင်ပွဲနှင့် စာစီစာကုံးပြိုင်ပွဲများစသည့် ကာယ၊ ဉာဏစွမ်းရည်ပြိုင်ပွဲများ ယှဉ်ပြိုင်နေမှုနှင့် စာအုပ်အရောင်းဆိုင်တို့ကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြသည်။

ခရိုင်(ပြန်/ဆက်)



# ရှမ်းပြည်နယ်အတွင်း ပြည်တွင်းလုပ်သား ၁၄၈၄ ဦးနှင့် ပြည်ပလုပ်သား ၆၈ ဦးကို အလုပ်အကိုင်အခွင့်အလမ်းဖန်တီးပေးနိုင်ခဲ့

တောင်ကြီး ဇွန် ၂၇

ရှမ်းပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၅/၂၀၂၄) ကြိမ်မြောက် အစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီက တောင်ကြီးမြို့ ရှမ်းပြည်နယ် အစိုးရရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ရှမ်းပြည်နယ် ရင်းနှီးမြှုပ်နှံမှု ကော်မတီဥက္ကဋ္ဌ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်က ကော်မတီဝင်များအားလုံးသည် ပြည်နယ်အတွင်း ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ပိုမို စီးဝင်လာစေရေးနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ လွယ်ကူချောမွေ့စေရေးကို ပူးပေါင်းဆောင်ရွက်ပေးခြင်းအားဖြင့် ရှမ်းပြည်နယ်၏ ရင်းနှီးမြှုပ်နှံမှုဝန်းကျင်ကောင်းကို ဖော်ဆောင်ပေးကြရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ ရှမ်းပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီအတွင်းရေးမှူး ပြည်နယ်ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူး ဦးလေးနိုင်က Myanmar LT Development Co., Ltd. ၏ တည်ဆောက်ရေးကာလ တိုးမြှင့်ခွင့်ပြုပါရန် တင်ပြလာခြင်းအပေါ် ရှင်းလင်းတင်ပြပြီး တက်ရောက်လာသည့် ကော်မတီအဖွဲ့ဝင်များက အထွေထွေကိစ္စရပ်များကို ဆွေးနွေးကြ၍ ရှမ်းပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကား ပြောကြားသည်။

ရှမ်းပြည်နယ်ရင်းနှီးမြှုပ်နှံမှု ကော်မတီအနေဖြင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ခုနစ်ခု၊ ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ ၁၆ ဒသမ ၁၆၃ သန်းနှင့် မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၁၈ ခု ရင်းနှီးမြှုပ်မှုပမာဏ အမေရိကန်ဒေါ်လာ ၇ ဒသမ ၅၉၂ သန်းအပါအဝင် ကျပ် ၄၆၂၁၆ ဒသမ ၃၀၁ သန်းကို ခွင့်ပြုပေးထားခဲ့ပြီး အဆိုပါလုပ်ငန်းများမှ ရှမ်းပြည်နယ်အတွင်း အလုပ်အကိုင်အခွင့်အလမ်း အနေဖြင့် ပြည်တွင်း ၁၄၈၄ ဦးနှင့် ပြည်ပ ၆၈ ဦးကို ဖန်တီးပေးနိုင်ခဲ့ကြောင်း သိရသည်။



ပြည်နယ်(ပြန်/ဆက်)

# မုံရွာမြို့၌ ၂၀၂၄ ခုနှစ် ကမ္ဘာ့အအေးပေးပစ္စည်းများနေ့အခမ်းအနား ကျင်းပ

မုံရွာ ဇွန် ၂၇

စစ်ကိုင်း တိုင်းဒေသကြီး ၂၀၂၄ ခုနှစ် ကမ္ဘာ့အအေးပေး ပစ္စည်းများနေ့ အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးဝင်းအတွင်းရှိ ချင်းတွင်းခန်းမ၌ ကျင်းပသည်။ အခမ်းအနားသို့ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်နှင့်ဇနီး၊ တိုင်းဒေသကြီး တရားသူကြီးချုပ်နှင့်ဇနီး၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များနှင့်ဇနီးများ၊ တိုင်းဒေသကြီး/ ခရိုင်/ မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။



ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်က နည်းပညာများ ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ နေ့စဉ်လူနေမှုစနစ်တွင် ဖလိုရင်းပါဝင်သည့် အအေးပေးပစ္စည်းများ တီထွင်အသုံးပြုမှုသည် ကျယ်ပြန့်လာခဲ့ပြီး လူနေအိမ်အဆောက်အအုံ၊ စီးပွားရေးဆိုင်ရာလုပ်ငန်း၊ စက်ရုံအလုပ်ရုံ၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်းစသည်တို့တွင် လေအေးပေးစနစ်၊ အပူပေးစနစ်များ အသုံးမပြုသည့်အဆောက်အအုံကြီးများ၊ စက်ရုံများမရှိသလောက် နည်းပါးလာခဲ့ပြီဖြစ်ပါကြောင်း၊ ရာသီဥတုပြောင်းလဲမှုနှင့် အိုဇုန်းလွှာထိခိုက်မှုမရှိဘဲ စွမ်းအင်ကို အကျိုးရှိထိရောက်စွာ အသုံးပြုနိုင်သည့် အအေးပေးစနစ်ဆိုင်ရာ နည်းပညာများ ကျယ်ကျယ်ပြန့်ပြန့် မြင့်တင်အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် ပြည်သူ တစ်ဦးချင်းသာမက အဖွဲ့အစည်းများနှင့် ဌာနဆိုင်ရာများအားလုံးနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီး ပတ်ဝန်းကျင် ထိန်းသိမ်းရေး ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်အောင်မိုးက ကမ္ဘာ့အအေးပေးပစ္စည်းများနေ့ ဖြစ်ပေါ်လာပုံအကြောင်းကို Power Point ဖြင့် ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ၂၀၂၄ ခုနှစ် ကမ္ဘာ့အအေးပေး ပစ္စည်းများနေ့ အထိမ်းအမှတ် ဗီဒီယိုကလစ်ကို ကြည့်ရှုအားပေးကြပြီး တာဝန်ရှိသူများအတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက အခမ်းအနားသို့ တက်ရောက်လာသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကာ ခန်းမအတွင်း ပြသထားသော အအေးပေးပစ္စည်းများ၊ အအေးပေးစက်ပစ္စည်းများဆိုင်ရာ နည်းဥပဒေ၊ ဥပဒေစာအုပ်များနှင့် လှုပ်ရှားမှု မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

# ထားဝယ်မြို့၌ ကမ္ဘာ့အအေးပေးပစ္စည်းများနေ့ အထိမ်းအမှတ်အခမ်းအနားကျင်းပ

ထားဝယ် ဇွန် ၂၇

၂၀၂၄ ခုနှစ် ဇွန် ၂၆ ရက်တွင် ကျရောက်သည့် ကမ္ဘာ့အအေးပေး ပစ္စည်းများနေ့ အထိမ်းအမှတ်အခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းက တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ အမှတ် (၃) အခြေခံပညာ အထက်တန်းကျောင်း ပညာ့ဗိမာန်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဇော်မင်းအုန်းက အအေးပေးပစ္စည်းများကြောင့် လူသားများအကျိုးကျေးဇူး များစွာခံစားကြရသည့်အတွက် အိုဇုန်းလွှာ ပျက်စီးမှုနှင့်ကမ္ဘာကြီးပူနွေးမှုကို မဖြစ်ပေါ်စေရေး ဒြပ်ပစ္စည်းများ အစားထိုးသုံးစွဲကြရန်နှင့်ပတ်သက်သည့်ဗဟုသုတများကို မိမိပတ်ဝန်းကျင်၊ မိမိမိသားစုဝင်များကို ထပ်ဆင့်မျှဝေပေးကြရန် လိုအပ်ကြောင်း ပြောကြားသည်။



ထို့နောက် ခရိုင်ပတ်ဝန်းကျင် ထိန်းသိမ်းရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ပပမင်းက "အပူချိန်ထိန်းညှိ နည်းပညာတိုးတက်ရေး၊ အလေးထားဆောင်ရွက်ပေး" ခေါင်းစဉ်ဖြင့် အသိပညာပေးဟောပြောပြီး တက်ရောက်လာသူများအား ကမ္ဘာ့အအေးပေးပစ္စည်းများနေ့ အထိမ်းအမှတ်ဗီဒီယိုကို ပြသသည်။

ဆက်လက်၍ တိုင်းဒေသကြီးပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူးက အခြေခံပတ်ဝန်းကျင်ဆိုင်ရာ ဘာသာရပ်ဆရာများ လက်စွဲစာအုပ်များကို ပေးအပ်ရာ ကျောင်းအုပ်ဆရာကြီးက လက်ခံရယူပြီး တာဝန်ရှိသူများက ကျောင်းသား ကျောင်းသူများအား အမှတ်တရလက်ဆောင်ပေးအပ်ခဲ့ကြောင်း သိရသည်။ ငွေဇင်ယော်(ထားဝယ်)

# ဝေါမြို့နယ်၌ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

ဝေါ ဇွန် ၂၇

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် သစ်တောဦးစီးဌာနက ဝေါမြို့နယ်အတွင်း မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက် ၈ နာရီတွင် ပြွန်စုကျေးရွာ အခြေခံပညာမူလတန်း(လွန်) ကျောင်း မြေကွက်လပ်၌ ကျင်းပရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမင်းကိုကို ဦးဆောင်သည့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ပြွန်စုကျေးရွာမှ ဒေသခံပြည်သူများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ စုစုပေါင်း ၂၀၀ တို့က ကျောင်းဝင်းအတွင်း ပျဉ်းကတိုး၊ ပိတောက်၊ ပျဉ်းမ၊ ယမနေ၊ သပြေကြီး၊ မန်ကျည်းရှား၊ ခရေ၊ ကံ့ကော်၊ ငုရွှေဝါ၊ စိန်ပန်းကြီး၊ သပြေဘူတ၊ အာဆီယံသပြေစသည့် ပျိုးပင်ပေါင်း ၁၀၀၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။

စိုးမိုး(ပြန်/ဆက်)



# ပေါက်ခေါင်းမြို့နယ်၌ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

ပေါက်ခေါင်း ဇွန် ၂၇

ပဲခူးတိုင်းဒေသကြီး ပေါက်ခေါင်းမြို့နယ်တွင် မြို့နယ်သစ်တောဦးစီးဌာနကကြီးမှူးကျင်းပသည့် ၂၀၂၄ ခုနှစ် မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၂၅ ရက် နံနက်ပိုင်းက စမ်းကလေးကျေးရွာအရှေ့ဘက် အမှတ် (၁) ခရိုင်ချင်းဆက်လမ်းဘေး၌ ကျင်းပသည်။

အဆိုပါ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဖြိုးသူမောင်နှင့်အဖွဲ့ဝင်များ၊ သစ်တောဦးစီးဌာနမြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့်ရပ်မိရပ်ဖများ စုစုပေါင်းအင်အား ၃၇၇ ဦးခန့်ဖြင့် နှစ်ပေအထက် ကျွန်းပင် ၁၅၀၊ တမာပင် ၁၅၀၊ သခွပ်ပင် ၁၅၀၊ မဟော်ဂနီ ၂၅ ပင်၊ ကုက္ကို ၂၅ ပင်၊ မည်စည် ၂၅ ပင်၊ ပိတောက် ၂၅ ပင်၊ ပျဉ်းကတိုး ၂၅ ပင် စုစုပေါင်းပျိုးပင် ၅၇၅ ပင်ကို စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။

သန်းထွန်းအောင်(ပြန်/ဆက်)



## အီရတ်ဝန်ကြီးချုပ် မိုဟာမက် ရှီရာအယ်လ်ဆူဒါနီနှင့် အီရတ်ရှိ နေတိုးအဖွဲ့ တပ်မှူးတို့ ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာကိစ္စရပ်များ ဆွေးနွေး

ဘဂ္ဂဒက် ဇွန် ၂၇

အီရတ်ဝန်ကြီးချုပ် မိုဟာမက် ရှီရာအယ်လ်ဆူဒါနီနှင့် အီရတ်ရှိ မြောက်အတ္တလန္တိတ်စာချုပ်အဖွဲ့ (NATO)၏ တပ်မှူးတို့သည် အီရတ်ရှိ အမေရိကန်ဦးဆောင်သော မဟာမိတ်မစ်ရှင်ပြီးဆုံးပြီးနောက် နှစ်ဖက်ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ကိစ္စရပ်များကို ယနေ့ဆွေးနွေးခဲ့ကြောင်း သိရသည်။

**လက်ခံတွေ့ဆုံ**


အယ်လ်ဆူဒါနီသည် မကြာသေးမီက အီရတ်ရှိ နေတိုးအဖွဲ့၏ ကွပ်ကဲမှုတာဝန်ယူခဲ့သည့် လူကာစ်ရှိရီအာစ်အား ၎င်း၏ရုံးခန်း၌ လက်ခံတွေ့ဆုံပြီး ဒေသတွင်း လုံခြုံရေးအခြေအနေအပြင် နေတိုးအဖွဲ့၏ အကြံပေးအဖွဲ့နှင့် အီရတ်လုံခြုံရေးအဖွဲ့များ၏ ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ အကြံပေးမှု၊ လေ့ကျင့်သင်ကြားမှု၊ ထောက်လှမ်းရေးဆိုင်ရာကိစ္စရပ်များကို ညှိနှိုင်းဆွေးနွေးခဲ့ကြောင်း အီရတ်ဝန်ကြီးချုပ်ရုံး၏ ထုတ်ပြန်ချက်အရ သိရသည်။

အီရတ်ရှိ နိုင်ငံတကာညွန့်ပေါင်းအဖွဲ့၏ မစ်ရှင်ပြီးဆုံးပြီးနောက် နေတိုးအဖွဲ့နှင့် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များကို ဆောင်ရွက်ရန် အရေးကြီးကြောင်း အယ်လ်ဆူဒါနီက အလေးပေးပြောကြားသည်။

**သဘောတူညီခဲ့**

အီရတ်ရှိ နိုင်ငံတကာ ညွန့်ပေါင်းအဖွဲ့၏ မစ်ရှင်ကို အဆုံးသတ်ရန်အတွက် ပူးတွဲအဆင့်မြင့်ကော်မရှင် တစ်ရပ်ဖွဲ့စည်းရေးကို ဇန်နဝါရီလတွင် အီရတ်နှင့် အမေရိကန်တို့ သဘောတူညီခဲ့ပြီး အဆိုပါကော်မရှင်သည် အီရတ်နိုင်ငံတွင်းမှ ပြည်ပတပ်များရုပ်သိမ်းမည့် အစီအစဉ်အတွက် ညှိနှိုင်းဆွေးနွေးမှုများစွာ ပြုလုပ်ခဲ့ကြောင်း အီရတ်အာဏာပိုင်များက ပြောကြားသည်။

**ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – အောင်ကျော်ကျော်**





## အီရန်နှင့်ရုရှား နှစ်နိုင်ငံအကြား သဘာဝဓာတ်ငွေ့ ရောင်းဝယ်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုး

တီဟီရန် ဇွန် ၂၇

အီရန်နှင့် ရုရှားနှစ်နိုင်ငံအကြား သဘာဝဓာတ်ငွေ့ရောင်းဝယ်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာကို ယမန်နေ့က လက်မှတ်ရေးထိုးခဲ့ကြောင်း အီရန် ရေနံဝန်ကြီးဌာနနှင့် နီးစပ်သည့် ရှာနာသတင်းအေဂျင်စီက ပြောကြားသည်။

ယင်းနားလည်မှု စာချွန်လွှာအား အီရန်အမျိုးသားသဘာဝဓာတ်ငွေ့ကုမ္ပဏီနှင့် ရုရှားစွမ်းအင်ကုမ္ပဏီ ဂျက်စပရွန်တို့မှ တာဝန်ရှိသူများ လက်မှတ်ရေးထိုးခဲ့ကြခြင်းဖြစ်သည်။ ယခုရုရှားနိုင်ငံမှ ဝယ်ယူမည့် သဘာဝဓာတ်ငွေ့အား အီရန်က အီရတ်၊ တူကီယဲနှင့် ပါကစ္စတန်နိုင်ငံတို့အား ပြန်လည်တင်ပို့ရောင်းချမည်ဖြစ်ကြောင်း အီရန်နိုင်ငံ၏ အိုင်နာသတင်းအေဂျင်စီက ပြောကြားသည်။ ယခုနှစ်နိုင်ငံအကြားရရှိခဲ့သည့် စွမ်းအင်ဆိုင်ရာ သဘောတူညီချက်သည် အီရန်နှင့် ရုရှားနိုင်ငံတို့အတွက်သာမကဘဲ ဒေသတစ်ခုလုံးအတွက်ပါ အရေးကြီးကြောင်း အီရန်ယာယီသမ္မတ မိုဟာမက် မွတ်ခ်ဗာက ပြောကြားသည်။

ယခုဆောင်ရွက်ချက်သည် ရုရှားနိုင်ငံအတွက် အရေးကြီးသည့် ဆောင်ရွက်ချက်ဖြစ်ပြီး ပြောင်မြောက်သည့်ရလဒ်ကို ရရှိခဲ့ခြင်းဖြစ်ကြောင်း ဂျက်စပရွန်၏ အမှုဆောင်ချုပ် အလက်ဇီမီလာက မှတ်ချက်ပြုပြောကြားသည်။ ယခုနားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးနိုင်ရေးအတွက် သမ္မတဗလာဒီမာပူတင်က တက်ကြွစွာဆောင်ရွက်ခဲ့ပြီး ယခုလက်မှတ်ရေးထိုးခဲ့သည့် နားလည်မှုစာချွန်လွှာအား လုပ်ငန်းစီမံချက်အဖြစ် အကောင်အထည်ဖော်ဆောင်ရွက်မည်ဟု သိရသည်။

**ကိုးကား–ဆင်ဟွာ၊ ဘာသာပြန်–စိုးသူရ**

## လာအိုနိုင်ငံတွင် ရာသီဥတုပြောင်းလဲမှုတိုက်ဖျက်ရေး အမျိုးသားမဟာဗျူဟာချမှတ်

ဗီယင်ကျန်း ဇွန် ၂၇

ရာသီဥတုပြောင်းလဲမှုတိုက်ဖျက်ရေး အမျိုးသားမဟာဗျူဟာတစ်ရပ်ကို လာအိုနိုင်ငံ သဘာဝအရင်းအမြစ်နှင့် ပတ်ဝန်းကျင်ဆိုင်ရာ ဝန်ကြီးဌာနက ချမှတ်ခဲ့ကြောင်း ယနေ့ဆင်ဟွာသတင်းအရ သိရသည်။

ယင်းမဟာဗျူဟာကို ၂၀၃၀ ပြည့်နှစ်အထိ ရည်ရွယ်ချမှတ်ခဲ့ခြင်းဖြစ်သည်။

ယင်းမဟာဗျူဟာအား နိုင်ငံသားများသို့ အသိပေးခြင်းကို မြို့တော်ဗီယင်ကျန်း၌ ယမန်နေ့က ပြုလုပ်ခဲ့ကြောင်း လာအိုအမျိုးသားရေဒီယို အသံလွှင့်ဌာနက ပြောကြားသည်။ နိုင်ငံအတွင်း ရာသီဥတုပြောင်းလဲမှုတိုက်ဖျက်ရေးကို လာအိုအစိုးရက ကြပ်မတ်ဆောင်ရွက်နေကြောင်း လာအိုနိုင်ငံ သဘာဝအရင်းအမြစ်နှင့် ပတ်ဝန်းကျင်ဆိုင်ရာ ဝန်ကြီးဌာနဒုတိယဝန်ကြီး Phouvong Luangxaysana က ပြောကြားသည်။ ယင်းဝန်ကြီးဌာနသည် နိုင်ငံအတွင်း ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှု လျှော့ချရေးအတွက် စည်းမျဉ်းများချမှတ်ဆောင်ရွက်နေသည်။ လာအိုနိုင်ငံသည် ၂၀၅၀ ပြည့်နှစ်အရောက်တွင် ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုကို သုညအဆင့်အထိ လျှော့ချရေးဆောင်ရွက်နေသည်။

**ကိုးကား–ဆင်ဟွာ၊ ဘာသာပြန်–စိုးသူရ**

## အာဖဂန်နစ္စတန်နိုင်ငံ၌ မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုများကြောင့် ခုနစ်ဦးသေဆုံး

ကဘူး ဇွန် ၂၇

အာဖဂန်နစ္စတန်နိုင်ငံ အလယ်ပိုင်း ဘာမီယန်ပြည်နယ်တွင် ဇွန် ၂၆ ရက်က မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုများကြောင့် ခုနစ်ဦးသေဆုံးကာ ၁၀ ဦး ပျောက်ဆုံးနေကြောင်း ပြည်နယ်အစိုးရ ပြောရေးဆိုခွင့်ရှိသူ ဆင်းဟာနီက ပြောကြားသည်။

ယာကော်လန်ခရိုင်ရှိ နေရာအများအပြား၌ ရေကြီးရေလျှံမှုများဖြစ်ပွားရာ ကယ်ဆယ်ရေးလုပ်သားများက သေဆုံးသူများ၏ ရုပ်အလောင်းများကို ရှာဖွေလျက်ရှိပြီး အသက်ရှင်ကျန်ရစ်သူများကို ပြန်လည်ဆယ်ယူရန် ကြိုးပမ်းလုပ်ဆောင်နေကြောင်း ပြည်နယ်အစိုးရ ပြောရေးဆိုခွင့်ရှိသူ ဆင်းဟာနီက ပြောကြားသည်။

ရေကြီးမှုကြောင့် အိမ်ခြေအများအပြားဆုံးရှုံးခဲ့ပြီး စိုက်ပျိုးမြေဧကများစွာ ပျက်စီးခဲ့ကြောင်း တာဝန်ရှိသူများက ပြောသည်။

အလားတူ ဇွန် ၂၅ ရက်တွင် ဘတ်ဒက်ရှန် ပြည်နယ်မြောက်ပိုင်း ယမ်ဂန်ခရိုင်၌ ရေကြီးရေလျှံမှုကြောင့် အိမ်ခြေ ၄၀ နှင့် လယ်မြေဧက ၃၀၀ ကျော် ပျက်စီးခဲ့ကြောင်း သိရသည်။



**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – အောင်ကျော်ကျော်**

## အပင်အခြေခံထုတ်လုပ်သည့် အသားတုများသည် အသားအစစ်များထက် လူသားများ၏ ကျန်းမာရေးကို အကျိုးပြုဟု သုတေသနတစ်ရပ်တွင် တွေ့ရှိ



ဗန်ကူးဗား ဇွန် ၂၇

အပင်အခြေခံ ထုတ်လုပ်သည့် အသားတုများသည် အသားအစစ်များထက် လူသားများ၏ ကျန်းမာရေးကို အကျိုးပြုကြောင်း ကနေဒါနိုင်ငံမှ ထုတ်သည့် ကနေဒါနှလုံးကျန်းမာရေးဂျာနယ်တွင်ပါရှိသည့် သုတေသနပြုချက်အရ သိရသည်။

ဆေးဘက်ဆိုင်ရာ သုတေသနပြုချက်အရ အပင်အခြေခံထုတ်လုပ်သည့် အသားတုစားသုံးသူများတွင် အယ်လ်ဒီအယ်လ်ခေါ် သွေးတွင်း အကျိုးမပြုသည့် ကိုလက်စထရော ကိုးရာခိုင်နှုန်းကျဆင်းပြီး အိတ်ချ်ဒီအယ်လ်ခေါ် သွေးတွင်း အကျိုးပြုသည့် ကိုလက်စထရော ၁၁ ရာခိုင်နှုန်း တိုးတက်လာကြောင်း သိရသည်။

အပင်အခြေခံ ထုတ်လုပ်သည့် အသားတုသည် ကျန်းမာရေးအတွက် ကောင်းကျိုးများစွာရှိပြီး နှလုံးသွေးကြောကျဉ်းရောဂါဖြစ်ပွားနိုင်ခြေကို လျှော့ချပေးကြောင်း ကနေဒါနိုင်ငံ ဗန်ကူးဗားမြို့ရှိ ဗြိတိသျှကိုလံဘီယာ တက္ကသိုလ်မှ ဆေးဘက်ဆိုင်ရာ ပါမောက္ခအက်ဒ်ယူအာက ပြောကြားသည်။

အမေရိကန်နိုင်ငံ ဟားဗတ်တက္ကသိုလ် ပြည်သူ့ကျန်းမာရေးဆိုင်ရာ ကျောင်းမှ ပါမောက္ခဖြစ်သူ ဒေါက်တာဝေါလ်တာ ဝစ်လဒ်ကလည်း အပင်အခြေခံထုတ်လုပ်သည့် အသားတုများကို စားသုံးသူများတွင် သွေးတွင်း အကျိုးမပြုသည့် အယ်လ်ဒီအယ်လ် ကိုလက်စထရောနှင့် သွေးပေါင်ချိန် ၁၀ ရာခိုင်နှုန်း ကျဆင်းခဲ့သည်ဟု ပြောကြားသည်။

**ကိုးကား – ယူပီအိုင်**
**ဘာသာပြန် – စိုးသူရ**

# ဟဲဟိုးမြို့၌ စစ်မှုထမ်းဆောင်မည့်သူများကို ထောက်ပံ့ရန်အတွက် သုံးလတစ်ကြိမ် အလှူငွေကျပ် တစ်သောင်းမှ သုံးသောင်းအထိ တောင်းခံဟု သတင်းတု၊ သတင်းအမှားများကို မဟုတ်မမှန်ရေးသားဖြန့်ဝေလျက်ရှိ




နေပြည်တော် ဇွန် ၂၇

ရှမ်းပြည်နယ် ကလောမြို့နယ် ဟဲဟိုးမြို့တွင် ဇွန် ၂၅ ရက်က အစည်းအဝေးခေါ်ယူကာ စစ်မှုထမ်းမည့်သူများကို ထောက်ပံ့ရန်အတွက် သုံးလတစ်ကြိမ်၊ အိမ်ထောင်စု တစ်စုလျှင် ငွေကျပ် တစ်သောင်းမှ သုံးသောင်းကျပ်အထိ ပေးရမည်ဟု ခြိမ်းခြောက်တောင်းယူနေကြောင်း သတင်းတု၊ သတင်းအမှားများကို အကြမ်းဖက်အားပေး ပြည်ဖျက်မီဒီယာများက လူမှုကွန်ရက်စာမျက်နှာများတွင် ပြည်သူများ အထင်အမြင်လွဲမှားစေရန် မဟုတ်မမှန် လုပ်ကြံရေးသားဝါဒဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

အထက်ပါသတင်းနှင့်ပတ်သက်၍ ကလောမြို့နယ် ဟဲဟိုးမြို့ရှိ အုပ်ချုပ်ရေးဆိုင်ရာ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ အကြမ်းဖက်အားပေး ပြည်ဖျက်မီဒီယာများ၏ ပြည်သူ့စစ်မှုထမ်းဥပဒေနှင့် ပတ်သက်၍ ကောလာဟလ သတင်းအမှားများကြောင့် မိဘပြည်သူများ စိုးရိမ်ပူပန်မှုနှင့် သိရှိနားလည်မှု မလွဲမှားစေရေးအတွက် တာဝန်ရှိသူများက ရပ်ကွက် / ကျေးရွာအုပ်စုများအလိုက် ပြည်သူများသို့ အသိပညာပေး ချပြရှင်းလင်းခြင်း လုပ်ငန်းများ အခါအားလျော်စွာ ဆောင်ရွက်ပေးလျက်ရှိမှုအပေါ် မဟုတ်မမှန် လုပ်ကြံရေးသားကာ ဝါဒဖြန့်ချိနေခြင်းသာဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် ဇွန် ၂၇

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

**သိမ်းဆည်းခံရနိုင်**

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူ အနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က) နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်း ခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၄ ခုနှစ် ဇွန် ၂၆ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ်နေသူများဖြစ်ကြသည့် "zain gyi @ user 9835775421018" Tik Tok အကောင့်ပိုင်ရှင်ဖြစ်သူ သန့်ဇင်နှင့် "Aye Thidar" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ အေးသီတာမြင့်တို့အား မွန်းလွဲ ၁၂ နာရီ ၁၀ မိနစ်တွင် လည်းကောင်း၊ "Nawarat Yekyi" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ် ဗထူးရပ်ကွက်နေ ခင်မေအေးအား ညနေ ၄ နာရီ မိနစ် ၂၀ တွင် လည်းကောင်း သက်ဆိုင်ရာရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

**ထိရောက်စွာအရေးယူသွားမည်**

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးဟောပြောပွဲ ကျင်းပ

ရန်ကုန် ဇွန် ၂၇

ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းခရိုင် တာမွေမြို့နယ် ကျိုက္ကဆံလမ်းရှိ မူးယစ်ဆေးစွဲသူများ ပြန်လည်ထူထောင်ရေး အသင်း (မြန်မာ)ဗဟိုမှ စီစဉ်ကျင်းပသော မူးယစ်ဆေးဝါး အန္တရာယ် အသိပညာပေး ဟောပြောပွဲကို ယမန်နေ့မွန်းလွဲပိုင်းက အဆိုပါအသင်းရုံး မေတ္တာစံအိမ်ခန်းမ၌ ကျင်းပခဲ့သည်။

**အမှာစကားပြောကြား**

ဦးစွာ မူးယစ်ဆေးစွဲသူများ ပြန်လည်ထူထောင်ရေး အသင်း (မြန်မာ)ဗဟိုမှ ဥက္ကဋ္ဌ ဦးစံရှိန်က အဖွင့်အမှာစကား ပြောကြားသည်။




ထို့နောက် မေတ္တာစံအိမ်တွင် ခေတ္တရောက်ရှိနေသည့် မူးယစ်ဆေးဖြတ် သင်တန်းသားများအား မူးယစ်ဆေးစွဲသူများ ပြန်လည်ထူထောင်ရေးအသင်း (မြန်မာ) ဗဟိုမှ ကျောင်းသားလူငယ်ထုဆက်သွယ်ရေးသံတမန် ဟာသသရုပ်ဆောင် လူရွှင်တော် ဦးချစ်ချောက အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ ဖြစ်ပေါ်လာပုံအကြောင်းအရာများ၊ မူးယစ်ဆေးဝါးနှင့်ပတ်သက်ပြီး လူငယ်လူရွယ်များ သိသင့်သိထိုက်သည့် ဆိုးကျိုးအန္တရာယ်များ အကြောင်းတို့နှင့်ပတ်သက်၍ အသိပညာပေး ဆွေးနွေးဟောပြောခဲ့ပြီး စာရေးဆရာ အလင်းဆက်(IR)မှ လူငယ်နှင့် အနာဂတ်၊ လူငယ်နှင့် လှပသော ဘဝကို ထုဆစ်ခြင်း၊ လူငယ်နှင့် ကိုယ်ကျင့်တရား စသည့် ခေါင်းစဉ်များဖြင့် အသိပညာပေး ဆွေးနွေးဟောပြောခဲ့သည်။

**နိုင်လင်းအောင်(ပြန်/ဆက်)**

## မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်

နေပြည်တော် ဇွန် ၂၇

ကယားပြည်နယ်တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းတွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

**မိုး/ဇလ**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၈-၆-၂၀၂၄ သောကြာနေ့

### MRTV HD

| | |
|---|---|
| ၀၆:၀၀ | မင်းကွန်းဆရာတော်ဘုရားကြီး၏ပရိတ်တရားတော် (အာဋာနာဋိယသုတ်) |
| ၀၇:၀၀ | နံနက်ခင်းသတင်း |
| ၀၈:၄၀ | ယဉ်ကျေးမှုနှင့်သဘာဝအလှတေးဖွဲ့သီရာ ကျောက္ကချားကျေးရွာ |
| ၀၉:၃၅ | Soccer View |
| ၁၀:၀၀ | သတင်းထဲကသတင်း |
| ၁၀:၃၀ | လူမှုစီးပွားသတင်းများ |
| ၁၂:၃၀ | မြန်မာဇာတ်လမ်းတွဲ **'အမုန်း၏အလွန်'** (အပိုင်း-၅) |
| ၁၃:၃၀ | MRTV National News |
| ၁၄:၀၀ | နိုင်ငံခြားဇာတ်လမ်းတွဲ **'တောက်ပသောနေ့ရက်များဆီသို့'** (အပိုင်း-၁၆) |
| ၁၅:၂၅ | လူငယ်ရေးရာအစီအစဉ် |
| ၁၆:၄၅ | မိုးဂုဏ်တင့်စေဆိုကရေးတီးအမွေ |
| ၁၇:၃၀ | Weekly Sports Info |
| ၁၈:၀၀ | ပြည်တွင်းသတင်း |
| ၁၈:၃၅ | သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ |
| ၁၉:၁၀ | မြန်မာဇာတ်လမ်းတွဲ **'အမုန်း၏အလွန်'** (အပိုင်း-၇) |
| ၂၀:၀၀ | ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ |
| ၂၁:၀၀ | 'မှုရာမာယာမိုး' တေးဂီတဖျော်ဖြေပွဲတိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် |
| ၂၂:၁၀ | မြန်မာဇာတ်လမ်းတွဲ **'အတိုးမပေးတဲ့နီးလေး'** (အပိုင်း-၂၂) |

### mitv

| | |
|---|---|
| 07:01 | Evergreen Classic: Myat Day Thanar (Pan Ei Phyu) |
| 07:10 | The Ornithologist: Dr. Thein Aung |
| 07:43 | Home for the Beautiful Star Tortoises |
| 08:01 | News |
| 08:26 | Asia Updates; White Pocketorchid |
| 08:32 | A Trip to Gyobyu Reservoir (Part-2) |
| 08:52 | Kay Tu Mar Lar "The Family" |
| 09:01 | Lest We Forget Great Gratitude Of Parents: Kedara Parrot King Drama (Part-4) King Parrot Got Trapped While Searching for Food |
| 09:30 | Innovative Handiworks Based On The Art Of Line Drawing |
| 09:48 | K- Pop Live Show (Rain) |
| 09:53 | People's Military Service Law 4 |
| 10:01 | News |

### MRTV NRC

**ရှမ်း (၀၆:၀၀ မှ ၀၈:၀၀)**
ဝါးနီးခမောက်ပြုလုပ်နည်း

**ဝ (၀၈:၀၀ မှ ၁၀:၀၀)**
'ဝ'ဘာသာစကားပြောကြရအောင်
('ဝ'ရိုးရာတူရိယာဆိုင်ရာအခေါ်အဝေါ်များ)

**ကချင် (၁၀:၀၀ မှ ၁၂:၀၀)**
ကချင်ရိုးရာထမင်းထုပ်နည်း

**ကယား (၁၂:၀၀ မှ ၁၄:၀၀)**
ရိုးရာဝါးခမောက်လက်မှုပညာအမွေ

**ဝကောကရင် (၁၄:၀၀ မှ ၁၅:၀၀)**
တောင်ယာစပါးစူးထိုးစိုက်ကြမယ်ရွှေတောင်ငွေတောင်ရွာကလေးငယ်

**အနောက်ပိုးကရင် (၁၅:၀၀ မှ ၁၆:၀၀)**
အနောက်တောင်အရပ်ကကျွန်းမြို့ဆီသို့

**အရှေ့ပိုးကရင် (၁၆:၀၀ မှ ၁၇:၀၀)**
အိမ်နောက်ဖေးတွင်ဈေးဆိုင်တည်ခြင်း

**ချင်း (လိုင်ဇိုး) (၁၇:၀၀ မှ ၁၈:၀၀)**
မြင်းခွာရွက်ရဲ့အစွမ်း

**ချင်း (ချိုး) (၁၈:၀၀ မှ ၁၉:၀၀)**
မြားတံပြုလုပ်ခြင်းနှင့်အထားအသို

**မွန် (၁၉:၀၀ မှ ၂၁:၀၀)**
မုပွန်အိုးလုပ်ငန်း

**ရခိုင် (၂၁:၀၀ မှ ၂၃:၀၀)**
ပြိုးပဒေသာ(မောင်သာလှနှင့် English Skill)

### MRTV NEWS

| | |
|---|---|
| ၀၆:၀၀ | အဖွင့်၊ တေးသီချင်း |
| ၀၆:၄၀ | အားကစားသတင်း |
| ၀၈:၄၅ | ECONOMIC REVIEW |
| ၀၉:၀၀ | ပြည်တွင်းသတင်း (LIVE) |
| ၀၉:၄၅ | ရသစုံစွာ၍မြေကမ္ဘာ |
| ၁၁:၀၀ | ပြည်တွင်းသတင်း (LIVE) |
| ၁၄:၀၀ | MRTV National News |
| ၁၅:၀၀ | ပြည်တွင်းသတင်း (LIVE) |
| ၁၆:၀၀ | သတင်းမှန်ကဏ္ဍ (LIVE) |
| ၁၉:၀၀ | ပြည်တွင်းသတင်း (LIVE) |
| ၁၉:၁၅ | မြစ်ဝါမြစ်စီးရီး (အပိုင်း-၄) |
| ၂၀:၀၀ | ပြည်တွင်းသတင်း (LIVE) |
| ၂၁:၀၀ | ပြည်တွင်းသတင်း (LIVE) |

### MRTV PARLIAMENT

| | |
|---|---|
| ၀၉:၀၀ | အဖွင့်၊ အလံ |
| ၀၉:၁၅ | ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသောနိုင်ငံများအကြောင်းသိကောင်းစရာများ (ကိုရီးယားနိုင်ငံ) |
| ၀၉:၃၀ | ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို **'ရာသက်ပန်ပေါင်းဖို့ရန်ရည်ရွယ်မှုသာ'** |
| ၁၀:၀၀ | ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသောနိုင်ငံများအကြောင်းသိကောင်းစရာများ (စင်ကာပူနိုင်ငံ) |
| ၁၁:၀၀ | နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (ဗီရိုသမ္မတနိုင်ငံ) |
| ၁၁:၃၀ | ရှေ့သို့ချီမည်...ပန်းတိုင်ဆီ (အပိုင်း-၁၇) |
| ၁၈:၀၀ | Economic Review |

### MRTV FARMERS' HTV

| | |
|---|---|
| ၀၆:၀၀ | အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက် |
| ၀၆:၂၀ | တစ်ပိုင်တစ်နိုင်စိုက်ခင်းများနှင့်ဘဝရှင်သန်ခြင်း |
| ၀၇:၀၀ | တောင်သူလယ်သမားရေးရာသတင်း |
| ၁၈:၀၀ | New Flash |
| ၁၈:၃၀ | Aseroid City (နိုင်ငံခြားဇာတ်လမ်း) |
| ၂၂:၀၀ | The birth of Sake ဆာကေးစတင်မွေးဖွားရာ (နိုင်ငံခြားဇာတ်လမ်း) |
| ၂၃:၃၀ | Creating Your Own Fertility/ Successes and Challenges at Assawage Farm |

### MRTV SPORTS HTV

| | |
|---|---|
| ၀၆:၀၀ | အဖွင့် |
| ၀၆:၂၀ | လူငယ်တို့အတွက်လမ်းပြကြယ် |
| ၀၆:၄၅ | EURO (P-12) |
| ၀၇:၄၀ | Soccer View |
| ၁၆:၁၀ | အားကစားလောကထဲကသူတို့အကြောင်း |
| ၁၇:၀၀ | အားကစားသတင်း |
| ၁၈:၀၀ | E Sports |

Scan Here

MRTV MRTV MRTV Radio MRTV Radio

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၃)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။

# (၃၇)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ဆုချီးမြှင့်ပွဲအခမ်းအနား ကျင်းပ



မြစ်ကြီးနား ဇွန် ၂၇

(၃၇)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယမန်နေ့နံနက်ပိုင်းတွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့ ပြည်သူ့အားကစားကွင်းအတွင်းရှိ မိုးလုံလေလုံအားကစားခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်က အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် (၃၇)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး မူးယစ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌထံမှ ပေးပို့လာသည့် သဝဏ်လွှာအား ကချင်ပြည်နယ်မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့ဥက္ကဋ္ဌ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးကျော်သူရက ဖတ်ကြားသည်။

ယင်းနောက် ဆုများကို ပေးအပ်ချီးမြှင့်ရာ ပြည်နယ်ဝန်ကြီးချုပ်က (၃၇)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ပြိုင်ပွဲများ၌ (ဗဟိုအဆင့်)တွင် ဆုရရှိသူများ၊ ပြည်နယ် တရားလွှတ်တော်တရားသူကြီးချုပ် ဦးတူးဂျာနှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များက ပြည်နယ်အဆင့် ပန်းချီ၊ ကာတွန်း၊ ပိုစတာနှင့် ကွန်ပျူတာပန်းချီပြိုင်ပွဲများတွင် ပထမ၊ ဒုတိယ၊ တတိယနှင့် အထူးဆုရရှိသော ကျောင်းသား ကျောင်းသူများနှင့်၊ ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ကျော်ထွန်းက မူးယစ်ဆေးဝါးများ စွမ်းစွမ်းတမံ ဖော်ထုတ်ဖမ်းဆီးခဲ့ကြသည့် ဆုရတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းပါဝင်ခဲ့ကြသော ရပ်မိ/ ရပ်ဖ များအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုချီးမြှင့်ငွေများကို ချီးမြှင့်ပေးအပ်ခဲ့ကြသည်။

ထို့နောက် မူးယစ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့၏ ဆောင်ရွက်ချက် မှတ်တမ်းဗီဒီယိုအား ကြည့်ရှုအားပေးခဲ့ကြပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့်ဇနီး၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်နှင့် ဇနီး၊ ပြည်နယ်ဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ ပြည်နယ်/ ခရိုင်အဆင့်ဌာနဆိုင်ရာများ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ကျောင်းသား ကျောင်းသူများ၊ သူနာပြုသင်တန်းကျောင်းနှင့် ပညာရေးကောလိပ်တို့မှ သင်တန်းသား သင်တန်းသူများ၊ အရပ်ဘက်လူမှုကူညီရေးအသင်းအဖွဲ့များက ခန်းမအတွင်း ခင်းကျင်းပြသထားသည့် အသိပညာပေးပြခန်းအား လှည့်လည်ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

# ရှမ်းပြည်နယ်ဥပဒေချုပ် တာချီလိတ်ခရိုင်အတွင်းရှိ ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံ




တာချီလိတ် ဇွန် ၂၇

ရှမ်းပြည်နယ် ဥပဒေချုပ် ဦးစိုင်းကျော်ဇံသည် ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်ခရိုင်အတွင်းရှိ ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံဆွေးနွေးပွဲကို ဇွန် ၂၆ ရက် မွန်းလွဲ ၁ နာရီက ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

ဦးစွာ ပြည်နယ်ဥပဒေချုပ်က မိမိတို့မြို့ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် ဒေသဆိုင်ရာအာဏာပိုင်အဖွဲ့များ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များနှင့် ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးများ၊ ရပ်မိရပ်ဖများနှင့် ပြည်သူလူထုများ ပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်း၊ လယ်ယာမြေ ကျူးကျော် အိမ်ဆောက်ခြင်းများနှင့် သက်ဆိုင်ရာ ဌာနပိုင်မြေများအား ကျူးကျော်၍ တရားမဝင်ရောင်းဝယ်ခြင်း၊ ငှားရမ်းဆောင်ရွက်ခြင်းများ သတိပြုစေလိုကြောင်း၊ နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့၊ တောင်ယာမီးရှို့ခြင်း၊ တောမီးရှို့ခြင်း များကြောင့် ပတ်ဝန်းကျင် လေထုညစ်ညမ်းမှုနှင့်ပတ်သက်၍ ပြည်သူလူထု အသိပညာပေးလုပ်ငန်းများ အရှိန်အဟုန်မြှင့် ဆောင်ရွက်စေလိုကြောင်း အမှာစကားပြောကြားသည်။

ထို့နောက် တွေ့ဆုံပွဲ တက်ရောက်လာသည့် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမင်းကို၊ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးတင်ဦးကျော်နှင့် ဌာနဆိုင်ရာများ၊ ရပ်မိရပ်ဖများက လုပ်ငန်းဆောင်ရွက်ချက်များနှင့် လိုအပ်ချက်များအား တင်ပြဆွေးနွေးရာ ရှမ်းပြည်နယ်ဥပဒေချုပ်က တင်ပြချက်များအပေါ် ပြန်လည်ရှင်းလင်း ဆွေးနွေးပြီး လိုအပ်ချက်များအား ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# ဒေသနှင့်ကိုက်ညီသော သီးနှံပုံစံ စံပြကွက်များ တစ်ကွင်းတစ်စပ်တည်း ကွင်းသရုပ်ပြပွဲကျင်းပ

သရက် ဇွန် ၂၇

မကွေးတိုင်းဒေသကြီး သရက်မြို့နယ် ပိသလိမ်းအုပ်စု သဲဖြူကျေးရွာ၌ သရက်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သီးနှံစိုက်စွမ်းအားတိုးတက်စေရေးအတွက် ဒေသနှင့်ကိုက်ညီသော သီးထပ်/ သီးညှပ် သီးနှံပုံစံ စံပြကွက်များ တစ်ကွင်းတစ်စပ်တည်း ကွင်းသရုပ်ပြပွဲကို ယမန်နေ့နံနက်ပိုင်းက တောင်သူဦးထွန်းမင်း၏ ယာမြေဧက ၄၀ ၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြတ်ထွန်းဦးက အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ ခရိုင်ဦးစီးမှူး ဦးမြင့်စိုးက ဧက ၄၀ အတွင်း စိုက်ပျိုးပြသထားသော ပိုက်ဆံလျှော်- ချည်မျှင်ရှည်ဝါ၊ နှမ်း+ပဲစင်းငုံ(သီးညှပ်)- မတ်ပဲ၊ နှမ်း+ချည်မျှင်ရှည်ဝါ(သီးညှပ်)၊ မြေပဲ+ ချည်မျှင်ရှည်ဝါ (သီးညှပ်)၊ ပဲတီစိမ်း- မတ်ပဲ+နေကြာ (သီးညှပ်)၊ သီးနှံပုံစံ စံပြကွက်များ ဒေသရေမြေရာသီဥတုနှင့် ကိုက်ညီမှုအခြေအနေကို ရှင်းလင်းတင်ပြပြီး တောင်သူများ၏ မေးမြန်းချက်များကို ပြန်လည်ဖြေကြားပေးခဲ့သည်။

ယင်းနောက် အကျိုးဆောင်တောင်သူများအား စိုက်ခင်းအတွင်း လိုက်လံပြသရှင်းလင်းဖြေကြားပြီး ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဇီဝနည်းပညာအသုံးချ၍ ပိုးမွှားကာကွယ်နှိမ်နင်းရေးအတွက် တောင်သူများနှင့်အတူ ဥကပ်ပါးနဂါးကောင်များအား ဧက ၄၀ စံပြကွက်များအတွင်း စုပေါင်းလွှတ်ပေးခဲ့ကြောင်း သိရသည်။

အောင်ကျော်(ပြန်/ဆက်)



# ညောင်လေးပင်မြို့နယ်၌ လက်ဆွဲကောက်စိုက်စက်ဖြင့် မိုးစပါးစိုက်ပျိုးခြင်း ကွင်းသရုပ်ပြ

ညောင်လေးပင် ဇွန် ၂၇

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ လမ်းညွှန်မှု၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၏ အနီးကပ်ကြီးကြပ်ကွပ်ကဲမှုဖြင့် လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ကူးပြောင်းနိုင်ရေး လက်ဆွဲကောက်စိုက်စက်ဖြင့် မိုးစပါးစိုက်ပျိုးခြင်းကွင်းသရုပ်ပြပွဲကို ဇွန် ၂၅ ရက်က ညောင်လေးပင်မြို့နယ် ဝါးရုံကုန်းကျေးရွာအုပ်စု စံဖဲကျေးရွာ ကွင်းအမှတ်( ၂၂၃) ဦးပိုင်အမှတ် (၃/ ၂) တောင်သူဒေါ်လှိုင်လှိုင်ထွေး၏ လယ်မြေ ကိုးဧကပေါ်တွင်ဆောင်ရွက်ခဲ့ကြသည်။ လက်ဆွဲကောက်စိုက်စက်ဖြင့် မိုးစပါးစိုက်ပျိုးခြင်း ကွင်းသရုပ်ပြပွဲသို့ ညောင်လေးပင်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ကျော်စိုးနှင့် ခရိုင်အဆင့် စိုက်ကြပ်အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် မြို့နယ်အဆင့် စိုက်ကြပ်အဖွဲ့ဝင်များ တက်ရောက်ကြည့်ရှုအားပေးခဲ့ကြသည်။



## သရုပ်ပြစိုက်ပျိုး

မိုးစပါးစိုက်ပျိုးခြင်း ကွင်းသရုပ်ပြပွဲတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးနိုင်နှင့် မြို့နယ်စက်မှုလယ်ယာဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ဆန်းနိုင်တို့က လက်ဆွဲကောက်စိုက်စက်၏ ထူးခြားချက်၊ အားသာချက်များ၊ စွမ်းဆောင်ချက်များ၊ အထွက်နှုန်းကောင်းအောင် စိုက်ပျိုးရေးနည်းစနစ်များကို အကျယ်တဝင့် ရှင်းလင်းပြောကြားပြီး ကျွမ်းကျင်ဝန်ထမ်းများက လက်တွေ့သရုပ်ပြ စိုက်ပျိုးပေးကြကြောင်း သိရသည်။

နေလင်း(ညောင်လေးပင်)

# မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေ

နေပြည်တော် ဇွန် ၂၇

နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိသည်။

မိုး/ဇလ

# မုဒုံမြို့၌ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေး စာစီစာကုံးပြိုင်ပွဲ ကျင်းပ

မုဒုံ ဇွန် ၂၇

မွန်ပြည်နယ် မုဒုံမြို့နယ်၌ အခြေခံပညာဦးစီးဌာနနှင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်းကျင်းပသည့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေး စာစီစာကုံးပြိုင်ပွဲကို ဇွန် ၂၅ ရက်က လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်ပညာရေးမှူး တာဝန်ခံ ဒေါ်မို့မို့သိန်း၊ ဒုတိယမြို့နယ်ပညာရေးမှူး ဦးဝင်းနိုင်တို့က ပြိုင်ပွဲ၏ စည်းမျဉ်းစည်းကမ်းဆိုင်ရာများကို ရှင်းလင်းပြောကြားပြီး လက်ထောက်ပညာရေးမှူး ဒေါ်ကေသီစံနှင့် ဆရာမများက ကြီးကြပ်ဆောင်ရွက်ပေးသည်။ အဆိုပါ ပြိုင်ပွဲတွင် မုဒုံမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ အထက်တန်း၊ အလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူများက "အဂတိလိုက်စားမှုတိုက်ဖျက်ဖို့ ပူးပေါင်းဆောင်ရွက်ကြပါစို့" ခေါင်းစဉ်ဖြင့် ပါဝင်ယှဉ်ပြိုင်ခဲ့ကြကာ ဆုပေးပွဲအခမ်းအနားအား ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။



မြို့နယ်(ပြန်/ဆက်)



# ကျိုက်ထိုမြို့နယ်၌ မြို့နယ်သမဝါယမအသင်းစုက ပြည်သူများအား ဆန်နှင့် ကြက်ဥများ သက်သာသောဈေးနှုန်းဖြင့် ရောင်းချပေး

ကျိုက်ထို ဇွန် ၂၇

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်၌ (၁၀၂)နှစ်မြောက် အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မြို့နယ်သမဝါယမအသင်းစုက ပြည်သူများအား သက်သာသောဈေးနှုန်းဖြင့် ဆန်နှင့် ကြက်ဥများကို ဇွန် ၂၆ ရက် နံနက်ပိုင်းက နီလာသမဝါယမအသင်းစုရုံးရှေ့၌ ရောင်းချပေးခဲ့သည်။

## ရောင်းချပေးခဲ့

အဆိုပါ ဆန်နှင့် ကြက်ဥများ ရောင်းချပေးရာတွင် မြို့နယ်သမဝါယမအသင်းစုဥက္ကဋ္ဌ ဦးမောင်မောင်လွင်နှင့် တာဝန်ရှိသူတို့က ဆောင်ရွက်ပေးရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး မြို့နယ်သမဝါယမအသင်းစုမှ ဆန်ခြောက်ပြည်တစ်အိတ်လျှင် ငွေကျပ် ၃၀၀၀၀၊ ကြက်ဥ ၁၀ လုံးလျှင် ငွေကျပ် ၂၅၀၀ နှုန်းတို့ဖြင့် ပြည်သူ ၂၁၀ အား ရောင်းချပေးခဲ့ကြောင်း သိရသည်။

ကျိုက်ထို(ပြန်/ဆက်)

# အလုပ်တွင်ထိခိုက်မှုကြောင့် သေဆုံးခြင်းအတွက် ကျန်ရစ်သူအကျိုးခံစားခွင့် ငွေလုံးငွေရင်းထုတ်ပေး



ရန်ကုန် ဇွန် ၂၇

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် လူမှုဖူလုံရေးရုံးတွင် အကျိုးဝင်မှတ်ပုံတင်ထားသော Royal Express Co.,Ltd. မှ လုပ်ငန်းခွင်ထိခိုက်မှုကြောင့် သေဆုံးခြင်းအတွက် ကျန်ရစ်သူအကျိုးခံစားခွင့် (ငွေလုံးငွေရင်း) ထုတ်ပေးခြင်းအခမ်းအနားကို ယမန်နေ့မွန်းလွဲ ၃ နာရီခွဲက ရန်ကုန်တိုင်းဒေသကြီး လူမှုဖူလုံရေးရုံးအစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

ဦးစွာ တိုင်းဒေသကြီး တာဝန်ခံအရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးသိန်းနွဲ့ဦးက လူမှုဖူလုံရေးဥပဒေပါ အကျိုးခံစားခွင့်များအကြောင်း ရှင်းလင်း ပြောကြားသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး လူမှုဖူလုံရေးရုံး ဒုတိယညွှန်ကြားရေးမှူးက Royal Express Co.,Ltd. မှ လုပ်ငန်းခွင်ပြင်ပထိခိုက်သေဆုံးခဲ့သည့် ဦးတင်ကိုကို၏ ကျန်ရစ်သူအကျိုးခံစားခွင့် ငွေကျပ် ၉၀၀၀၀၀၀ ကို သေဆုံးသူ၏ဇနီးဖြစ်သူထံသို့ အလုပ်ဌာနမှ တာဝန်ရှိသူများ၊ အလုပ်သမားရေးရာ ညှိနှိုင်းရေးကော်မတီ(WCC) အဖွဲ့ဝင်များ၊ မိသားစုဝင်များရှေ့မှောက်တွင် ခွင့်ပြုထုတ်ပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# ကမာရွတ်မြို့နယ်၌ လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြပွဲ ကျင်းပ

ရန်ကုန် ဇွန် ၂၇

ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ်တွင် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနမှ ကျင်းပသော အားကစားနှင့်လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲကို ယမန်နေ့နံနက် ၉ နာရီခွဲက အခြေခံပညာ အထက်တန်းကျောင်း အမှတ်(၂)၌ ကျင်းပသည်။

အသိပညာပေးဟောပြောပွဲတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက အဖွင့်အမှာစကား ပြောကြားပြီး ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ လူငယ်ရေးရာကော်မတီဝင် နည်းပညာအကြံပေးလူငယ်ကိုယ်စားလှယ် ဦးဌေးလင်းက လူငယ်ရေးရာအကြောင်း ဟောပြောခြင်း၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်(၂)မှ လူငယ်နှင့် စိတ်ခွန်အားအကြောင်းကို အသိပညာပေး ဟောပြောခဲ့ပြီး ကျောင်းအုပ်ဆရာမကြီးက ကျေးဇူးတင်စကား ပြောကြားခဲ့သည်။

ထို့နောက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ပြသထားသော သုတ၊ ရသစာအုပ်၊ စာစောင်များနှင့် ကလေးအလုပ်သမားပပျောက်ရေးနှင့် အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးအသိပညာပေး နံရံကပ်စာစောင်များကို လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

မြို့နယ်(ပြန်ဆက်)

# မြိတ်မြို့၌ ရေထွက်ကုန်ပစ္စည်း တရားမဝင် တင်ပို့မှုမရှိစေရေး ညှိနှိုင်းအစည်းအဝေး ပြုလုပ်

မြိတ် ဇွန် ၂၇

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင်အတွင်းမှ ထွက်ရှိသော ရေထွက်ကုန်ပစ္စည်းများ တရားမဝင်တင်ပို့မှု မရှိစေရေးအတွက် ငါးလုပ်ငန်းဦးစီးဌာန၊ ငါးလုပ်ငန်းအဖွဲ့ချုပ်၊ ရေလုပ်ငန်းရှင်များနှင့် ကုန်သည်လုပ်ငန်းရှင်များ ညှိနှိုင်းအစည်းအဝေးကို ဇွန် ၂၅ ရက်က မြိတ်ခရိုင် ငါးလုပ်ငန်းအဖွဲ့ချုပ်ရုံးတွင် ပြုလုပ်ခဲ့သည်။

အစည်းအဝေးတွင် မြိတ်ခရိုင် ငါးလုပ်ငန်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးဇော်မင်းဦးက ဖမ်းဆီးရရှိသည့် ငါးများကို နိုင်ငံခြားသို့ တရားမဝင်တင်ပို့မှုမရှိစေရေး ပြောကြားပြီး တနင်္သာရီတိုင်းဒေသကြီး ငါးလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးလှသန်းက ကုန်ပစ္စည်းတင်ပို့ရာတွင် ကုန်ပစ္စည်းများ၊ ကုန်ချိန်နှင့် ငါးအမျိုးအစား ကိုက်ညီမှုရှိစေရေး ဆောင်ရွက်ကြရန်နှင့် မိမိတို့၏ အခက်အခဲများကို ဆွေးနွေးကြရန် ပြောကြားသည်။

## ရှင်းလင်းဆွေးနွေး

ယင်းနောက် တက်ရောက်လာသည့် ရေလုပ်ငန်းရှင်များနှင့် ကုန်သွယ်လုပ်ငန်းရှင်များမှ သိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

မြိတ်ခရိုင်အတွင်း ရေထွက်ကုန်ပစ္စည်းများကို နိုင်ငံခြားသို့ တင်ပို့ဆောင်ရွက်မှုအနေဖြင့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် နှစ်စမှမေလအထိ ကုန်ချိန် ၁၀၀၂၈ ဒသမ ၁၀ တန် အမေရိကန်ဒေါ်လာ ၁၀ ဒသမ ၄၇ သန်း တင်ပို့နိုင်ခဲ့ပြီး အဆိုပါရေထွက်ကုန်ပစ္စည်းများကို ထိုင်းနိုင်ငံနှင့် မလေးရှားနိုင်ငံသို့ အများဆုံးတင်ပို့ကြကြောင်း မြိတ်ခရိုင်ငါးလုပ်ငန်း ဦးစီးဌာနမှ သိရသည်။

ခိုင်ထူး(ပြန်/ဆက်)



## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၈-၆-၂၀၂၄

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၆၅၅ | ၂၇၃၀ | ၂၇၁၀ | ၂၆၆၅ | ၂၇၃၅ | ၂၇၄၅ | ၂၇၅၅ | ၂၇၀၅ | ၂၈၄၅ | ၂၈၇၅ | ၂၇၂၀ | ၂၇၃၅ | ၂၇၇၀ | ၂၇၆၀ | ၂၇၇၀ | ၃၁၈၀ | ၃၇၀၀ |
| 95 Ron | ၂၇၉၀ | ၂၈၆၅ | ၂၈၄၅ | ၂၈၀၀ | ၂၈၇၀ | ၂၈၈၀ | ၂၈၉၅ | ၂၈၅၀ | ၂၉၈၀ | ၃၀၁၀ | ၂၈၅၅ | ၂၈၇၀ | ၂၉၀၅ | ၂၈၉၅ | ၂၉၀၅ | ၃၃၁၅ | ၃၈၅၀ |
| HSD (500 ppm) | ၂၄၆၅ | ၂၅၄၀ | ၂၅၂၀ | ၂၄၇၀ | ၂၅၄၀ | ၂၅၅၅ | ၂၅၆၅ | ၂၅၂၀ | ၂၆၅၀ | ၂၆၈၀ | ၂၅၃၀ | ၂၅၄၅ | ၂၅၇၅ | ၂၅၆၅ | ၂၅၈၀ | ၂၉၈၅ | ၃၈၀၀ |
| HSD (50 ppm) | ၂၈၉၅ | ၂၉၇၅ | ၂၉၅၀ | ၂၉၀၅ | ၂၉၇၅ | ၂၉၉၀ | ၃၀၀၀ | ၂၉၅၅ | ၃၀၈၅ | ၃၁၁၅ | ၂၉၆၅ | ၂၉၈၀ | ၃၀၁၀ | ၃၀၀၀ | ၃၀၁၀ | ၃၄၂၀ | ၃၈၀၀ |
| HSD (10 ppm) | ၂၈၉၅ | ၂၉၇၅ | ၂၉၅၀ | ၂၉၀၅ | ၂၉၇၅ | ၂၉၉၀ | ၃၀၀၀ | ၂၉၅၅ | ၃၀၈၅ | ၃၁၁၅ | ၂၉၆၅ | ၂၉၈၀ | ၃၀၁၀ | ၃၀၀၀ | ၃၀၁၀ | ၃၄၂၀ | ၃၈၀၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၅၀၉ | ၂၅၉၃ |
| 95 Ron | ၂၆၄၁ | ၂၇၂၇ |
| HSD (500 ppm) | ၂၃၂၄ | ၂၄၀၀ |
| HSD (50 ppm) | ၂၇၄၅ | ၂၈၂၉ |
| HSD (10 ppm) | ၂၇၄၅ | ၂၈၂၉ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေး တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

# မွန်ပြည်နယ်ဒေသဆိုင်ရာလုပ်ငန်းကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး အမှတ်စဉ် (၁/ ၂၀၂၄) ကျင်းပ



မော်လမြိုင် ဇွန် ၂၇

နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး မွန်ပြည်နယ်ဒေသဆိုင်ရာလုပ်ငန်းကော်မတီ လုပ်ငန်းညှိနှိုင်း အစည်းအဝေး အမှတ်စဉ် (၁/ ၂၀၂၄) ကို ဇွန် ၂၅ ရက်က ပြည်နယ်အစိုးရအဖွဲ့ရုံး အောင်ဆန်းခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် မွန်ပြည်နယ်ဒေသဆိုင်ရာ လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ်က မွန်ပြည်နယ်အနေဖြင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေးနှင့် စပ်လျဉ်းပြီး အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် မွန်ပြည်နယ်ဒေသဆိုင်ရာလုပ်ငန်းကော်မတီနှင့် လုပ်ငန်းအလိုက် ဆပ်ကော်မတီများ ဖွဲ့စည်းဆောင်ရွက်ထားပြီးဖြစ်ကြောင်း၊ ပြည်နယ်ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ အောင်မြင်အောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းလိုပါကြောင်း အမှာစကားပြောကြားသည်။

ဆက်လက်ပြီး မွန်ပြည်နယ်ဒေသဆိုင်ရာလုပ်ငန်းကော်မတီ အတွင်းရေးမှူး၊ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဆောင်ရွက်ထားရှိမှု အခြေအနေကို လည်းကောင်း၊ လုပ်ငန်းကော်မတီ တွဲဖက်အတွင်းရေးမှူး၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးက မွန်ပြည်နယ်ဒေသဆိုင်ရာလုပ်ငန်းကော်မတီ၏ လုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေတို့ကို လည်းကောင်း ရှင်းလင်းတင်ပြသည်။

ထို့နောက် လုပ်ငန်းဆပ်ကော်မတီဝင်များက သက်ဆိုင်ရာ ကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြပြီး တက်ရောက်လာသူများ၏ ဖြည့်စွက်အကြံပြုဆွေးနွေးချက်များအပေါ် ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကာ နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# ဈေးအရောင်းအဝယ်စင်တာများတွင် ဆန်အိတ်အသေးများအား ဈေးနှုန်းသက်သာစွာဖြင့် ပြန်လည်ရောင်းချလျက်ရှိ



ရန်ကုန် ဇွန် ၂၇

ဈေးအရောင်းအဝယ်စင်တာများတွင် လွန်ခဲ့သော ရက်အနည်းငယ်က ခေတ္တအရောင်းဆိုင်းငံ့ထားခဲ့သည့် ရွှေဘိုပေါ်ဆန်း၊ ဧရာဝတီပေါ်ဆန်းစသည့် ဆန်အိတ်အသေး (Consumer Pack) များကို ယနေ့တွင် ပြန်လည်ရောင်းချနေပြီဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရ၏ ပြည်တွင်း စားသုံးဆန်ဈေးနှုန်းများ တည်ငြိမ်ကျဆင်းရေးနှင့် သင့်တင့်မျှတသော ဈေးနှုန်းများဖြင့် ရောင်းချရေးအစီအမံများနှင့်အညီ ဈေးနှုန်းများကို ပြန်လည်သတ်မှတ်ရောင်းချနေပြီဖြစ်ကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်ထံမှ သိရသည်။




စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးသူရေးရာဦးစီးဌာနက သင့်တင့်မျှတသော ရည်ညွှန်းဈေးများဖြစ်သည့် ရွှေဘိုပေါ်ဆန်း တစ်ကီလိုလျှင် ငွေကျပ် ၃၅၀၀ မှ ၃၈၀၀ အတွင်း၊ ဧရာဝတီပေါ်ဆန်း တစ်ကီလိုလျှင် ကျပ် ၃၀၀၀ မှ ၃၃၀၀ အတွင်း၊ ရက် ၉၀/ အထူးဧည့်မထများဖြစ်ပါက တစ်ကီလိုလျှင် ကျပ် ၂၂၀၀ မှ ၂၅၀၀ အတွင်း ရည်ညွှန်းဈေးများကို ဇွန် ၂၆ ရက်တွင် ထုတ်ပြန်ခဲ့ကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်ထံမှသိရသည်။

သတင်းစဉ်

# ကော့သောင်းမြို့၌ ဧည့်မထဆန်များ ဈေးနှုန်းသက်သာစွာ ရောင်းချပေး

ကော့သောင်း ဇွန် ၂၇

တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ မြန်မာနိုင်ငံဆန်စပါးအသင်းအချုပ်၊ စားသုံးသူရေးရာဦးစီးဌာနက ကော့သောင်းမြို့နယ် ဆန်စပါးလုပ်ငန်းအသင်းတို့ပူးပေါင်းဆောင်ရွက်မှုဖြင့် ဧည့်မထ(ဧယာ)ဆန် တစ်ပြည်ကို ကျပ် ၃၅၀၀ ဖြင့် ယနေ့နံနက်ပိုင်းက ကော့သောင်းမြို့နယ် ဆန်စပါးလုပ်ငန်းအသင်းရုံးနေရာ၌ အသင်းသား အသင်းသူများက ဈေးနှုန်းသက်သာစွာရောင်းချပေးခဲ့ကြောင်း သိရသည်။

စားသောက်ကုန်ပစ္စည်းများ ဈေးနှုန်းတိုးမြင့်နေသည့်ကာလတွင် အခြေခံပြည်သူများအား တစ်ဖက်တစ်လမ်းမှ အကူအညီဖြစ်စေရန် ရည်ရွယ်၍ ဇွန် ၂၇ ရက်မှစကာ အပတ်စဉ် တနင်္လာနေ့မှ သောကြာနေ့အထိ ကော့သောင်းမြို့နယ်ဆန်စပါးလုပ်ငန်းအသင်းနှင့် တာဝန်ရှိသူများက ဧည့်မထ(ဧယာ)ဆန်များကို သတ်မှတ်ဈေးနှုန်းများအတိုင်း နံနက် ၉ နာရီခွဲမှ ၁၁ နာရီခွဲအတွင်း ဈေးနှုန်းသက်သာစွာ ရောင်းချပေးမည်ဖြစ်ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



# ပခုက္ကူမြို့၌ လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းဆိုင်ရာလူထုအသိပညာပေး ပိုစတာစိုက်ထူ

ပခုက္ကူ ဇွန် ၂၇

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့၌ ၂၀၂၄ လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းဆိုင်ရာလူထုအသိပညာပေး ပိုစတာစိုက်ထူပွဲကို ယနေ့ နံနက် ၈နာရီက ကျင်းပသည်။

ဦးစွာ ပခုက္ကူခရိုင် သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးနေမျိုးအောင်၊ ခရိုင်စီမံအုပ်ချုပ်ရေး အဖွဲ့ဝင်(၁) ဒုတိယဗိုလ်မှူးကြီး မျိုးဝင်းလှိုင်၊ ခရိုင်သန်းခေါင်စာရင်းကော်မတီ အတွင်းရေးမှူး ဒေါ်ကြည်ကြည်ချို၊ မြို့နယ်သန်းခေါင်စာရင်း ကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်စိုးမိုးတို့က ၂၀၂၄ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းဆိုင်ရာလူထုအသိပညာပေးပိုစတာကို ဖဲကြိုးဖြတ်ဖွင့်လှစ်ကြသည်။



ထို့နောက် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ပခုက္ကူခရိုင်နှင့် မြို့နယ်ဦးစီးမှူးရုံးဝန်ထမ်းများက အခမ်းအနားတက်ရောက်လာသူများနှင့် ခရီးသွားလာပြည်သူများထံ အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြကြောင်း သိရသည်။

ဘာမီသာ(ပခုက္ကူ)

# ရွှေတောင်မြို့နယ်၌ မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

ရွှေတောင် ဇွန် ၂၇

ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့နယ် ရန်ကုန် - ပြည်ကားလမ်းဘေး မိုင်တိုင် (၁၅၉ /၀) ထန်းကုန်းကျေးရွာအုပ်စုတွင် ယနေ့နံနက်ပိုင်းက ၂၀၂၄ မိုးရာသီ သစ်ပင်စိုက်ပွဲတော် ကျင်းပသည်။



အဆိုပါ ၂၀၂၄ မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကို ရွှေတောင်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဟံဝင်းအောင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာန ဆိုင်ရာများ၊ မြို့နယ် သစ်တော ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်စက်ပိုင်နှင့်ဝန်ထမ်းများ၊ နယ်မြေခံ တပ်ဖွဲ့ဝင်များ၊ ထန်းကုန်းကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ စုပေါင်း၍ ကျွန်းပင် ၁၀၀၊ ပိတောက်ပင် ၁၀၀၊ ပျဉ်းကတိုးပင် ၁၀၀ နှင့် ယမနေ ၆၀ စုစုပေါင်းအပင် ၃၆၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

ကိုကိုမင်း (ပြန်/ဆက်)

**ပြင်ပအလင်းရောင်ကို အသုံးချပါ၊ မလိုအပ်သော အိမ်တွင်းလျှပ်စစ်မီးများကို လျှော့သုံးပါ**

## မွေးသက္ကရာဇ်အမှန်

မြစ်ကြီးနားမြို့၊ ကြက်ပေါင်ခြံရပ်ကွက်၊ နယ်မြေ(၁)၊ အမှတ်(၂၀)နေ ဦးမာထီး၏သား မောင်အားဖူကျော်ဝင်း [၁/မကန(နိုင်)၂၄၁၅၃၁] ၏ မွေးသက္ကရာဇ်အမှန်မှာ ၂၃-၇-၂၀၀၂ ဖြစ်ပါသည်။

## ပတ်စ်ပို့ပျောက်

ကျွန်မ မခေါန်မိုင် [၁/မညန(နိုင်)၁၉၂၂၉၂] ၏ ပတ်စ်ပို့နံပါတ် (ME-234000) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၅၉၀၇၇၂၈၂**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ ညောင်ပင်ကြီးစုကွက်သစ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၆/ညောင်ပင်ကြီးစုရပ်၊ မြေဧရိယာ(၀.၀၈၂ ဧက) ရှိ မြေကွက်အမှတ်(ပ-၂၃၉)ကို အမည်ပေါက် ဦးနိုင်ဆွေဦး (ဘ) ဦးတင့်ဆွေ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်[၁၄/ကပန(နိုင်) ၀၀၂၉၁၂]မှ ဒေါ်စိုးသန္တာ (ဘ)ဦးမောင်ဌေး နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်[၉/မခန(နိုင်)၁၅၀၆၈၇]နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှု ဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း နောက်ဆုံးထားပြီး လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်သူမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ရောင်းချရန်ကြော်ငြာစာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)
## သင်္ဃန်းကျွန်းခရိုင်တရားရုံးတော်
## ၂၀၂၃ ခုနှစ်၊ တရားမဇာရီမှုအမှတ်- ၇၆

၁။ ဦးအောင်မြင့် (၁)တရားနိုင် ကိုယ်တိုင်နှင့် ဦးလှဝင်း ကျန်တရားနိုင်များ၏အခွင့်ရကိုယ်စားလှယ်)
၂။ ဦးကျော်ရွှေ
၃။ ဦးရှော့ကီး

**ဒီကရီအနိုင်ရသူများ** **တရားရှုံး**

ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံးတော်၊ တရားမကြီးမှုအမှတ်- ၈၉၁/၂၀၁၉ အမှုတွင် အနိုင်ဒီကရီကို အတည်ပြုဆောင်ရွက်ရန်အတွက် အောက်တွင် ဖော်ပြထားသောပစ္စည်းကို ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ(၂၅)ရက်၊ ၁၃၈၆ ခုနှစ်၊ ဝါဆိုလဆုတ် (၅)ရက်၊ နံနက် (၁၀:၀၀)နာရီတွင် ၎င်းပစ္စည်းတည်ရှိရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။ ကိုယ်တိုင်သော်လည်းကောင်း၊ တရားဝင်လွှဲအပ်သည့် ကိုယ်စားလှယ်ဖြင့်သော်လည်းကောင်း၊ လေလံဆွဲဝယ်ယူနိုင်ကြောင်း ကြေညာလိုက်သည်။

**လေလံရောင်းချမည့်စည်းကမ်းချက်များ**

၁။ ပစ္စည်းစာရင်းတွင် ဖော်ပြထားသော အချက်အလက်များမှ တရားနိုင်က တရားရုံးသို့ တင်ပြချက်အရ သိရသမျှဖြစ်သည်။ မှားယွင်းခြင်း၊ ကြွင်းကျန်ခြင်း တစ်ခုခုပေါ်ပေါက်ပါက တရားရုံးက တာဝန်ယူမည်မဟုတ်ပါ။ တရားရှုံး၏ အကျိုးသက်ဆိုင်သမျှကိုသာ ရောင်းချလိမ့်မည့်အကြောင်း၊ လေလံဆွဲဝယ်မည့်သူတို့အား အထူးသတိပြုရန် နှိုးဆော်လိုက်သည်။

၂။ လေလံတင်ရောင်းချသည့် နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။

၃။ ဈေးနှုန်းအမြင့်ဆုံးဝယ်ယူသူအား လေလံဆွဲဝယ်ယူသူအဖြစ် သတ်မှတ်မည်။ သို့သော် အမြင့်ဆုံးပေးသည့်ဈေးနှုန်းမှာ ရောင်းချသည့် ပစ္စည်းအတွက် လက်ခံရန် မသင့်ကြောင်း ရောင်းချသူ အရာရှိက ထင်မြင်လျှင် လက်မခံဘဲ ငြင်းပယ်ပိုင်ခွင့်ရှိသည်။

၄။ လေလံတင်ရောင်းချပြီး မရွှေ့မပြောင်းနိုင်သော ပစ္စည်းအတွက် လေလံဆွဲဝယ်သူက ငွေကျပ် ၁၀၀ လျှင် ၂၅ ကျပ်ကို လေလံဆွဲဝယ်ယူပြီးသည်နှင့် တစ်ပြိုင်နက် နေ့ချင်းပေးသွင်းရမည်။ ထိုသို့ ပေးသွင်းခြင်း မပြုလျှင် တစ်ဖန်ပြန်လည်လေလံတင်ရောင်းချလိမ့်မည်။

၅။ လေလံဆွဲဝယ်ယူသူများသည် ရောင်းချသည့် အရာရှိက သတ်မှတ်ထားသည့် စပေါ်ငွေကို တင်သွင်းမှသာ လေလံဆွဲဝယ်ယူခွင့်ရှိရမည်။

၆။ လေလံဆွဲဝယ်ယူ ရရှိသည် ၂၅ ရာခိုင်နှုန်း နေ့ချင်းပေးသွင်းပြီးနောက် ကျန်ငွေများ ကို လေလံတင် ရောင်းချသည့်နေ့ကိုပယ်၍ (၁၅) ရက်မြောက်နေ့ ရုံးဆင်းချိန်မတိုင်မီ ပေးဆောင်ရမည်။ (၁၅) ရက်မြောက်နေ့သည် ရုံးပိတ်ရက်ဖြစ်လျှင် ပထမရုံးဖွင့်သည့်နေ့တွင် အပြေအကျေ ပေးသွင်းရမည်။

၇။ လေလံကျန်ငွေများကို အထက်ပါနေ့ရက်များတွင် ပေးဆောင်ရန် ပျက်ကွက်ပါက ပစ္စည်းကိုတစ်ဖန် လေလံတင်ရောင်းချလိမ့်မည်။ ပေးသွင်းထားသည့် လေလံငွေများကို ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံရမည်။

၂၀၂၄ ခုနှစ်၊ ဇွန်လ (၂၅) ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ လေလံတင်ရောင်းချရန် ကြော်ငြာစာထုတ်ပေးလိုက်သည်။

**လေလံတင်ရောင်းချမည့်ပစ္စည်းစာရင်း**

ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ (က) ရပ်ကွက်၊ သဇင်ပန်းလမ်း၊ မြေကွက်အမှတ်- ၅၃/ခ ပေါ်တွင် ဆောက်လုပ်ထားသော တိုက်အဆောက်အဦအမှတ် (၅၇/ခ)၊ (၁၂ ပေ x ၄၀ ပေ) အကျယ်ရှိ

၁။ ရေမီးမတပ်ဆင်ရသေးသော မြေညီထပ် (ယာ) (၁) ခန်းအား လေလံကြမ်းခင်းဈေး ကျပ်သိန်း (၄၀၀) (ကျပ်သိန်းလေးရာတိတိ)

၂။ ရေမီးမတပ်ဆင်ရသေးသော ပထမထပ် (ဝဲ) (၁) ခန်းအား လေလံကြမ်းခင်းဈေး ကျပ်သိန်း (၃၅၀) (ကျပ်သိန်းသုံးရာ့ငါးဆယ်တိတိ)

၃။ ရေမီးမတပ်ဆင်ရသေးသော ဒုတိယထပ် (ဝဲ) (၁) ခန်းအား လေလံကြမ်းခင်းဈေး ကျပ်သိန်း (၃၀၀) (ကျပ်သိန်းသုံးရာတိတိ)

၄။ ရေမီးမတပ်ဆင်ရသေးသော ဒုတိယထပ် (ယာ)(၁) ခန်းအား လေလံကြမ်းခင်းဈေး ကျပ်သိန်း (၃၀၀) (ကျပ်သိန်းသုံးရာတိတိ)

**(တင့်တင့်ဌေး)**
**တွဲဖက်ခရိုင်တရားသူကြီး-၃**
**သင်္ဃန်းကျွန်းခရိုင်တရားရုံး**

## အမည်(၂)မျိုးဖြင့်လူတစ်ဦးတည်းဖြစ်ကြောင်းကြေညာခြင်း

ကျွန်တော်၏ တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်မှုရင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမူရင်းနှင့် သန်းခေါင်စာရင်းမူရင်းတို့တွင် ကျွန်တော်၏အမည်ကို **စောမူးဒါးမင်းဟန်** ဟုဖော်ပြထားပြီးဥပဒေဘွဲ့လက်မှတ်မူရင်းတွင် **စောမူဒါးမင်းဟန်** ဟုဖော်ပြထားပါသည်။ ကျွန်တော်၏အမည်မှာ **ဦးစောမူးဒါးမင်းဟန် နှင့် စောမူဒါးမင်းဟန်**ဟု အမည်(၂)မျိုးဖြစ်သော်လည်း လူတစ်ဦးတည်းသာလျှင်ဖြစ်ပါသည်။

**စောမူးဒါးမင်းဟန်(ခ)စောမူဒါးမင်းဟန် [၁၂/မဘန(နိုင်)၁၂၃၅၇၇]**

## အများသိစေရန်ကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၁၃၊ မြေကွက်အမှတ်- ၃၇၆/ခ၊ မြေကွက်တည်နေရာ - အမှတ်- ၃၇၆/ခ၊ ကောလိယ(၃၂)လမ်း၊ (၁၃)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ဒေါ်ကြင်(CI-044344) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဒေါ်ကြင်ထံမှ ပိုင်ဆိုင်စာချုပ်အမှတ် - ၁၁၅၄၇/၂၀၂၃ (၂၈-၁၂-၂၀၂၃)ဖြင့် ရရှိသူ ဒေါ်စန္ဒာဦး [၁၂/ဥကတ(နိုင်)၁၅၆၅၁၅]၊ ဦးခင်မောင်နိုင် [၁၂/ဥကတ(နိုင်)၂၀၃၈၉၇]၊ ဒေါ်တင်ယုလွင် [၁၂/ဥကတ(နိုင်) ၀၆၃၃၁၈]၊ ဒေါ်မြတ်မွန် [၁၂/ဥကတ(နိုင်)၀၆၃၄၄၄]၊ ဦးစိုးညွန့်အောင်(ခ) ဦးဇော်ဦး [၁၂/ဥကတ(နိုင်)၁၃၉၆၈၃]၊ ဒေါ်မေသူ [၁၂/ဥကတ(နိုင်)၁၅၇၃၇၈]တို့၏ အထွေထွေကိုယ်စားလှယ်လွှဲစာရရှိသူ ဒေါ်စန္ဒာဦးမှ ဂရန်မူရင်း ပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာအမှတ်- ၁၂၅၇/၂၀၂၃ (၂၁-၁၂-၂၀၂၃)၊ ရဲစခန်းထောက်ခံစာ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံစာ၊ ကိုယ်တိုင်ဝန်ခံချက်၊ obj၊ ကိုယ်စားလှယ်လွှဲစာ၊ ပါဝါမရုပ်သိမ်းကြောင်းကျမ်းကျိန်လွှာ၊ ဝန်ဆောင်ခတို့တင်ပြ၍ ဂရန်မိတ္တူလျှောက်ထားလာရာ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ပြီး ကန့်ကွက်သူမရှိသဖြင့် ဂရန်မိတ္တူခွင့်ပြုပြီးဖြစ်၍ မူလဂရန် (၂၃-၁၂-၉၃)ရက်နေ့တွင် ထုတ်ပေးထားသည့် ဒေါ်ကြင် (CI-044344)အမည်ပေါက် နှစ်(၆၀) မြေငှားစာချုပ်အမှတ်-တဥ/၁၃၇၁/၉၃ မူရင်းစာအုပ်အား ဌာနမှ ပယ်ဖျက်ပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်/ရှေ့ရပ်ကွက်၊ ၉၁-လမ်း၊ အမှတ်(၈၆)၊ ၅-လွှာ(ဝဲ)(တိုက်ကိုမျက်နှာမူလျှင်- ဘယ်ဘက်)၊ အကျယ်အဝန်း( ၁၇ ပေ x ၅၀ ပေ)ရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်းပေါ်တွင် တွယ်ကပ်ပါရှိသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်ဝယ်ယူပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးမဟာမောက်ယာကုတ် (ခ) ဦးလှမြင့် (KTW-၁၆၂၃၄၂) [၁၂/မဂတ(နိုင်)၁၂၆၆၂၄]ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါ သည်။ အထက်ဖော်ပြပါ တိုက်ခန်းအရောင်းအဝယ်ကိစ္စကို မည်သူမဆိုကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက တိုက်ခန်းအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးသက်နိုင်ဦး**
**[ LL.B, LL.M, MRes(Law), D.B.L]**
**အထက်တန်းရှေ့နေ (စဉ်-၃၆၉၃၃)**
**အမှတ်(၁၅)၊ မြေညီ(ဘီ)၊ အထက်မန္တလေးလမ်းသွယ်(၃)၊**
**ကန်/မြောက်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၉၇၅၀၂၁၈၄၁**

## "ကွန်ဒိုတိုက်ခန်းဝယ်ယူမည်"ဖြစ်ပါ၍
## ကန့်ကွက်နိုင်ကြောင်း အများသိရှိနိုင်စေရန် ကြေညာခြင်း

ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်ခင်ခင်စံ[၁၁/မပတ(နိုင်)၀၂၈၈၈၅]သည် **"ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၁၀)ရပ်ကွက်၊ အင်းယားရိပ်သာလမ်း၊ မေအင်းယားကွန်ဒို၊ အခန်းအမှတ်-(၃/ဒီ)ဟု ခေါ်တွင်သော ကွန်ဒိုတိုက်ခန်း (၁)ခန်း အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံး"**တို့အား စာချုပ်အဆက်စပ်ဖြင့် တရားဝင်ပိုင်ဆိုင်သူများဖြစ်သော **"ဦးလှစိန်[၁၄/လပတ(နိုင်)၀၁၀၁၃၅]နှင့် ဒေါ်မြင့်မြင့်ရီ [၁၄/လပတ(နိုင်)၀၁၀၁၃၆]"** တို့ထံမှ တရားဝင် ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေခဲ့ပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူရှိပါက ကျွန်ုပ်တို့ထံသို့ ခိုင်လုံသည့် စာချုပ်စာတမ်း အထောက်အထားမူရင်းများနှင့်အတူ ဤသတင်းစာ ကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ အကယ်၍ ကန့်ကွက်မည့်သူမရှိပါက အဆိုပါ အရောင်းအဝယ်ကိစ္စအထမြောက်စေရန်အတွက် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်မေသန္တာသိန်း** | **ဒေါ်ပွင့်သူဇာ** |
| **(LL.B)(စဉ်-၁၄၅၉၈)** | **(LL.B)(စဉ်-၁၄၅၉၂)** |

**တရားလွှတ်တော်ရှေ့နေများ**
**အမှတ်(၃၄၅)၊ နဝရတ်(၃)လမ်းအောက်၊ (၈)ရပ်ကွက်၊**
**သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၄၂၁၁၇၂၀၄၊ ၀၉-၂၆၂၆၈၅၇၄၄၊ ၀၉-၂၆၄၆၉၇၉၀၉**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဆ)ရပ်ကွက်၊ ကရဝိတ်(၁)လမ်း၊ အမှတ်(၅၄၀)ဟုခေါ်တွင်သော အလျား(၂၀)ပေxအနံ(၆၀)ပေ၊ မြေငှားဂရန်စာချုပ်အမှတ်-မဥ/ဆ-၇၆၇/၉၃ ဦးကျော်သိန်း အမည်ပေါက် နှစ်(၆၀)အငှားဂရန်မြေ၏ တရားဝင်မခွဲမစိတ်ရသေးသော ခေါင်းရင်းခြမ်းဖြစ်သည့် အလျား(၁၀) ပေx အနံ(၆၀)ပေ မြေနှင့်ယင်းမြေပေါ်တွင် ဆောက်လုပ်ထားသော နေအိမ်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို လက်ရှိပိုင်ဆိုင်နေထိုင်လျက်ရှိသော ၁။ ဦးသက်မောင်မောင်ဇော် [၁၂/ဥကမ(နိုင်)၀၂၈၀၂၁]၊ ၂။ ဒေါ်အေးသန္တာဖြူ [၁၂/ဥကမ(နိုင်)၁၈၄၇၁၈]တို့ထံမှ ကျွန်ုပ်၏အမှုသည် ဒေါ်မိုးသီတာ[၁၂/ဥကမ(နိုင်)၁၂၉၁၂၃]က ဝယ်ယူရန်စရန်ငွေပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှ (၁၄)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါ်မိုးသီတာ** | **ဒေါ်အိစန္ဒာ** |
| **[၁၂/ဥကမ(နိုင်)၁၂၉၁၂၃]** | **(LL.B) (စဉ်-၁၅၅၇၆)** |
| | **(တရားလွှတ်တော်ရှေ့နေ) (၂၇-၆-၂၀၁၉)** |
| | **အမှတ်(ဆ/၆၆၈/၂)၊ သမာဓိလမ်း၊** |
| | **မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။** |
| | **ဖုန်း-၀၉-၄၂၁၀၂၉၅၁၄** |

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၇)၊ ဦးထွန်းမြင့်လမ်း၊ မြေကွက်အမှတ်(၇၉၃)၊ မြေအကျယ်အဝန်း(၄၀ပေ×၆၀ပေ)၊ ဧရိယာ(၀.၀၅၅)ဧက၊ (၂၄၀၀)စတုရန်းရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီမြို့ ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှု မြေယာဌာနတွင် ဒေါ်နုနုအောင်(၉/ညဥန(နိုင်)၀၂၈၃၅၈) အမည်ဖြင့် အမည်ပေါက်မှတ်သားတည်ရှိပြီး အမည်ပေါက်ထံမှ ဒေါ်ဖြူဖြူသင်း(၁၄/ဝခမ(နိုင်)၀၀၀၀၃၁)သည် "နှစ်ဦးသဘောတူအဆင့်ဆင့်အရောင်းအဝယ်ကတိစာချုပ်"များဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး မိမိတစ်ဦးတည်းသာလျှင် တရားဝင်လက်ရှိပိုင်ဆိုင်ကြောင်းနှင့်လွတ်လပ်စွာလွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်းဝန်ခံကတိပြု၍ ကျွန်ုပ်၏မိတ်ဆွေထံသို့ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် စကားကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူကအပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်၊ သို့ဖြစ်ပါ၍ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက် နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိုပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်၊

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဒေါ်စုမြတ်မောင် (LL.B)** | **ဒေါ်ကေကေနိုင် (LL.B)** |
| တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၅၅၄) | အထက်တန်းရှေ့နေ (စဉ်-၅၃၃၄၄) |

**ဦးတိုးဝေနိုင် (LL.B)**
အထက်တန်းရှေ့နေ (စဉ်-၅၅၉၁၃)

အမှတ်(၁၃၁)၊ မြရတနာ(၇)လမ်း၊ (ခ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း - ၀၉-၄၂၈၀၂၂၃၈၄၊ ၀၉-၄၂၆၈၇၆၆၆၀၊ ၀၉-၇၆၉၈၂၃၄၁၇၊

## သစ်တောမှန်လျှင်အသုံးဝင်အစဉ်ထာဝရထိန်းသိမ်းကြ

## ပတ်စ်ပို့ပျောက်

ကျွန်မ မဆိုင်ဂျာ[၁/ဟပန(နိုင်)၀၂၂၆၁၇]၏ ပတ်စ်ပို့နံပါတ် (MC-977470) မှာပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၀၀၀၂၆၆၀**

## ဖခင်အမည်မှန်

ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ် UTS ကိုယ်ပိုင်အထက်တန်းကျောင်း Grade-10 မှ မနီလာဝင်း၏ ဖခင်အမည်မှန်မှာ ဦးစိုးသင်း [၈/မမန(နိုင်)၁၅၇၈၆၃] ဖြစ်ပါကြောင်း။

**ဦးစိုးသင်း**

## ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄၁၊ လူနေရပ်ကွက်အမှတ်-တ/၁၅၊ စံပါယ်ဖြူလမ်း၊ မြေကွက်အမှတ်-၉၁၄(က)၊ အကျယ်ပေ (၂၀x၆၀)ရှိ ဦးဝင်းစိုး အမည်ပေါက် မြေချပါမစ်ထွက်ရှိထားသော အိမ်မြေပိုင်ဆိုင်မှုနှင့် ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

အထက်ဖော်ပြပါအိမ်မြေအား ပါမစ်အမည်ပေါက်ပိုင်ရှင်ဦးဝင်းစိုးထံမှ အရပ်ကတိစာချုပ်ဖြင့်ဝယ်ယူ၍ လက်ဝယ်ထားရှိပိုင်ဆိုင်သူ ပိုင်ရှင်ဦးသန်းစိုး[၁၂/လမန(နိုင်)၀၃၂၂၄၇]ထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဒေါ်အိဇာဇာခင်မှ စရန်ငွေတစ်စိတ်တစ်ဒေသပေးချထားပြီးဖြစ်သောကြောင့် အထက်ဖော်ပြပါ အိမ်မြေ၏ ပိုင်ရေးဆိုင်ခွင့်နှင့် ပတ်သက်ပြီး ကန့်ကွက်လိုသူမည်သူမဆို ယနေ့မှစ၍ (၁၄)ရက်အတွင်း အိမ်မြေပိုင်ဆိုင်မှု စာရွက်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ** |
| **ဒေါ်အိဇာဇာခင်** | **ဒေါ်ခင်မာလွင်(LL.B,D.B.L)** |
| **[၁၂/ရပသ(နိုင်)၀၆၄၅၇၅]** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၇၆၅၂)** |
| **အမှတ်-၃၀၇၊ ဘုရင့်နောင်လမ်း၊** | **အမှတ်-၁၁၂၊ ဗိုလ်ချုပ်လမ်း၊** |
| **(၈)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်။** | **(၅)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်။** |
| | **ဖုန်း-၀၉-၅၁၈၉၆၈၉** |

## (တိုက်ခန်း)ကြိုပွိုင့် ဝယ်ယူခြင်းအပေါ် ကန့်ကွက်နိုင်ပါသည်

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်(ဃ)၊ ဝေပုလ္လ(၂)လမ်း၊ အမှတ်(၈၃/ခ)၊ မြေအကျယ်ပေ(၂၀x၆၀)ပေါ်တွင် ဆောက်လုပ်မည်ဖြစ်သော (၆)ထပ်တိုက်၏(၆-လွှာ)၊ (ပဉ္စမထပ်)ဟု ခေါ်တွင်သည့်(တိုက်ခန်း) အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဦးဝေယံယန်[၁၂/ကမရ(နိုင်)၀၅၇၈၁၉]၊ (ကန်ထရိုက်တာ)မှ ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းတစ်စုံတစ်ရာမရှိ ကင်းရှင်းပါကြောင်း ဝန်ခံပါသဖြင့် ဦးရန်နိုင်လွင် [၁၂/ဥကမ(နိုင်)၀၁၂၀၉၄]+ဒေါ်အေးအေးခိုင် [၁၂/ဥကမ(နိုင်)၂၉၁၅၅၅]တို့မှ သတ်မှတ်သည့် အရစ်ကျငွေများကို ဦးဝေယံယန်သို့ပေးချေ၍ **(၂၇-၆-၂၀၂၄)ရက်စွဲပါ "တိုက်ခန်းကြိုပွိုင့်အရောင်းအဝယ်အရစ်ကျပေးချေသည့်စာချုပ်"**ကို ချုပ်ဆိုထားပြီးဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာစာပါသည့်နေ့မှ ရက်(၃၀)အတွင်း စာချုပ်စာတမ်းမူရင်း၊ စာရွက်စာတမ်းမူရင်းများနှင့်တကွ ဆက်သွယ်ကန့်ကွက နိုင်ပါကြောင်းနှင့် သတ်မှတ်ရက် ပြည့်သည့်တိုင် ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်အား သတ်မှတ်သည့် အရစ်ကျငွေများကို ထပ်မံပေးချေ၍ ပြီးမြောက် သည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ဦးရန်နိုင်လွင်+ဒေါ်အေးအေးခိုင်တို့၏ ညွှန်ကြားချက်အရ-**
**ဒေါ်ဝေဝေခိုင်(ခ)ဒေါ်မြမြဌေး(H.G.P, LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၆၆၀၅)၊(၂၀-၇-၁၉၉၈)**
**ရုံး-(ဃ/၃၀၄)၊ ပထမထပ်၊ ခေမာသီလမ်း၊ မြောက်ဥက္ကလာပမြို့နယ်။ ဖုန်း-၀၉- ၅၄၀၇၂၂၉**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ မြေနီကုန်း(မြောက်)ရပ်ကွက်၊ ရှမ်းကုန်းလမ်း၊ အမှတ်(၃၄)၊ ခေါင်းရင်းခန်း၊ (၃)လွှာ၊ အကျယ်အဝန်း (၁၅ ၁/၂ ပေx၅၅ပေ)ရှိ တိုက်ခန်းနှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်အား တရားဝင်ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ဝါဝါချို[၁၄/ လပတ(နိုင်)၁၃၂၈၉၉]ထံမှ ကျွန်ုပ်၏မိတ်ဆွေက ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေပြီး တိုက်ခန်းအရောင်းအဝယ် စရန်ငွေပေး သဘောတူကတိစာချုပ်ကို ချုပ်ဆိုဝယ်ယူထားပါသည်။ အဆိုပါ အရောင်းအဝယ်အား ကန့်ကွက်ရန်ရှိပါက ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ဤကြော်ငြာစာပါသည့်နေ့မှ (၇)ရက်အတွင်း လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ပြီးပြတ်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်အေးမြတ်မွန်(LL.B, LL.M)**
**အထက်တန်းရှေ့နေ (စဉ်-၅၅၈၄၂)**
**အမှတ်(၁၂၈)၊ မြယာကုန်းလမ်းတို၊ တောင်ညွန့်ကြီးရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၉၅၆၂၆၄၇၈၆**

## ရောင်းချရန်ကြော်ငြာစာ
## (တရားမကျင့်ထုံးဥပဒေအမိန့်- ၂၁၊ နည်းဥပဒေ- ၆၆)
## သင်္ဃန်းကျွန်းခရိုင်တရားရုံးတော်
## ၂၀၂၃ ခုနှစ်၊ တရားမဇာရီမှုအမှတ်- ၇၇

၁။ ဦးအာမတ်ရော်ရှိတ် ဦးလှဝင်း
၂။ ဒေါ်အေးအေးသန်း
၃။ ဒေါ်မြင့်ရီ
၄။ ဒေါ်မျိုးမျိုးသက်
၅။ ဒေါ်တင်ဇာဖြိုး (တရားနိုင်များ၏
အခွင့်ရကိုယ်စားလှယ် ဦးအောင်မြင့်)

**ဒီကရီအနိုင်ရသူများ တရားရှုံး**

ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံးတော်၊ တရားမကြီးမှုအမှတ်- ၅၄၅/၂၀၁၉ အမှုတွင် အနိုင်ဒီကရီကို အတည်ပြုဆောင်ရွက်ရန်အတွက် အောက်တွင်ဖော်ပြထားသော ပစ္စည်းကို ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ၊ (၂၅)ရက်၊ [၁၃၈၆ ခုနှစ်၊ ဝါဆိုလဆုတ် (၅)ရက်]၊ နံနက် (၁၀:၀၀) နာရီတွင် ၎င်းပစ္စည်းတည်ရှိရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။ ကိုယ်တိုင်သော်လည်းကောင်း၊ တရားဝင်လွှဲအပ်သည့် ကိုယ်စားလှယ်ဖြင့်သော်လည်းကောင်း၊ လေလံဆွဲဝယ်ယူနိုင်ကြောင်း ကြေညာလိုက်သည်။

**လေလံရောင်းချမည့်စည်းကမ်းချက်များ**

၁။ ပစ္စည်းစာရင်းတွင် ဖော်ပြထားသောအချက်အလက်များမှ တရားနိုင်က တရားရုံးသို့ တင်ပြချက်အရ သိရသမျှဖြစ်သည်။ မှားယွင်းခြင်း၊ ကြွင်းကျန်ခြင်း တစ်ခုခုပေါ်ပေါက်ပါက တရားရုံးက တာဝန်ယူမည်မဟုတ်ပါ။ တရားရှုံး၏ အကျိုးသက်ဆိုင်သမျှကိုသာ ရောင်းချလိမ့်မည့်အကြောင်း၊ လေလံဆွဲဝယ်မည့်သူတို့အား အထူးသတိပြုရန် နှိုးဆော်လိုက်သည်။
၂။ လေလံတင်ရောင်းချသည့် နည်းစနစ်ကို ရောင်းချသူ အရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။
၃။ ဈေးနှုန်းအမြင့်ဆုံးဝယ်ယူသူအား လေလံဆွဲဝယ်ယူသူအဖြစ် သတ်မှတ်မည်။ သို့သော် အမြင့်ဆုံးပေးသည့်ဈေးနှုန်းမှာ ရောင်းချသည့် ပစ္စည်းအတွက် လက်ခံရန် မသင့်ကြောင်း ရောင်းချသူ အရာရှိက ထင်မြင်လျှင် လက်မခံဘဲ ငြင်းပယ်ပိုင်ခွင့်ရှိသည်။
၄။ လေလံတင်ရောင်းချပြီး မရွှေ့မပြောင်းနိုင်သော ပစ္စည်းအတွက် လေလံဆွဲဝယ်သူက ငွေကျပ် ၁၀၀ လျှင် ၂၅ ကျပ်ကို လေလံဆွဲဝယ်ယူပြီးသည်နှင့်တစ်ပြိုင်နက် နေ့ချင်းပေးသွင်းရမည်။ ထိုသို့ ပေးသွင်းခြင်းမပြုလျှင် တစ်ဖန် ပြန်လည်လေလံတင်ရောင်းချလိမ့်မည်။
၅။ လေလံဆွဲဝယ်ယူသူများသည် ရောင်းချသည့် အရာရှိက သတ်မှတ်ထားသည့် စပေါ်ငွေကို တင်သွင်းမှသာ လေလံဆွဲဝယ်ယူခွင့်ရှိရမည်။
၆။ လေလံဆွဲဝယ်ယူ ရရှိသည် ၂၅ ရာခိုင်နှုန်း နေ့ချင်းပေးသွင်းပြီးနောက် ကျန်ငွေများကို လေလံတင်ရောင်းချသည့်နေ့ကိုပယ်၍ (၁၅) ရက်မြောက်နေ့ ရုံးဆင်းချိန်မတိုင်မီ ပေးဆောင်ရမည်။ (၁၅)ရက်မြောက်နေ့သည် ရုံးပိတ်ရက်ဖြစ်လျှင် ပထမရုံးဖွင့်သည့်နေ့တွင် အပြေအကျေပေးသွင်းရမည်။
၇။ လေလံကျန်ငွေများကို အထက်ပါနေ့ရက်များတွင် ပေးဆောင်ရန် ပျက်ကွက်ပါက ပစ္စည်းကို တစ်ဖန်လေလံတင်ရောင်းချလိမ့်မည်။ ပေးသွင်းထားသည့် လေလံငွေများကို ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံရမည်။

၂၀၂၄ ခုနှစ်၊ ဇွန်လ၊ (၂၅) ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ လေလံတင်ရောင်းချရန် ကြော်ငြာစာထုတ်ပေးလိုက်သည်။

**လေလံတင်ရောင်းချမည့် ပစ္စည်းစာရင်း**

ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ (က)ရပ်ကွက်၊ သဇင်ပန်းလမ်း၊ မြေကွက်အမှတ်- ၅၃/ခ ပေါ်တွင် ဆောက်လုပ်ထားသော တိုက်အဆောက်အဦအမှတ် (၅၉/က)၊ (၁၂ပေx ၄၀ပေ) အကျယ်ရှိ
၁။ ရေမီးမတပ်ဆင်ရသေးသော မြေညီထပ်(ဝဲ) (၁)ခန်းအား လေလံကြမ်းခင်းဈေး ကျပ်သိန်း (၆၀၀) (ကျပ်သိန်းခြောက်ရာတိတိ)
၂။ ရေမီးမတပ်ဆင်ရသေးသော ပထမထပ်(ဝဲ) (၁)ခန်းအား လေလံကြမ်းခင်းဈေး ကျပ်သိန်း (၅၅၀) (ကျပ်သိန်းငါးရာ့ငါးဆယ်တိတိ)
၃။ ရေမီးမတပ်ဆင်ရသေးသော ဒုတိယထပ်(ဝဲ) (၁)ခန်းအား လေလံကြမ်းခင်းဈေး ကျပ်သိန်း (၅၀၀) (ကျပ်သိန်းငါးရာတိတိ)
၄။ ရေမီးမတပ်ဆင်ရသေးသော ဒုတိယထပ်(ယာ) (၁)ခန်းအား လေလံကြမ်းခင်းဈေး ကျပ်သိန်း (၅၀၀) (ကျပ်သိန်းငါးရာတိတိ)
၅။ ရေမီးမတပ်ဆင်ရသေးသော တတိထပ်(ယာ) (၁)ခန်းအား လေလံကြမ်းခင်းဈေး ကျပ်သိန်း (၄၅၀) (ကျပ်သိန်းလေးရာ့ငါးဆယ်တိတိ)

**(တင့်တင့်ဌေး)**
**တွဲဖက်ခရိုင်တရားသူကြီး-၃**
**သင်္ဃန်းကျွန်းခရိုင်တရားရုံး**

## အများသိစေရန်အသိပေးကြော်ငြာခြင်း

ရွှေပြည်သာမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်-၄၀၊မြေကွက်အမှတ်-၁၃၄၂/က၊ဧရိယာ(၀.၀၂၇)ဧက၊မြေကွက်တည်နေရာအမှတ်(၁၃၄၂/က) အောင်ချမ်းသာလမ်း၊(၄၀)ရပ်ကွက်၊ရွှေပြည်သာ၊ဦးအောင်မောင်း(၁၂/လမန(နိုင်)၀၃၉၀၉၅)အမည်ပေါက်နှစ်(၆၀)မြေငှားဂရန်မြေအားဂရန်မြေအမည်ပေါက်-ဦးအောင်မောင်း(၁၂/လမန(နိုင်)၀၃၉၀၉၅)ထံမှအထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်-၁၈၇(၁-၆-၂၀၂၁)ရရှိသူဒေါ်နန်းနွဲ့နွဲ့ဝင်း(၁၃/နခန(နိုင်)၀၃၇၅၅၇)မှဂရန်ပျောက်ဆုံးကြောင်းရပ်ကွက်ထောက်ခံချက်၊ရဲစခန်းထောက်ခံချက်၊နှစ်(၆၀)ဂရန်စာချုပ်မူရင်းမှာပေါင်နှံထားခြင်း၊ပေးကမ်းထားခြင်း၊အာမခံ၍ငွေချေးထားခြင်း၊တနည်းနည်းဖြင့်လွှဲပြောင်းထားခြင်းမရှိကြောင်းနှစ်(၆၀)မြေငှားဂရန်ကျပျောက်သွားသည်မှာမှန်ကန်ကြောင်းဗိုလ်တထောင်မြို့နယ်တရားရုံး၏ကျမ်းကျိန်လွှာအမှတ်-၂၇၄၅/၂၀၂၁(၂၂-၁၂-၂၀၂၁) ကိုယ်တိုင်ဝန်ခံချက်၊အထွေထွေကိုယ်စားလှယ်လွှဲစာ၊အထွေထွေကိုယ်စားလှယ်လွှဲစာပေးအပ်ထားသူသက်ရှိထင်ရှားရှိကြောင်းနှင့်ပြန်လည်ရုပ်သိမ်းခြင်းမရှိကြောင်း ဗိုလ်တထောင်မြို့ နယ်တရားရုံး၏ကျမ်းကျိန်လွှာအမှတ်-၈၁၆/၂၀၂၂(၁၇-၁-၂၂)၊နိုင်ငံသားစိစစ်ရေးကဒ်တို့တင်ပြ၍ဂရန်မိတ္တူလျှောက်ထားခြင်းအား ဂရန်မိတ္တူထုတ်ပေးမည်ဖြစ်ပါသဖြင့်မြို့မြေစာရင်း(TLR)တွင်ဂရန်မိတ္တူခွင့်ပြုကြောင်းနှင့်မူလထုတ်ပေးထားသောဂရန်မူရင်းအားပယ်ဖျက်ကြောင်းရုံးတွင်းအမိန့်အမှတ်(၂၁၂၉/၂၀၂၄)(၁၄-၅-၂၀၂၄)ဖြင့်မှတ်သားပြီးဖြစ်ပါကြောင်းတင်ပြ၍ဂရန်မိတ္တူလျှောက်ထားလာရာတရားဝင်ခိုင်လုံသောအထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ရောင်းချရန်ကြော်ငြာစာ
## (တရားမကျင့်ထုံးဥပဒေ အမိန့်-၂၁၊ နည်းဥပဒေ-၆၆)
## သင်္ဃန်းကျွန်းခရိုင်တရားရုံးတော်
## ၂၀၂၃ ခုနှစ်၊ တရားမဇာရီမှုအမှတ်- ၇၄

၁။ ဦးအာမတ်ရော်ရှိတ် ဦးလှဝင်း
၂။ ဦးမိုဟာမတ်ဒါဝတ်
၃။ ဦးဖရွတ် (ခ) မောင်မောင်
၄။ ဒေါ်နွယ်နီပွင့်ခိုင်
၅။ ဦးဝင်းနိုင်
၆။ ဦးသန်းမြင့်
၇။ ဒေါ်သန်းသန်းအေး (တရားနိုင်များ၏
အခွင့်ရကိုယ်စားလှယ် ဦးအောင်မြင့်)

**ဒီကရီအနိုင်ရသူများ တရားရှုံး**

ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံးတော်၊ တရားမကြီးမှုအမှတ်- ၅၄၄/၂၀၁၉ အမှုတွင် အနိုင်ဒီကရီကို အတည်ပြုဆောင်ရွက်ရန်အတွက် အောက်တွင်ဖော်ပြထားသော ပစ္စည်းကို ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ (၂၅)ရက်၊ [၁၃၈၆ ခုနှစ်၊ ဝါဆိုလဆုတ် (၅)ရက်]၊ နံနက် (၁၀:၀၀)နာရီတွင် ၎င်းပစ္စည်းတည်ရှိရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။ ကိုယ်တိုင်သော်လည်းကောင်း၊ တရားဝင်လွှဲအပ်သည့် ကိုယ်စားလှယ်ဖြင့်သော်လည်းကောင်း လေလံဆွဲဝယ်ယူနိုင်ကြောင်း ကြေညာလိုက်သည်။

**လေလံရောင်းချမည့်စည်းကမ်းချက်များ**

၁။ ပစ္စည်းစာရင်းတွင် ဖော်ပြထားသော အချက်အလက်များမှ တရားနိုင်က တရားရုံးသို့ တင်ပြချက်အရ သိရသမျှဖြစ်သည်။ မှားယွင်းခြင်း၊ ကြွင်းကျန်ခြင်း တစ်ခုခုပေါ်ပေါက်ပါက တရားရုံးက တာဝန်ယူမည်မဟုတ်ပါ။ တရားရှုံး၏ အကျိုးသက်ဆိုင်သမျှကိုသာ ရောင်းချလိမ့်မည့်အကြောင်း လေလံဆွဲဝယ်မည့်သူတို့အား အထူးသတိပြုရန် နှိုးဆော်လိုက်သည်။
၂။ လေလံတင်ရောင်းချသည့် နည်းစနစ်ကို ရောင်းချသူ အရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။
၃။ ဈေးနှုန်းအမြင့်ဆုံး ဝယ်ယူသူအား လေလံဆွဲဝယ်ယူသူအဖြစ် သတ်မှတ်မည်။ သို့သော် အမြင့်ဆုံးပေးသည့်ဈေးနှုန်းမှာ ရောင်းချသည့် ပစ္စည်းအတွက် လက်ခံရန်မသင့်ကြောင်း ရောင်းချသူ အရာရှိက ထင်မြင်လျှင် လက်မခံဘဲ ငြင်းပယ်ပိုင်ခွင့်ရှိသည်။
၄။ လေလံတင်ရောင်းချပြီး မရွှေ့မပြောင်းနိုင်သော ပစ္စည်းအတွက် လေလံဆွဲဝယ်သူက ငွေကျပ် ၁၀၀ လျှင် ၂၅ ကျပ်ကို လေလံဆွဲဝယ်ယူပြီးသည်နှင့်တစ်ပြိုင်နက် နေ့ချင်းပေးသွင်းရမည်။ ထိုသို့ ပေးသွင်းခြင်းမပြုလျှင် တစ်ဖန်ပြန်လည်လေလံတင်ရောင်းချလိမ့်မည်။
၅။ လေလံဆွဲဝယ်ယူသူများသည် ရောင်းချသည့် အရာရှိက သတ်မှတ်ထားသည့် စပေါ်ငွေကို တင်သွင်းမှသာ လေလံဆွဲဝယ်ယူခွင့်ရှိရမည်။
၆။ လေလံဆွဲဝယ်ယူရရှိသည် ၂၅ ရာခိုင်နှုန်း နေ့ချင်းပေးသွင်းပြီးနောက် ကျန်ငွေများကို လေလံတင်ရောင်းချသည့်နေ့ကိုပယ်၍ (၁၅)ရက်မြောက်နေ့ ရုံးဆင်းချိန်မတိုင်မီ ပေးဆောင်ရမည်။ (၁၅)ရက်မြောက်နေ့သည် ရုံးပိတ်ရက်ဖြစ်လျှင် ပထမရုံးဖွင့်သည့်နေ့တွင် အပြေအကျေပေးသွင်းရမည်။
၇။ လေလံကျန်ငွေများကို အထက်ပါနေ့ရက်များတွင် ပေးဆောင်ရန် ပျက်ကွက်ပါက ပစ္စည်းကို တစ်ဖန်လေလံတင်ရောင်းချလိမ့်မည်။ ပေးသွင်းထားသည့် လေလံငွေများကို ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံရမည်။

၂၀၂၄ ခုနှစ်၊ ဇွန်လ (၂၅)ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ လေလံတင်ရောင်းချရန် ကြော်ငြာစာထုတ်ပေးလိုက်သည်။

**လေလံတင်ရောင်းချမည့် ပစ္စည်းစာရင်း**

ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ (က)ရပ်ကွက်၊ သဇင်ပန်းလမ်း၊ မြေကွက်အမှတ်- ၅၃/ခ ပေါ်တွင် ဆောက်လုပ်ထားသော တိုက်အဆောက်အဦအမှတ် (၅၇/က)၊ (၁၂ပေx ၄၀ပေ) အကျယ်ရှိ
၁။ ရေမီးမတပ်ဆင်ရသေးသော မြေညီထပ်(ဝဲ) (၁)ခန်းအား လေလံကြမ်းခင်းဈေး ကျပ်သိန်း (၆၀၀) (ကျပ်သိန်းခြောက်ရာတိတိ)
၂။ ရေမီးမတပ်ဆင်ရသေးသော မြေညီထပ်(ယာ) (၁)ခန်းအား လေလံကြမ်းခင်းဈေး ကျပ်သိန်း (၆၀၀) (ကျပ်သိန်းခြောက်ရာတိတိ)
၃။ ရေမီးမတပ်ဆင်ရသေးသော ဒုတိယထပ်(ဝဲ) (၁)ခန်းအား လေလံကြမ်းခင်းဈေး ကျပ်သိန်း (၅၀၀) (ကျပ်သိန်းငါးရာတိတိ)
၄။ ရေမီးမတပ်ဆင်ရသေးသော တတိယထပ်(ဝဲ) (၁)ခန်းအား လေလံကြမ်းခင်းဈေး ကျပ်သိန်း (၄၅၀) (ကျပ်သိန်းလေးရာ့ငါးဆယ်တိတိ)
၅။ ရေမီးမတပ်ဆင်ရသေးသော စတုတ္ထထပ်(ဝဲ) (၁)ခန်းအား လေလံကြမ်းခင်းဈေး ကျပ်သိန်း (၄၀၀) (ကျပ်သိန်းလေးရာတိတိ)
၆။ ရေမီးမတပ်ဆင်ရသေးသော စတုတ္ထထပ်(ယာ) (၁)ခန်းအား လေလံကြမ်းခင်းဈေး ကျပ်သိန်း (၄၀၀) (ကျပ်သိန်းလေးရာတိတိ)

**(တင့်တင့်ဌေး)**
**တွဲဖက်ခရိုင်တရားသူကြီး-၃**
**သင်္ဃန်းကျွန်းခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သင်္ဃန်းကျွန်းမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်-၂၆(သုမင်္ဂလာအိမ်ရာ)၊မြေကွက်အမှတ်-၄၅၊မြေကွက်တည်နေရာအမှတ်(၄၅)၊သုမင်္ဂလာအပိုင်း(၁)၊ သင်္ဃန်းကျွန်းမြို့နယ်၊ဦးမျိုးသော်ဇင်(၁၂/ရကန(နိုင်)၀၄၄၀၆၀)အမည်ပေါက်နှစ်(၆၀)မြေငှားစာချုပ်မြေအားအမည်ပေါက်-ဦးမျိုးသော်ဇင်(ခင်ပွန်း)ကွယ်လွန်သဖြင့်ဒေါ်သီတာချို(၁၂/ရကန(နိုင်)၀၁၆၆၁၇)မှတရားဝင်အမွေဆက်ခံပိုင်ဆိုင်ခွင့်ရှိသည့်တစ်ဦးတည်းသောတရားဝင်ဇနီးဖြစ်ကြောင်း၎င်းမှလွှဲ၍ အခြားသောအမွေဆက်ခံခွင့်ရှိသူတစ်ဦးတစ်ယောက်မျှမရှိကြောင်းကျမ်းကျိန်လွှာ-၈၄၉/၂၀၂၄(၁၅-၅-၂၀၂၄)၊သေစာရင်း၊အိမ်ထောင်စုစာရင်း၊ဂရန်မူရင်းတို့တင်ပြ၍ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန်မြေပုံကူးလျှောက်ထားလာမှုအပေါ် ကန့်ကွက်ရန်ရှိပါကတရားဝင်ခိုင်လုံသောအထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ၄၅-ရပ်ကွက်၊ ပြည်ထောင်စုလမ်း၊ အမှတ်- ၁၀၈၁ ဟုခေါ်တွင်သော မြေနှင့်အိမ်အကျိုးခံစားခွင့်အရပ်ရပ်နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၄၅၊ မြေကွက်အမှတ်- ၁၀၈၁၊ ဧရိယာ (၀.၀၅၆)၊ မြေအမျိုးအစား- နှစ်(၆၀)ဂရန်မြေနှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား မြို့မြေစာရင်းတွင် ဦးမိုးကျော်သူအေး [၁၂/တမန(နိုင်)၀၆၈၀၀၇၅] အမည်ပေါက်လျက်ရှိပြီး ၎င်းထံမှ အရပ်ကတိအရောင်းအဝယ်စာချုပ်အဆက်ဆက်အရ ဝယ်ယူပိုင်ဆိုင်လက်ဝယ်ထားရှိသူ ဦးခင်မောင်အေး [၁၂/ကမတ(နိုင်)၀၀၇၃၆၃] က မိမိတစ်ဦးတည်းပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်တို့မိတ်ဆွေကဝယ်ယူရန် နှစ်ဖက်သဘောတူညီထားသော ရောင်းဖိုးငွေအနက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ (၇)ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| ဦးဟိန်းစိုး | ဦးသန်းဦး |
|---|---|
| တရားလွှတ်တော်ရှေ့နေ (စဉ်-၁၈၇၆၄) | တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၈၇၅) |

**အမှတ် (၄၆)၊ ပထမထပ် (ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၄၅၊ မြေကွက်အမှတ်- ၅၂၁၊ ဧရိယာ (၀.၀၅၅)ဧက၊ အကျယ် (၄၀'x၆၀')၊ မြေအမျိုးအစား- နှစ်(၆၀)ဂရန်မြေနှင့် ယင်းမြေပေါ်ရှိ အမှတ်- ၅၂၁၊ ရွှေဝါထွန်းလမ်း၊ ၄၅-ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော မြေနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့၏ မြို့မြေစာရင်း အမည်ပေါက်ပိုင်ရှင်များဖြစ်ကြသည့် ၁။ ဦးအောင်မိုး [၁၂/မရက(နိုင်)၀၆၄၀၄၉]၊ ၂။ ဒေါ်မြမြခိုင် [၁၂/မရက(နိုင်)၀၁၉၉၄၈]၊ ၃။ ဒေါ်နွယ်နွယ်အောင် [၁၂/မရက(နိုင်)၀၆၄၀၅၀]၊ ၄။ ဦးပြည့်ဖြိုးသူ [၁၂/ဒဂမ(နိုင်)၀၃၃၇၁၄]၊ ၅။ ဦးသက်ထူးဇင် [၁၂/ဒဂမ(နိုင်)၀၄၇၀၂၇] [၎င်းတို့၏ကိုယ်စား ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်- ၁၈၅၁၈/၂၀၂၃ (၁-၉-၂၀၂၃)ရရှိသူ ဦးရဲနောင် (ဘ) ဦးသောင်း [၁၂/ဥကတ(နိုင်)၁၁၉၅၂၁] မှ မိမိ တရားဝင်လက်ဝယ်ထားရှိပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်တို့မိတ်ဆွေက ဝယ်ယူရန် နှစ်ဖက်သဘောတူညီထားသည့် ရောင်းဖိုးငွေအနက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ (၇)ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| ဦးအေးမင်းဇော် | ဦးကျော်မင်းနိုင် |
|---|---|
| တရားလွှတ်တော်ရှေ့နေ (စဉ်-၁၈၇၆၅) | တရားလွှတ်တော်ရှေ့နေ (စဉ်-၁၈၇၆၃) |

**အမှတ် (၄၆)၊ ပထမထပ်(ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ရန်ကုန်တိုင်းဒေသကြီး၊ကြည့်မြင်တိုင်မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(၂၆အက်ဖ်[၁၀])၊ မြေကွက်အမှတ်(V-၂၁)၊ဧရိယာ(၀.၀၅၄)ဧကရှိနှစ်(၆၀)မြေငှားဂရန်မြေကွက်(အရပ်ခေါ် -ကြည့်မြင်တိုင်မြို့နယ်၊သာစုအရှေ့ရပ်ကွက်၊နိဗ္ဗာန်လမ်း၊အမှတ်(၄၈)ဟုခေါ်တွင်သော)မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိအကျိုးခံစားခွင့်အားလုံးတို့ကိုမြေအမည်ပေါက်ပိုင်ဆိုင်သူများဖြစ်သောဦးသန်းလွင်(၆/ကသန(နိုင်)၀၀၆၁၈၇)+၁တို့ထံမှကျွန်ုပ်၏မိတ်ဆွေကအပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်စရန်ငွေတချို့ကိုပေးချေထားပြီးဖြစ်ပါ၍ကန့်ကွက်လိုပါကဤကြော်ငြာစာထုတ်သည့်နေ့မှစ၍(၁၄)ရက်အတွင်းပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့်လာရောက်ကန့်ကွက်နိုင်ပါသည်။ကန့်ကွက်မှုမရှိပါကဥပဒေနှင့်အညီဆက်လက်အရောင်းအဝယ်ပြုလုပ်သွားမည်ဖြစ်ကြောင်းအများသိစေရန်ကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ –

| ဦးအောင်ကျော်ထွန်း**LL.B.,LL.M.** | ဒေါ်မြတ်မြတ်သွယ်**LL.B.** |
|---|---|
| တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၁၆၃) | အထက်တန်းရှေ့နေ(စဉ်-၅၃၅၀၃) |

တိုက်အမှတ်(၁၅၇/၁၆၉)၊အခန်းအမှတ်-**B-2**ပထမထပ်၊၃၆လမ်း(လယ်)၊ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ဖုန်း၀၉-၄၀၈၁၈၅၅၉၉။

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၇၀)၊ မြေကွက်အမှတ်(၁၁၇၇/ခ)၊ ဆုထူးပန်လမ်း၊ အကျယ်အဝန်း (၂၀ပေx ၆၀ပေ)ရှိ **မာရီမား (ခ)မရင်ကြည်(TME-၀၀၇၅၅၇)** အမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ **ဒေါ်သီတာဝင်း (TME-၀၀၆၂၃၄) [၁၂/တမန(နိုင်)၀၂၅၆၄၉]**မှ ပိုင်ဆိုင်မှုအရှုပ်အရှင်းကင်းရှင်း၍ ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောကြားလာသဖြင့် ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ **ဒေါ်ဖြိုးဇင်ကျော် [၁၂/တမန(နိုင်)၁၁၁၀၈၃]**မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေအဖြစ် (ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို) ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာချုပ်စာတမ်းမူရင်းအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ဖြိုးဇင်ကျော်၏ လွှဲအပ်ညွှန်ကြားချက်အရ-**

| ဒေါ်မွန်မွန်ချို (LL.B) | ဒေါ်စန္ဒာဝင်း(LL.B) |
|---|---|
| တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၂၆၈) | အထက်တန်းရှေ့နေ(စဉ်-၂၆၄၀၉) |

**အမှတ် (၈၂၈/က)၊ ကျွန်းရွှေမြိုင်လမ်း၊ (၁၈/စီ) ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၉-၂၅၀၆၈၅၇၁၇၊ ၀၉-၇၉၇၆၄၀၆၁၆၊ ၀၉-၅၀၇၉၉၇၈**

## ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၃၁)ရပ်ကွက်၊ မြေကွက်အမှတ်(၇၀၈)၏ မြေအကျယ်အဝန်း (၄၀x ၆၀)ပေရှိ ဦးထွန်းရွှေ [၁၂/သကတ(နိုင်)၁၁၁၈၂၂] အမည်ပေါက် မြေချပါမစ်မြေအမျိုးအစားမြေကွက်နှင့်တကွ ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား ရောင်းချပိုင်ခွင့်ရှိကြောင်းအဆိုပြုသူ ဦးစိုးနိုင်[၁၄/ကလန(နိုင်)၀၃၀၂၁၀]ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူက ဝယ်ယူရန်အတွက် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားများဖြင့် လူကိုယ်တိုင်လာရောက်ကန့်ကွက်အရေးဆိုနိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| ဦးဇော်မျိုးအောင်(စဉ်-၁၁၄၆၂) | ဒေါ်ခင်အေးသန်း(စဉ်-၉၁၁၉) |
|---|---|
| (LL.B,D.I.L) | (LL.B,D.B.L,D.I.L,WIPO switzerland) |

**(တရားလွှတ်တော်ရှေ့နေများ)**
**အမှတ်(၁၀/၁၂)၊ ပထမထပ်၊ ၃၅-လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၉-၂၅၃၁၁၈၀၁၄၊ ၀၉-၄၂၀၂၆၆၀၆၁၊ ၀၉-၄၅၇၇၅၁၂၄၁**

## အများသိစေရန်ကြေညာခြင်း

